# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# (၁၅) ရက်မြောက်နေ့ မှတ်တမ်း

မူကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၅) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း- | ၅ |
| ၆ | (က) ဦးတင်နု(ခ)ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ မာန်အောင်မြို့နယ်၌ လေယာဉ်ကွင်းတိုးချဲ့ရာတွင် အိမ်ခြံမြေ ပါဝင်နေသော နစ်နာသူ (၅)ဦးအား ထိုက်သင့်သော လျော်ကြေးငွေ ပေးအပ်နိုင်ရေး မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၇ | (ခ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ အုတ်တွင်းမြို့နယ်၊ မြက်နီကွင်းကျေးရွာအုပ်စု၊ လှေဆွဲမြောင်း၊ ချောင်းကျိုး၊ မငြိမ်းစုကျေးရွာ များနှင့် ရေအိုးစဉ်ကျေးရွာအုပ်စုရှိ သောင်ပု၊ သောင်တန်း ကျေးရွာ တို့တွင် စစ်တောင်းမြစ်ကမ်းပါး ပြိုကျမှုအတွက် ကာကွယ်မှုပြုလုပ် ပေးပါရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၈ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော "ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း | ၁၃ |

| | | |
|---|---|---|
| ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် "ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၁၄ |
| ၁၀ | ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်က တင်သွင်းသည့် "တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ တိုက်တွန်းသည့်" အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း- | ၃၀ |
| ၁၁ | အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၉၂ |
| ၁၂ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၁၀၄ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## (၁၅)ရက်မြောက်နေ့ အစီအစဉ်

## [ ၇–၃–၂၀၁၇ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးတင်နု(ခ)ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင်မြို့နယ်၌ လေယာဉ်ကွင်းတိုးချဲ့ရာတွင် အိမ်ခြံမြေ ပါဝင်နေသော နစ်နာသူ (၅)ဦးအား ထိုက်သင့်သော လျော်ကြေးငွေ ပေးအပ်နိုင်ရေး မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **အုတ်တွင်းမြို့နယ်၊ မြက်နီကွင်း ကျေးရွာအုပ်စု၊ လှေဆွဲမြောင်း၊ ချောင်းကျိုး၊ မငြိမ်းစုကျေးရွာ များနှင့် ရေအိုးစဉ်ကျေးရွာအုပ်စုရှိ သောင်ပု၊ သောင်တန်း ကျေးရွာ တို့တွင် စစ်တောင်းမြစ်ကမ်းပါး ပြိုကျမှုအတွက် ကာကွယ်မှုပြုလုပ် ပေးပါရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **"ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်း လိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၇။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **"ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်က တင်သွင်းသည့် **"တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ တိုက်တွန်းသည့် "** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်၊

(ခ) ဒေါ်ခင်စန္ဒီ၊ လောင်းလုံး မဲဆန္ဒနယ်၊

(ဂ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၊

(ဃ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၊

(င) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၊

(စ) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၊

(ဆ) ဦးမြင့်ထွန်း၊ တန့်ဆည် မဲဆန္ဒနယ်၊

(ဇ) ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၊

(ဈ) ဒေါ်ပြုံးကေသီနိုင်၊ ကလော မဲဆန္ဒနယ်၊

(ည) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၊

(ဋ) ဦးကျော်စိုးလင်း၊ ပြည်ကြီးတံခွန် မဲဆန္ဒနယ်၊

(ဌ) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၊

(ဍ) ဒေါက်တာဦးခင်မောင်မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၊

(ဎ) ဦးမြင့်လွင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၊

(ဏ) ဦးအောင်ခင်ဝင်း၊ မြိုင် မဲဆန္ဒနယ်၊

(တ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၊

(ထ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၊

(ဒ) ဒေါ်စိုးနွယ်အေး၊ တံတားဦး မဲဆန္ဒနယ်၊

(ဓ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၊

(န) ဒေါ်နန်းသန်းသန်းလွင်၊ ဘားအံ မဲဆန္ဒနယ်၊

(ပ) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၊

(ဖ) ဦးအောင်စိုး၊ ယင်းမာပင် မဲဆန္ဒနယ်၊

(ဗ) ဦးအင်ထုံးခါးနော်ဆမ်၊ မြစ်ကြီးနား မဲဆန္ဒနယ်၊

(ဘ) ဒေါက်တာဦးလှိုင်မြင့်ဟန်၊ ကန့်ဘလူ မဲဆန္ဒနယ်၊

(မ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၁၅)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
## (၂၀၁၇ ခုနှစ်၊ မတ်လ ၇ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၇၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ မတ်လ ၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြ သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၁ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၂) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း ခွင့် ၄ ရက်၊

(၃) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၃ ရက်၊

(၄) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၄ ရက်၊

(၅) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၃ ရက်၊

(၆) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၃ ရက်၊

(၇) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၈) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊

(၉) မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် ခွင့် ၄ ရက်၊

(၁၀) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊

(၁၁) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၂) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ)ဒေါက်တာတင်ဌေးအောင် ခွင့် ၄ ရက်၊

(၁၃) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၃ ရက်၊

(၁၄) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၃ ရက်၊

(၁၅) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၃ ရက်၊

(၁၆) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၄ ရက်၊

(၁၇) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်၊

(၁၈) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၂ ရက်၊

(၁၉) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၄ ရက်၊

(၂၀) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၄ ရက်၊

(၂၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၂၂) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန်းလှိုင်ဝင်း ခွင့် ၄ ရက်၊

(၂၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်ဝင်း ခွင့် ၄ ရက်၊

(၂၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြတ်သိန်း ခွင့် ၄ ရက်၊

(၂၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဟန်စိုးထွဋ် ခွင့် ၄ ရက်၊

(၂၆) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၃ ရက်၊

(၂၇) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း ခွင့် ၄ ရက်၊

(၂၈) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၃ ရက်၊

**မူကြမ်း**

(၂၉) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၃၀) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊

(၃၁) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်နှင့်

(၃၂) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၃၂ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ ၃၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မာန်အောင်မြို့နယ်၌ လေယာဉ်ကွင်းတိုးချဲ့ရာတွင် အိမ်ခြံမြေပါဝင်နေသော နစ်နာသူ(၅)ဦးအား ထိုက်သင့်သောလျော်ကြေးငွေပေးအပ်နိုင်ရေး မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်နု(ခ)တင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)ဦးတင်နုအောင် ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ မာန်အောင်မြို့နယ် လေယာဉ်ပျံကွင်းတိုးချဲ့ရာမှာ ပါဝင်နေတဲ့နစ်နာသူ ပြည်သူငါးဦးအတွက် ထိုက်သင့်သောလျော်ကြေးငွေရရှိရေး ဘယ်လိုဆောင်ရွက်ထားသလဲဆိုတာကိုသိလိုပါ၍ နစ်နာသူပြည်သူများ၏ကိုယ်စား ဤမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မာန်အောင်ကျွန်းဟာ ရခိုင်ပြည်နယ်အတွင်းမှာရှိပြီး မြန်မာနိုင်ငံမှာ ဒုတိယအကြီးဆုံးကျွန်းဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော်ထဲမှာရှိပါတယ်။ ပြည်နယ်အတွင်းမှာရှိတဲ့ မြို့များကိုသွားလာရာမှာ ပင်လယ်ရေကြောင်းတစ်ခုတည်းကိုသာ ယခင်ကအားထားခဲ့ရပါတယ်။ နိုင်ငံတော်က ၂၀၁၅ ခုနှစ်မှာ လေယာဉ်ပျံကွင်းတစ်ခုပြုလုပ်ပေးခဲ့လို့ ၂၀၁၆ ခုနှစ်ကစပြီး စစ်တွေ၊ ကျောက်ဖြူနဲ့ ရန်ကုန်မြို့တွေကို လေကြောင်းနဲ့အလွယ်တကူသွားလာနိုင်ပြီမို့ ခရီးသွားလာရေးမှာ များစွာအဆင်ပြေခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လေယာဉ်ကွင်းတိုးချဲ့တည်ဆောက်စဉ်က အိမ် ၃၅ အိမ်ကိုပြောင်းရွှေ့စေခဲ့ပါတယ်။ ဒီလိုပြောင်းရွှေ့ခဲ့ရာမှာ အိမ် ၃၂ အိမ်ဟာ ထိုက်သင့်သောလျော်ကြေးငွေရလို့ အလွယ်တကူ

ပြောင်းရွှေ့နိုင်ခဲ့ပေမယ့် ကျန် သုံးအိမ်နဲ့ စာရင်းမှာမပါသေးတဲ့ အထောက်အထားပိုင်ဆိုင်မှုရှိသူ နှစ်ဦး စုစုပေါင်း ငါးဦးဟာ ထိုက်သင့်သောလျော်ကြေးငွေမရလို့ ယနေ့ထိမပြောင်းရွှေ့နိုင်သေးဘဲဖြစ်နေပါတယ်။ နစ်နာကြေးသတ်မှတ်ရာမှာ လက်ရှိကာလပေါက်ဈေးထက် အဆမတန်နည်းနေတဲ့အတွက် အိမ်ဖျက်ခ၊ ပြောင်းရွှေ့ခ၊ မြေကွက်ဝယ်ပြီးအိမ်အသစ်ဆောက်ခစရိတ်တို့ဟာ လျော်ကြေးငွေနဲ့မလုံလောက်တဲ့အတွက် မပြောင်းရွှေ့နိုင်ဘဲဖြစ်နေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မပြောင်းရွှေ့လို့ဆိုပြီး အဲဒီ ငါးဦးဟာ တရားရုံးမှာတရားစွဲဆိုခံနေကြရပါတယ်။ ကိုယ့်ပစ္စည်းနဲ့ကိုယ် တရားခံများဖြစ်နေကြရပါပြီ။ အဲဒီကိစ္စကို ပြည်ထောင်စုဝန်ကြီးများ ရခိုင်ပြည်နယ် စစ်တွေမြို့ကိုရောက်ရှိစဉ်က မာန်အောင်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမောင်က တင်ပြခဲ့တယ်လို့သိရှိခဲ့ရပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း နစ်နာသူ ငါးဦးနဲ့အတူ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နဲ့သွားရောက်တွေ့ဆုံပြီး ဖြစ်ရပ်မှန်ကိုတင်ပြခဲ့ပါတယ်။ ဒါပေမဲ့ ဘာမှထူးခြားမလာခဲ့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ လေယာဉ်ကွင်းတိုးချဲ့ရာတွင်ပါဝင်ပြီး မပြောင်းရွှေ့နိုင်ဖြစ်နေတဲ့ ပြည်သူ ငါးဦးဟာ တရားရုံးမှာတရားခံအဖြစ်နဲ့ ယခုစစ်ဆေးခံနေရပါပြီ။ မကြာမီသောကာလအတွင်းမှာ ထောင်နန်းစံရမယ့်အခြေအနေဖြစ်နေပါတယ်။ ပြည်သူ့အစိုးရလက်ထက်မှာ အပြစ်မရှိတဲ့ပြည်သူများ ထောင်နန်းစံရမယ်ဆိုတာ မဖြစ်သင့်မဖြစ်အပ်တော့ပါဘူးခင်ဗျား။ ပြည်သူ့အစိုးရအနေနဲ့ မပြောင်းရွှေ့နိုင်ဖြစ်နေတဲ့ ပြည်သူ ငါးဦးအတွက် နစ်နာမှုမရှိအောင် မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် နစ်နာသူပြည်သူများ၏ကိုယ်စား သက်ဆိုင်ရာသို့မေးမြန်းပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)ဦးတင်နုအောင်ရဲ့ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၌ လေယာဉ်ကွင်းတိုးချဲ့ရာတွင် အိမ်ခြံမြေပါဝင်နေတဲ့ နစ်နာသူ

ငါးဦးအား ထိုက်သင့်သောလျော်ကြေးငွေပေးဆပ်နိုင်ရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထား သည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပို့ဆောင်ရေးနှင့်ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်ဦးကျော်မျိုးက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

မာန်အောင်(စမုံတဲ)လေယာဉ်ကွင်းဟောင်းကို ပြန်လည်မွမ်းမံတည်ဆောက်ပေးရန် ပထမ အကြိမ် ပြည်သူ့လွှတ်တော်နဲ့အမျိုးသားလွှတ်တော်တွေမှာ ကြယ်ပွင့်ပြမေးခွန်းများမေးမြန်းခဲ့သဖြင့် ယခင်ပို့ဆောင်ဝန်ကြီးဌာနက လေယာဉ်ပြေးလမ်းသစ်၊ လေယာဉ်ရပ်နားနေရာ၊ လေဆိပ်အဆောက် အဦနဲ့ လေဆိပ်ခြံစည်းရိုးလုပ်ငန်းတွေကိုဆောင်ရွက်ခဲ့ပြီးတော့ ၂၅-၁၂-၂၀၁၅ ခုနှစ်မှာ မာန်အောင် လေယာဉ်ကွင်းစတင်ဖွင့်လှစ်ခဲ့ပြီး Caravan လေယာဉ်ငယ်များနဲ့ လေယာဉ်ခရီးစဉ်များ ပျံသန်း ပြေးဆွဲလျက်ရှိပါတယ်။

ဆက်လက်ပြီး မာန်အောင်လေယာဉ်ကွင်းမှာ ဝန်ပိုမိုတင်ဆောင်နိုင်တဲ့ လေယာဉ်များဆင်း သက်အသုံးပြုနိုင်ရန်အတွက် လက်ရှိလေယာဉ်ပြေးလမ်း ပေ ၄၀၀၀ x ပေ ၁၀၀ ကို ပေ ၇၀၀၀ x ပေ ၁၀၀ ရရှိသည်အထိ ပြေးလမ်းတောင်ဘက်သို့ အလျား ပေ ၃၀၀၀ ထပ်မံတိုးချဲ့နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှပါဝင်တဲ့ ပူးပေါင်းကွင်းဆင်းစိစစ်ရေးအဖွဲ့နဲ့ မြေပြင်ကွင်းဆင်းတိုင်းတာ စစ်ဆေးမှုများပြုလုပ်ပြီး ပြေးလမ်းတိုးချဲ့မယ့်ဧရိယာအတွင်းဦပါဝင်သွားတဲ့ မြေယာ၊ သီးနှံပင်များနဲ့ အဆောက်အဦတွေအတွက် လျော်ကြေးပေးချေနိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီနဲ့ မြို့မိမြို့ဖတို့မှ နှစ်ရှည်ခြံပိုင်ရှင်များအား တွေ့ဆုံ ဆွေးနွေးခဲ့ကြပြီး တောင်သူများက ၎င်းတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေနပ်စွာလျော်ကြေးငွေ များလက်ခံရယူရန် သဘောတူညီခဲ့တဲ့အတွက် သက်ဆိုင်ရာမြို့နယ်မြေယာစီမံခန့်ခွဲရေးကော်မတီက သတ်မှတ်နှုန်းထားများအတိုင်း တွက်ချက်ထားတဲ့သီးနှံလျော်ကြေးငွေကျပ် ၉၇.၅၅၇ သန်း၊ မြေယာ လျော်ကြေးငွေကျပ် ၄၂.၈၀၈ သန်းနဲ့ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းအတွက် ငွေ ကျပ် ၂၃၈.၂၉၃ သန်း စုစုပေါင်း လျော်ကြေးငွေကျပ် ၃၇၈.၆၅၈ သန်းကိုပေးချေနိုင်ရေး ဆောင်ရွက်ပေးရန် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးမှ ယခင်ပို့ဆောင်ရေးဝန်ကြီးဌာနသို့ ညှိနှိုင်းခဲ့ပါတယ်။

ယခင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက မာန်အောင် လေယာဉ်ကွင်းအတွက် လျော်ကြေးငွေပေးချေရန် ၂၀၁၅-၂၀၁၆ ခုနှစ်ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ တောင်းခံပြီး လျော်ကြေးငွေစုစုပေါင်း ကျပ် ၃၇၈.၆၅၈ သန်းကို ၂၃-၃-၂၀၁၆ ရက်စွဲပါ ချက်အမှတ်

ကင-၀၁၁၂၃၈ ဖြင့် ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်တွေမြို့သို့ပေးချေခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းလျော်ကြေးငွေများကို မာန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူပြီး မာန်အောင်လေယာဉ်ကွင်း တိုးချဲ့ဧရိယာတွင်ပါဝင်သွားတဲ့ တောင်သူ ၃၅ ဦးရဲ့ မြေယာ၊ အဆောက်အဦနဲ့သီးနှံလျော်ကြေးတွေပေးအပ်ခဲ့ရာမှာ တောင်သူ ၃၁ ဦးက ငွေကျပ် ၁၁၄.၅၈၈ သန်းကိုလက်ခံရယူခဲ့ပါတယ်။ ကျန်တောင်သူ လေးဦးကတော့ လျော်ကြေးငွေနှုန်းထားကို တိုးမြှင့်တောင်းဆိုခဲ့ကြပြီး လက်ခံခြင်းမရှိတဲ့အတွက် ၎င်းတို့အတွက် ပေးအပ်ရန်ကျန်ရှိတဲ့ငွေကျပ် ၂၅.၇၇၇ သန်းကို မာန်အောင်မြို့ မြန်မာ့စီးပွားရေးဘဏ်မှာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ ငွေစာရင်းအမှတ်(CF-00082)ဖြင့် စာရင်းဖွင့်လှစ်အပ်နှံထားရှိပြီး ပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနက အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ မာန်အောင်မြို့နယ်၊ လေယာဉ်ကွင်းတိုးချဲ့ရာမှာ နစ်နာတောင်သူ ငါးဦးဖြစ်တဲ့ ဒေါ်ခင်မြလွင်၊ ဦးဖြူသီးခိုင်၊ ဦးတာနီ၊ ဦးတင်နု၊ ဦးချမ်းပုတို့အနက် ဒေါ်ခင်မြလွင်မှာ လယ်ယာမြေပါဝင်ပြီး အဆောက်အဦပါဝင်မှုမရှိပါ။ ဦးဖြူသီးခိုင်၊ ဦးတင်နုနဲ့ ဦးတာနီ သုံးဦးမှာ လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အဆောက်အဦဆောက်လုပ်ထားသဖြင့် ၎င်းတို့သုံးဦးကိုဖယ်ရှားရန် အကြိမ်ကြိမ်အကြောင်းကြားခဲ့သော်လည်း လိုက်နာမှုမရှိတဲ့အတွက် တရားဥပဒေအရအရေးယူဆောင်ရွက်ရန် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အစည်းအဝေးအမှတ်စဉ်(၅/၂၀၁၆) ဆွေးနွေးချက်အပိုဒ် ၅ အပိုဒ်ခွဲ(က)အရ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၃၅ ဖြင့် ဦးတင်နု၊ ဦးဖြူသီးခိုင်၊ ဦးတာနီတို့ကို ၄-၄-၂၀၁၆ ရက်နေ့မှာ မာန်အောင်မြို့နယ်တရားရုံး၌ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက တရားစွဲဆိုထားခြင်းဖြစ်ပါတယ်။ ဦးချမ်းပုကတော့ လျော်ကြေးပေးအပ်ရမယ့်စာရင်းမှာမပါဘဲ လေယာဉ်ကွင်းဧရိယာအတွင်းရှိ ပြေးလမ်းမြောက်ဘက်ထိပ်မှာ ယခင်ကတည်းရှိခဲ့တဲ့ အများပြည်သူသွားလာအသုံးပြုနေတဲ့ လမ်းနယ်နိမိတ်ကိုကျူးကျော် ဝင်ရောက်ပြီး ခြံစည်းရိုးခတ်ကာရံထားမှုကြောင့် စမုံတဲရွာသူ၊ ရွာသားများက သွားလာရေးခက်ခဲတဲ့အတွက် မာန်အောင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ တိုင်ကြားလာတဲ့အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်မြေစာရင်းရုံးတို့က တရားစွဲဆိုထားခြင်းဖြစ်ကြောင်းနှင့် ဦးချမ်းပုမှာလျော်ကြေးပေးချေရမယ့် တောင်သူစာရင်းတွင်မပါဝင်ဘဲ အပင်များကျူးကျော်စိုက်ပျိုးထားပြီး လျော်ကြေးရလိုမှုတောင်းဆိုသူသာဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ သိရှိရပါတယ်။

**မူကြမ်း**

မာန်အောင်လေယာဉ်ကွင်း လျော်ကြေးပေးချေရာမှာ လက်ခံရယူခြင်းမပြုဘဲ ဈေးနှုန်းတိုးမြှင့်တောင်ခံလာတဲ့ တောင်သူလေးဦး ဒေါ်ခင်မြလွင်၊ ဦးဖြူသီးခိုင်၊ ဦးတင်နုနဲ့ ဦးနီတာတို့အနက် ဒေါ်ခင်မြလွင်က သီးနှံ၊ သီးပင်စားပင်နှင့် မြေတန်ဖိုးအတွက် လျော်ကြေးငွေကျပ် ၁.၂၆ သန်းကို လက်ခံမည်ဟုဆိုသဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လျော်ကြေးငွေကို ဘဏ်မှထုတ်ထားပြီးမှ ဒေါ်ခင်မြလွင်အနေနဲ့ လာရောက်ထုတ်ယူခြင်းမရှိလို့ အဲဒီလျော်ကြေးငွေကို ဘဏ်မှာပြန်လည်အပ်နှံထားခဲ့ကြောင်း သိရှိရပါတယ်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ အနာဂါတ်ကာလမှာ မာန်အောင်လေယာဉ်ကွင်းတိုးချဲ့တည်ဆောက်ရေးအတွက်ရည်မှန်းပြီး တိုးချဲ့လေယာဉ်ပြေးလမ်းအပိုင်းမှာပါဝင်သွားတဲ့ မြေယာများကိုပြောင်းရွှေ့ပေးခဲ့ခြင်းဖြစ်ပြီး ပို့ဆောင်ရေးနဲ့ဆက်သွယ်ရေးဝန်ကြီးဌာအနေနဲ့ မြေယာလျော်ကြေးပေးချေခြင်းနဲ့ လေယာဉ်ကွင်းတိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများကိုသာ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မာန်အောင်လေယာဉ်ပြေးလမ်းတိုးချဲ့ရာတွင် ပါဝင်သွားသောမြေယာများ အတွက်လျော်ကြေးငွေကိုသက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီက သတ်မှတ်နှုန်းထားအတိုင်းပေးလျော်ခဲ့ပြီးဖြစ်ပါကြောင်းနဲ့ လျော်ကြေးထုတ်ယူခြင်းမရှိသေးတဲ့ တောင်သူလေးဦးအတွက်ပေးလျော်ရန်ကျန်ရှိတဲ့ငွေကျပ် ၂၅.၇၇၇ သန်းကို ၎င်းတို့လာရောက်ထုတ်ယူချိန်မှာ ပေးအပ်နိုင်ရေးအတွက် မာန်အောင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဘဏ်တွင်စာရင်းဖွင့်လှစ်အပ်နှံထားပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးတင်နု(ခ)တင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးခွင့်ပြုပါခင်ဗျား။ အခုလျော်ကြေးသတ်မှတ်ပေးတာဟာ မြေစာရင်းဦးစီးဌာနကတင်ပြတဲ့ လယ်ယာမြေရဲ့တန်ဖိုးနဲ့တွက်ချက်ပြီးပေးထားကြောင်း သိရှိရပါတယ်။ ပကတိအခြေအနေမှန်က ဒီဟာကရွာမြေပါ။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ရွာမြေအဖြစ်စာရင်းပေါက်နေတာ အနှစ် ၁၀၀ ကျော်ပါပြီ။ ဝန်ထမ်းတွေက ကိုယ့်အလုပ်ကိုကိုယ်မလုပ်ခဲ့လို့ ပြည်သူတွေနစ်နာခဲ့ရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပကတိအခြေအနေမှန်ဖြစ်တဲ့ အထွေထွေအုပ်ချုပ်ရေး

ဦးစီးဌာနမှာစာရင်းပေါက်နေတဲ့ ရွာမြေရဲ့တန်ဖိုးနဲ့တွက်ချက်ပြီး လျော်ကြေးပေးမည်ဆိုပါက ရနိုင်၊ မရနိုင်ကို သိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်စောစောက တင်ပြခဲ့တဲ့အတိုင်း ကျွန်တော်တို့ မြေယာလျော်ကြေးတွက်ချက်သတ်မှတ်တဲ့ဟာနဲ့ ပြောင်းရွှေ့ပေးတဲ့ဟာကတော့ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးကနေ ဆောင်ရွက်တဲ့ကိစ္စဖြစ်ပါတယ်ခင်ဗျား။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဌာနအနေနဲ့ကတော့ ဒေသအာဏာပိုင်များက သတ်မှတ်ပေးတဲ့ လျော်ကြေးငွေကို ကျွန်တော်တို့က တင်ပြတောင်းခံပြီးတော့ ဒေသကိုပဲပေးချေရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနကတင်ပြခဲ့တဲ့အတိုင်း ကျွန်တော်တို့ အားလုံးပေါင်း ၃၅ ဦးရှိတဲ့အထဲမှာ ၃၁ ဦးကတော့ ကျေကျေနပ်နပ်နဲ့လက်ခံထားပြီး ဖြစ်တဲ့အတွက် ကျန်တဲ့လူများအနေနဲ့ ခုနကပြောသလို ဒီဟာက ဒေသဆိုင်ရာအာဏာပိုင်တွေကိုတင်ပြပြီးတော့ ညှိနှိုင်းဖို့လိုအပ်မယ်လို့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**အုတ်တွင်းမြို့နယ်၊ မြက်နီကွင်းကျေးရွာအုပ်စု၊ လှေဆွဲမြောင်း၊ ချောင်းကျိုး၊ မငြိမ်းစုကျေးရွာများနှင့် ရေအိုးစဉ်ကျေးရွာအုပ်စုရှိ သောင်ပု၊ သောင်တန်းကျေးရွာတို့တွင် စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုအတွက် ကာကွယ်မှုပြုလုပ်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုမေး မြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ စစ်တောင်းမြစ်ကမ်းအနီးရှိသော မြက်နီကွင်းကျေးရွာအုပ်စုရှိ လှေဆွဲမြောင်းကျေးရွာ၊ ချောင်းကျိုးကျေးရွာ၊ မငြိမ်းစုကျေးရွာများနှင့် ရေအိုးစဉ်ကျေးရွာအုပ်စုရှိ သောင်ပု၊ သောင်တန်းကျေးရွာတို့တွင် စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုအတွက် ကာကွယ်မှုပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးပါမည်နည်းတို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းရတဲ့အကြောင်းရင်းကို

တင်ပြလိုပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ အုတ်တွင်းမြို့နယ်၊ မြက်နီကွင်းကျေးရွာအုပ်စုရှိ လှေဆွဲမြောင်းကျေးရွာ၊ ချောင်းကျိုးကျေးရွာ၊ မငြိမ်းစုကျေးရွာများနှင့် ရေအိုးစဉ်ကျေးရွာအုပ်စုရှိ သောင်ပု၊ သောင်တန်းကျေးရွာတို့သည် စစ်တောင်းမြစ်ကမ်းအနီးတွင် တစ်ဆက်တည်းတည်ရှိကြပြီး လွန်ခဲ့သော ၁၅ နှစ်ခန့်မှစ၍ စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် ဘုန်းတော်ကြီးကျောင်းများ၊ အခြေခံမူလတန်းလွန်ကျောင်းများနှင့် လူနေအိမ်ခြေများသည် အခြားမြေနေရာများသို့ ပြောင်းရွှေ့ရခြင်းဒုက္ခများကို နှစ်စဉ်မပြတ် တစ်ပြိုင်နက်ခံစားနေခဲ့ရပါတယ်။ ထိုသို့ပြောင်းရွှေ့ရာတွင်လည်း ပြောင်းရွှေ့ရသည့်အဆောက်အဦများသည် ရေနက်သို့သာ ပြောင်းရွှေ့နေထိုင်ရပြီး စစ်တောင်းမြစ်ရေကြီးချိန်တွင် ရေဘေးဒုက္ခနှင့်ရင်ဆိုင်ရသည့်အပြင် အင်းအတွင်းသို့ မြစ်ကျိုးကျမည့်အခြေအနေ နှင့် ရင်ဆိုင်ကြုံတွေ့လာနိုင်ဖွယ်ရှိခြင်း၊ ခြံများကိုနောက်ဆုတ်ကာ အိမ်ပြန်ဆောက်ရသည့်အတွက် မိမိတို့လုပ်ကိုင်နေသော လယ်ယာမြေပါ ဆုံးရှုံးရခြင်း၊ ဆက်လက်မြေပြိုကျနေပါက ပြောင်းရွှေ့နေရမည့်အိမ်များ ခြံမြေမရှိခြင်းတို့ကြောင့် ပြေးစရာမြေမရှိတော့သည့်အခြေအနေသို့ ရောက်ရှိနေပါတယ်။ အိမ်ထောင်စု ၃၀၀ ခန့်ရှိတဲ့ လှေဆွဲမြောင်းကျေးရွာတွင် အိမ်ထောင်စု ၉၅ အိမ်၊ အိမ်ခြေပေါင်း ၇၀ ရှိတဲ့ ချောင်းကျိုးကျေးရွာတွင် အိမ်ခြေ ၂၀၊ အိမ်ထောင်စု ၅၀ ခန့်ရှိတဲ့ မငြိမ်းစုကျေးရွာတွင် အိမ်ခြေ ၁၅ အိမ်နဲ့ အိမ်ခြေပေါင်း ၃၂၅ အိမ်ရှိတဲ့ သောင်ပု၊ သောင်တန်းကျေးရွာ နှစ်ရွာတွင် အိမ်ခြေပေါင်း ၁၅၀ ခန့်တို့ဟာ အခြားမြေနေရာများသို့ ဆုတ်ခွာ၍ အသစ်ပြန်လည်ဆောက်လုပ်နေခဲ့ရခြင်းဖြင့် ငွေကြေးများလည်း များစွာကုန်ကျပြီး လူမှုဒုက္ခပေါင်းစုံကိုလည်း ရင်ဆိုင်ခဲ့ကြရပါတယ်။ လက်ရှိမြစ်ကမ်းပါးနှင့် နီးစပ်သောနေရာများတွင် နေထိုင်သူများအနေနဲ့လည်း ညအချိန်မတော် ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျပါက အသက်အန္တရာယ်ကိုပါ ထိခိုက်နိုင်သောကြောင့် သေနတ်မကြောက်၊ ကမ်းပါးကြောက်နေရပါတယ်ဟု ပြောဆိုနေမှုများကိုလည်း ကြားသိခဲ့ရပါတယ်။ ကမ်းပါးပြိုကျခြင်းဟာ မြစ်ရေကြီးပြီး ကမ်းပါးများကိုတိုက်စားခြင်းဖြစ်တာကြောင့် ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝအန္တရာယ်မျိုးလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ Power Point မှာ ကမ်းပါးပြိုကျခြင်းမှတ်တမ်းဓာတ်ပုံများပါဝင်ပါတယ်။ နိဂုံးချုပ်အနေဖြင့်ကတော့ လက်ရှိအခြေအနေမှာလည်း ကြိုတင်ကာကွယ်မှုများမပြုလုပ်နိုင်ပါက ပြေးစရာမြေလည်းမရှိတော့သည့်အတွက် စစ်တောင်းမြစ်ကမ်းပါးအနီးနေ ဒေသခံပြည်သူများကိုယ်စား အထက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ စစ်တောင်းမြစ်ကမ်းအနီးရှိ မြက်နီကွင်းကျေးရွာအုပ်စု၊ လှေဆွဲမြောင်းကျေးရွာ၊ ချောင်းကျိုးကျေးရွာ၊ မငြိမ်းစုကျေးရွာများနှင့် ရေအိုးစဉ်ကျေးရွာအုပ်စုရှိ သောင်ပု၊ သောင်တန်းကျေးရွာတို့တွင် စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုအတွက် ကာကွယ်မှုပြုလုပ်ပေးပါရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးပါမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်ဦးကျော်မျိုးက ဖြေကြားမှာ ဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပဲခူးတိုင်းဒေသကြီးအတွင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုသီးသန့်ရန်ပုံငွေကျပ် ၅၇၃.၀၀ သန်းနဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတစ်ခု၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ မူလခွင့်ပြုရန်ပုံငွေကျပ် ၁၂၄၁.၄၅၅ သန်းနဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းရှစ်ခု၊ ဖြည့်စွက်ရန်ပုံငွေကျပ် ၇၁.၄၀၀ သန်းနဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတစ်ခု စုစုပေါင်း လုပ်ငန်း ၁၀ ခုကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီထဲမှာတော့ လုပ်ငန်းခြောက်ခုက ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ပါတယ်။ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၁၈-၂-၂၀၁၇ ရက်နေ့မှာ မြေပြင်ကွင်းဆင်းစစ်ဆေးမှုများအရ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းလာတဲ့ မြက်နီကွင်းကျေးရွာအုပ်စု၊ လှေဆွဲမြောင်း၊ ချောင်းကျိုးနဲ့ မငြိမ်းစုကျေးရွာများ၊ ရေအိုးစဉ်ကျေးရွာအုပ်စု၊ သောင်ပုနဲ့ သောင်တန်းကျေးရွာများတွင် ကမ်းပြိုမှုဖြစ်ပေါ်နေသော စုစုပေါင်းအလျားမှာ ၁၅၀၀၀ ပေခန့်ရှိပါတယ်။ အဲဒီကျေးရွာများရဲ့ကမ်းပြိုတည်နေရာပြပုံကို Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ အဲဒီကျေးရွာများအနက် လှေဆွဲမြောင်းကျေးရွာနဲ့ ချောင်းကျိုးကျေးရွာတို့မှာ အလျားပေ ၃၅၀၀ ခန့် အဆိုးရွားဆုံး ကမ်းပြိုလျက်ရှိကြောင်း တွေ့ရှိခဲ့ရပါတယ်။ ကမ်းပြိုတဲ့မှတ်တမ်းဓာတ်ပုံများကို လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ပြသွားပြီးဖြစ်ပေမယ့် ထပ်မံတင်ပြခွင့်ပြုပါခင်ဗျား။ဒါကတော့ မငြိမ်းစုကျေးရွာ၊

ဒါကတော့ သောင်ပု။ မငြိမ်းစုကျေးရွာဖြစ်ပါတယ်။ ဒါကတော့ သောင်ပုကျေးရွာနဲ့ သောင်တန်းကျေးရွာဖြစ်ပါတယ်။ ဒါကတော့ ခုနကတင်ပြခဲ့တဲ့ အဆိုးရွားဆုံးကမ်းပြိုမှုဖြစ်ပွားခဲ့တဲ့ လှေဆွဲမြောင်းကျေးရွာနဲ့ ချောင်းကျိုးကျေးရွာတို့ မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။အဲဒီ ကျေးရွာတွေမှာ ကမ်းပြိုနေမှုဖြစ်ပေါ်နေတဲ့ စုစုပေါင်းအလျား ၁၅၀၀၀ ပေခန့်ကို ကမ်းပြိုကာကွယ်မှုပြုလုပ်ပေးရန်နှစ်တန်းသွားမျောတိုင်တန်းကျောက်ဖြည့်အခြေထိန်းရေကာ ပေ ၁၅၀၀၀ နဲ့ မျောကရစ်ကွက် ၂၂၅၀၀ စတုရန်းပေတည်ဆောက်ပေးရန်လိုအပ်ပြီး အဆိုပါလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ် ၁၆၁၇.၂၀ သန်းဖြစ်ကြောင်း တွက်ချက်ရရှိပါတယ်။

အဆိုပါလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ(BE)နဲ့ ဖြည့်စွက်ရန်ပုံငွေ(RE)တို့မှာ မပါဝင်ခဲ့တဲ့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ(BE)တွင်လည်း ထည့်သွင်းရေးဆွဲထားမှုမရှိခဲ့ကြောင်း သိရှိရပါတယ်။ မြေပြင်ကွင်းဆင်းစစ်ဆေးမှုအရ ကမ်းပြိုနေရာများအနက်မှ လတ်တလော ကမ်းပြိုကာကွယ်မှုပြုရန် အဆိုးရွားဆုံးဖြစ်ပေါ်နေတဲ့ လှေဆွဲမြောင်းနဲ့ ချောင်းကျိုးကျေးရွာတို့ရှိ ကမ်းပြိုအလျားပေ ၃၅၀၀ အတွက် ခန့်မှန်းကုန်ကျစရိတ် ကျပ် ၃၇၇.၃၀ သန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့အစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကုန်ကျစရိတ်ပိုမိုများပြားလာပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော ဥပဒေဆိုင်ရာ

**မူကြမ်း**

အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၈-၂-၂၀၁၇ ရက်နေ့မှာ အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ၏ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၉-၃-၂၀၁၇ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် ရေးအရင်းအမြစ်နှင့် မြစ်ချောင်း များဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာနက တင်သွင်းသော ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ (၉-၂-၂၀၁၇ ရက်နေ့)မှာ ဥပဒေကြမ်းကော်မတီမှ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေ ကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေ နဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသား ဖော်ပြ၍ ၁၃-၂-၂၀၁၇ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ် ကိုးဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြု ခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲ များနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်းအတည်ပြုနိုင်ရေးတင်ပြ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲလိုက် ဆွေးနွေးခြင်း များပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀၊ နည်းဥပဒေခွဲ(ဃ)အရ ရေရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ခုနစ်ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီရဲ့ အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ရေရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာခဲ့ပါတယ်။ ယင်းဥပဒေကြမ်းအား ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ဖြစ်သည့် (၉-၂-၂၀၁၇ ရက်) ကြာသပတေးနေ့တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက် အဆိုများကို ၁၃-၂-၂၀၁၇ ရက် (တနင်္လာနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များကတော့ ဦးအုန်းခင်(ပုလောမဲဆန္ဒနယ်)၊ ဦးရည်မွန်(ခ) မောင်တင်သစ်(ပုဗ္ဗသီရိမဲဆန္ဒနယ်)၊ ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)၊ ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)၊ ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)၊ ဦးမျိုးညွန့်(ဟုမ္မလင်းမဲဆန္ဒနယ်)၊ ဦးဉာဏ်လင်း (ရွှေပြည်သာမဲဆန္ဒနယ်)၊ ဦးကျော်မျိုးမင်း(မိုးညှင်းမဲဆန္ဒနယ်)နှင့် ဒုတိယဗိုလ်မှူးကြီးအောင်ဇင်မင်း (တပ်မတော်သားကိုယ်စားလှယ်) တို့အား ပြင်ဆင်ချက်အဆို ကိုးဦး တင်သွင်းလာခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့်အတူ ပြင်ဆင်ချက်အဆိုတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၇)ချက်ရှိပါ

တယ်။ ပြင်ဆင်ရန်တင်ပြချက် (၇)ချက်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံမှာလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အမှတ်စဉ် ၁ ခေါင်းစီးကိုလည်း ပြင်ဆင်ထားပါတယ်။ အမှတ်စဉ် ၈ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဇ) အသစ်ဖြည့်စွက်ချက် ပုဒ်မခွဲ(ဌ)(၁)၊ အမှတ်စဉ် ၉ အသစ်ဖြည့်စွက်ချက်အပိုဒ် ၃၊ အမှတ်စဉ် ၁၇ နှင့် ၁၈ အပိုဒ် ၆ အပိုဒ်ခွဲ(ဂ) ပုဒ်မ ၆ ပုဒ်မခွဲ(ဆ)ကို ပြင်ဆင်ခြင်း၊ အပိုဒ်ခွဲ(ဃ) အသစ်ဖြည့်စွက်ချက် ပုဒ်မခွဲ(ဆ)(၁)ကို ပြင်ဆင်ထားပါတယ်။ နောက် အမှတ်စဉ် ၂၄ အပိုဒ် ၉ ခြေဆင်းနှင့် အမှတ်စဉ် ၂၆ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၈ အပိုဒ်ခွဲ(ဂ) ပုဒ်မ ၂၃ ပုဒ်မခွဲ(ဃ)ကို ပယ်ဖျက်ခြင်းတို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၇)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားအတိုင်း လက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် (၇)ချက်အားအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ခုနစ်ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ကိုယ်စားလှယ်များက ပြင်ဆင်ချက်(၄)ချက်ကို တင်သွင်း

ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ယင်းပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး ယခု စတင်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)၊ ပုဒ်မ ၂ ပုဒ်မခွဲ(ဇ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် အဆိုတင်သွင်းဖို့ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်းကို ဖိတ်ခေါ်ပါတယ်။

**ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာတဲ့ ပြည်ထောင်စုအဆင့် ဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ်တော်ကြီးများရဲ့ လက်ဝယ်မှာရှိနေတဲ့ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၂၊ ၃ မှာပါရှိတဲ့ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)၏ ပုဒ်မ ၂ ပုဒ်မခွဲ(ဇ)နှင့်စပ်လျဉ်း၍ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် သက်ဆိုင်ရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက မူလပြဋ္ဌာန်းချက်အပေါ် ပြင်ဆင်ချက်ဖြင့် အဆိုပြုပြဋ္ဌာန်းထားခဲ့ပါတယ်။ အဲဒီလိုပြဋ္ဌာန်းထားခဲ့တဲ့အပေါ်မှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကနေပြီးတော့ ယင်းပြင်ဆင်ချက်ကို လက်မခံဘဲနဲ့ မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန် သတ်မှတ်ခဲ့ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ မူလပြဋ္ဌာန်းချက်အပေါ် ပြင်ဆင်အဆိုပြုပြဋ္ဌာန်းရသည့်အကြောင်းအရင်းကို လေ့လာဆန်းစစ်ဖို့လိုအပ်လာပါတယ်။ မူလပြဋ္ဌာန်းချက်အရ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးကို ဆောင်ရွက်ရန်မဖြစ်နိုင်သောကြောင့် အခုလို သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ပြင်ဆင်အဆိုပြု ပြဋ္ဌာန်းချက်ကို တင်ပြလာတယ်လို့ ကျွန်တော်တို့ သုံးသပ်တွေ့ရှိနိုင်ပါတယ်။ မူလဥပဒေပြဋ္ဌာန်းချက်မှာ ကြည့်မယ်ဆိုလို့ရှိရင် ကမ်းနားနယ်ဆိုသည်မှာ ကမ်းပါးနယ်နှင့်ဆက်စပ်ပြီး ကမ်းထိန်းလုပ်ငန်း၊ ရေလမ်းထိန်းလုပ်ငန်းနှင့် မြစ်ချောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်ဤဥပဒေနှင့်အညီ သတ်မှတ်သည့် မြေနယ်နိမိတ်ကိုဆိုတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ယင်းပြဋ္ဌာန်းချက်မှာကြည့်မယ်ဆိုလို့ရှိရင် မြစ်ချောင်းများရဲ့အစမှအဆုံးအထိ အကျုံးဝင်သော ကမ်းနားနယ်နိမိတ်သတ်မှတ်ထားခြင်းမရှိ၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနတို့အနေဖြင့် မြစ်ချောင်းများရဲ့ အစမှအဆုံးအထိ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အလို့ငှာ အခြေအနေတစ်ရပ်ကို ရရှိနိုင်ရေးအတွက် ဝန်ကြီးဌာနက အခုလိုပြင်ဆင်ပြဋ္ဌာန်းထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဝန်ကြီးဌာကို ကမ်းနားနယ်သတ်မှတ်ရေးနှင့်ပတ်သက်ပြီးတော့ မူလဥပဒေမှာ ကျွန်တော်တို့ လုပ်ပိုင်ခွင့်နှင့် တာဝန်ကို ပေးအပ်ထားပါတယ်။ အဲဒီမူရင်းဥပဒေရဲ့အခန်း(၃) ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ အခန်းကဏ္ဍမှာ ပုဒ်မ ၄ ပုဒ်မခွဲ(ခ)၌ ကမ်းပါးနယ်နှင့်ဆက်စပ်ပြီး ကမ်းထိန်းလုပ်ငန်း၊

ရေထိန်းသိမ်းရေးလုပ်ငန်းနှင့် မြစ်ချောင်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်ကမ်းနားနယ်နိမိတ်အဖြစ် နယ်နိမိတ်သတ်မှတ်ကြေညာခြင်းလို့ ပြဋ္ဌာန်းပြီးတော့ ကမ်းနားနယ်နိမိတ်သတ်မှတ်ကြေညာနိုင်ရေးအတွက် ဝန်ကြီးဌာနအနေနဲ့ နည်းဥပဒေပြုပြီးတော့ ဆောင်ရွက်နိုင်ရန်အလို့ငှာ အခွင့်အာဏာပေးအပ်ထားတာကိုလည်း တွေ့ရှိရပါတယ်။ သို့သော်ဝန်ကြီးဌာနသည် နည်းဥပဒေပြဋ္ဌာန်းပြီးတော့ ကမ်းနားနယ်သတ်မှတ်နိုင်သော်လည်း နည်းဥပဒေသည် အက်ဥပဒေကိုကျော်လွန်ပြီးတော့ မြစ်ချောင်းများ အစကနေအဆုံးအထိ တစ်လျှောက်လုံးကို ကမ်းနားနယ်သတ်မှတ်မို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ ဒါ ကြောင့်မို့လို့ ကမ်းပါးနယ်မှ ကုန်းတွင်းပိုင်းသို့ ပေ ၁၅၀ အထိရှိသော ကမ်းနားနယ်နိမိတ်ကို မြစ်ချောင်းများတစ်လျှောက် ပြင်ဆင်သတ်မှတ်ရန် မူလပြဋ္ဌာန်းချက်အပေါ်မှာ ဝန်ကြီးဌာနက အဆိုပြုခဲ့ခြင်းဖြစ်တယ်လို့ တွေ့ရှိရပါတယ်။ အဲဒီလို ဝန်ကြီးဌာနက အဆိုပြုလိုက်တိုင်း သတ်မှတ်ပြဋ္ဌာန်းပေးမှသာလျှင် မြစ်ရဲ့ချောင်းရဲ့အစကနေအဆုံးအထိ လိုအပ်တဲ့ဒီရေတောတွေစိုက်ပျိုးခြင်း၊ ရေဝေရေလဲတောများစိုက်ပျိုးခြင်းဆိုတဲ့ နည်းတွေနဲ့ သဘာဝနည်းနာ နိဿယတွေနဲ့ ဤမြစ်ချောင်းတွေကို ထိန်းသိမ်းနိုင်မယ်။ အဲဒီတော့ သောင်တွေမထွန်းအောင် သဲသောင်တွေပို့ချမှုမများအောင်ဆောင်ရွက်နိုင်မှာ ဖြစ်တယ်ဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူလပြဋ္ဌာန်းချက်ထက် ဝန်ကြီးဌာနရဲ့ အဆိုပြုပြဋ္ဌာန်းချက်က ပိုမိုသင့်လျော်တာကို တွေ့ရှိရပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဒီမှာပြင်ဆင်တင်ပြတာကတော့ ဒီကမ်းပါးနယ်ကနေပြီးတော့ ကုန်းတွင်းပိုင်းသို့ ပေ ၁၅၀ အထိဆိုတာ နည်းလွန်းတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ အဲဒီတော့ ချောင်းဆိုလို့ရှိရင်လည်း ချောင်းအကြီး၊ အလတ်၊ အသေးရှိတယ်။ မြစ်ဆိုလည်း အကြီး၊ အလတ်၊ အသေးရှိတယ်။ သူ့အထိုက်အလျောက် ကျွန်တော်တို့အနည်းဆုံး ချောင်းဆိုလို့ရှိရင်လည်း ပေ ၁၅၀ မှ အများဆုံး ပေ ၅၀၀ အထိ၊ မြစ်ဆိုလို့ရှိရင်လည်း အနည်းဆုံး ပေ ၅၀၀ မှ အများဆုံး ပေ ၁၀၀၀ အထိ အဲဒီလိုသတ်မှတ်ပြဋ္ဌာန်းပေးလိုက်မယ်ဆိုလို့ရှိရင် ဒီမြစ်ချောင်းတစ်လျှောက်မှာရှိတဲ့ သက်ဆိုင်ရာ ဌာနကခွင့်ပြုထားတဲ့ လယ်တွေ၊ ယာတွေ၊ အဆောက်အဦးတွေ၊ ဟိုတယ်တွေ၊ ကျေးရွာတွေ၊ မြို့တွေကလွဲပြီးတော့ ကျန်တဲ့နေရာတွေမှာ ကျွန်တော်တို့ ဒီရေရောက်တောတွေ၊ ရေဝေရေလဲတောတွေကို စောင့်ရှောက်ထိန်းသိမ်းခြင်းအားဖြင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများကို ထိန်းသိမ်းနိုင်မှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ကျွန်တော့်ရဲ့တင်ပြချက်အတိုင်း ပြည်သူ့လွှတ်တော်မှ စဉ်စားပြီးတော့ ဆုံးဖြတ်ပြီးအတည်ပြုပေးပါလို့ ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)၊ ပုဒ်မ ၂ ပုဒ်မခွဲ(ဇ)နှင့် စပ်လျဉ်းပြီး ဆွေးနွေးဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူလဥပဒေကြမ်းမှာ ကမ်းနားနယ်ဟုပြဋ္ဌာန်းထားသော်လည်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း ပြင်ဆင်တင်သွင်းသော ဥပဒေကြမ်းမှာ ကမ်းနားနယ်အား ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သီးခြားသတ်မှတ်ထားချက် မရှိလျှင် ဒီရေအမြင့်ဆုံးတက်ချိန်၌ မြစ် သို့မဟုတ် ချောင်းရေရရှိသည့်၊ မြစ် သို့မဟုတ် ချောင်းရေတက်ချိန်၌ အမြင့်ဆုံးပုံမှန်ရေမြင့်အမှတ် ရောက်ရှိသည်ကမ်းပါးနယ်မှ ကုန်းတွင်းပိုင်းသို့ ချောင်းဖြစ်လျှင် ပေ ၁၅၀ မှ ပေ ၅၀၀ အထိ၊ မြစ်ဖြစ်လျှင် ပေ ၅၀၀ မှ ၁၀၀၀ အထိရှိသော ကမ်းနားနယ်နိမိတ်ကိုဆိုသည်ဟု ဖော်ပြထားခဲ့ပါတယ်။ ဥပမာအားဖြင့်ပြောရမယ်ဆိုလို့ရှိရင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများကို ကြည့်မယ်ဆိုလို့ရှိရင် တချို့နေရာများမှာ မြစ်ရေအမြင့်ဆုံးတက်ချိန်၌ မြို့အတွင်းထိပင် ရေများတက်လေ့ရှိပြီး မြစ်ကြောင်းတစ်လျှောက်မှာလည်း လယ်မြေနှင့် ရွာမြေများကိုပင် ရေများဖုံးလွှမ်းလျက်ရှိသည်ကို တွေ့ရမှာဖြစ်ပါတယ်။ ထိုရေဖုံးလွှမ်းသည့်နယ်မြေအပြင် အမြင့်ဆုံးရေအမှတ်၏ ချောင်းဖြစ်ပါက ပေ ၁၅၀ မှ ပေ ၅၀၀ အထိ၊ မြစ်ဖြစ်လျှင် ပေ ၅၀၀ မှ ၁၀၀၀ အထိ သတ်မှတ်ပေးလိုက်ပါက မြို့ပြင်များတွင် ကမ်းနားနယ်သည် မြို့နယ်စီမံခန့်ခွဲရာမြေ အထွေထွေအုပ်ချုပ်ရေးဌာန၏ စီမံခန့်ခွဲပိုင်ခွင့်နယ်မြေ ကျေးလက်များ၏ ကျေးရွာအုပ်ချုပ်ရေးနယ်မြေ လယ်မြေစီမံခန့်ခွဲပိုင်ခွင့်နယ်မြေများပါ အကျုံးဝင်သွားမှာဖြစ်ပါတယ်။ ထိုသို့ဆိုလျှင် မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီမံခန့်ခွဲပိုင်ခွင့်နှင့် မြို့နယ်စည်ပင်အထွေထွေအုပ်ချုပ်ရေး၊ လယ်ယာစိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ကိုင်ဆောင်ရွက်ပိုင်ခွင့်တို့နှင့် ရောထွေးမှုများ၊ အငြင်းပွားမှုများ ကျွန်တော်တို့ဖြစ်လာနိုင်ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီမှ တင်သွင်းသော မူလပြဋ္ဌာန်းချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပို့ဆောင်ရေး

နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ သဘောထား အတိုင်း လက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ) ပုဒ်မ ၂ ပုဒ်မခွဲ(ဇ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက မူလပြဋ္ဌာန်းချက် အတိုင်းထားရှိရန် ဆွေးနွေးခဲ့ပြီး ဦးဉာဏ်လင်းက ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ ဒါ့ကြောင့် မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ် ပါမယ်။ ဥပဒေကြမ်းကော်မတီကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးဉာဏ်လင်းရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခု ဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ်သွား မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံ ဆန္ဒမဲပေါင်း ၃၆၆ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၉ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၄ မဲဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၂ အပိုဒ်ခွဲ(ဃ) ပုဒ်မ ၂ ပုဒ်မခွဲ(ဇ) သည် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၄ အပိုဒ်ခွဲ(ခ)၊ ပုဒ်မ ၄ ပုဒ်မခွဲ(င)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီကနေပြီးတော့ ပြင်ဆင်ချက်အဆိုကို ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်း ကပ်ခနှင့် ကျောက်ချရပ်နားခ၊ ကမ်းနားနယ်အသုံးပြုခ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပ မြစ်ချောင်းရေအသုံးပြုခ၊ မြစ်ချောင်းများ ထိန်းသိမ်းရေးဆိုင်ရာဝန်ဆောင်ခများ သတ်မှတ်ခြင်း ဆိုပြီးတော့ ကျွန်တော်တို့ ပြင်ဆင်အဆိုပြုထားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြင်ဆင်အဆိုပြုချက် အထဲမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်ရဲ့ တင်ပြချက်အရဆိုလို့ရှိရင် နိုင်ငံတော်လူဦး

ရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ရှိသော တောင်သူလယ်သမားများကို အခွန်ကောက်ရမယ်လို့ ဆိုပြီးတော့ ရောက်ရှိနေပါတယ်။ နိုင်ငံတော်သည် တောင်သူလယ်သမားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန် စိုက်ဆောင်ရွက်နေချိန်လည်း ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်နေချိန်တွင် စိုက်ပျိုးရေးအတွက် အခွန် ထပ်မံထမ်းဆောင်ရမည်ဆိုပါက တောင်သူလယ်သမားများအပေါ် မနိုင်ဝန်ထမ်းဆောင်ခိုင်းစေရာသို့ ရောက်ရှိသွားနိုင်ပါတယ်။ ဒါ့ကြောင့် တောင်သူလယ်သမားများ၏ အကျိုးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပဆိုသည့်စာသားကို ထည့်သွင်းရေးသားခြင်းသာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီ၏ အဆိုပြုတင်ပြချက်ကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၄ အပိုဒ်ခွဲ(ခ) ပုဒ်မ ၄ ပုဒ်မခွဲ(င)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန် (ခ) မောင်တင်သစ်ကို ဖိတ်ခေါ်ပါတယ်။

**ဦးရည်မွန်(ခ) မောင်တင်သစ်(ပုဗ္ဗသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပုဗ္ဗသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန် ဖြစ်ပါတယ်။ အဲဒီတော့ ဒီကနေ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းထဲမှာ အချက်(၁) ချက်ကို ကျွန်တော်က ပြင်ဆင်ချက် တင်သွင်းထားပါတယ်။ အဲဒီအချက်က ဘာလဲဆိုရင် ကျွန်တော်တို့ လက်ထဲက ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၅ နဲ့ ၆ မှာ ရှိပါတယ်။ စာမျက်နှာရဲ့ အောက်ဆုံးအပိုဒ်ပါ။ အဆိုပြုပြဋ္ဌာန်းချက်အပေါ်မှာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကနေပြီးတော့မှ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပဆိုတဲ့ စကားရပ်ကို ဖြည့်စွက်ထားတာ တွေ့ရပါတယ်။ အဲဒီတော့ ဒီစကားရပ် ဘာကြောင့် ဖြည့်စွက်ထားသလဲဆိုရင် ဥပဒေကြမ်းကော်မတီအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို အားပေးချင်တယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအတွက် ရေဖိုး၊ ရေခ အကုန်အကျမခံသင့်ဘူးဆိုတဲ့ ရှုထောင့်ကနေပြီးတော့မှ ဒီအချက်ကိုဖြည့်စွက်ထားတယ်လို့ ကျွန်တော်တို့ နားလည်ပါတယ်။ သို့သော် ကျွန်တော်တို့က ဥပဒေတစ်ခုကို ပြုစုတဲ့အခါမှာ ရှုထောင့်တစ်ခုတည်းကကြည့်ရုံနှင့် ဘယ်လိုမှ မလုံလောက်နိုင်ပါဘူး။ အခြားရှုထောင့်တွေကလည်း ကြည့်ရှုဖို့လိုအပ်လိမ့်မယ်လို့ မြင်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာဆိုရင် ရေအရင်းအမြစ် အင်မတန်ကြွယ်ဝပါတယ်။ သို့သော် ကြွယ်ဝသလောက် ဒီ ရေအရင်းအမြစ်ကို စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းတွေ အကျိုးရှိအောင် ပြည့်ပြည့်ဝဝ

အသုံးချနိုင်ခြင်းတော့ ဒီနေ့အထိ မရှိသေးပါဘူး။ ဒီအချိန်မှာ စိုးရိမ်စရာကဘာလဲဆိုတော့ ကျွန်တော်တို့နိုင်ငံရဲ့ မြစ်တွေ၊ ချောင်းတွေကိုယ်တိုင်က ထိခိုက်ပျက်စီးမှု အင်မတန်များနေတာ ဒါ ကျွန်တော်တို့ အလွယ်တွေ့နိုင်ပါတယ်။ ဒီမြစ်တွေ၊ ချောင်းတွေရှင်သန်နေအောင်၊ နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး ရေရှိအောင်၊ မလိုလားအပ်တဲ့သောင်တွေဖြစ်ပေါ်မနေအောင် ဒီမြစ်တွေ၊ ချောင်းတွေကို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ပေးဖို့တာဝန်ကတော့ မြစ်ချောင်းဖြိုးဦးစီးဌာနမှာရှိတယ်လို့ ကျွန်တော်တို့ နားလည်ရပါတယ်။ မြစ်ချောင်းဖြိုးဆိုတာက အရှည်ပြောမယ်ဆိုရင်တော့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ သိန်းသိမ်းစောင့်ရှောက်ရေးဦးစီးဌာန ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ အောက်မှာရှိပါတယ်။ အဲဒီတော့ မြစ်တွေ၊ ချောင်းတွေကို ပြုပြင်ထိန်းသိမ်းရတယ်ဆိုတာ အင်မတန် စရိတ်စကကြီးပါတယ်။ ဒါကိုလည်း ကျွန်တော်တို့အားလုံး အသိပါပဲ။ အဲဒီတော့ မြစ်ချောင်းဖြိုးဌာန အနေနဲ့ မြစ်တွေ၊ ချောင်းတွေကိုထိန်းသိမ်းပေးဖို့ တာဝန်ရှိတယ်ဆိုရင် သူ့မှာ အခွင့်အလမ်းလည်းရှိဖို့ လိုအပ်ပါလိမ့်မယ်။ အခွင့်အလမ်းဆိုတာ ဒီဌာနမှာလည်း ထိုက်သင့်တဲ့ဝင်ငွေ၊ ထိုက်သင့်တဲ့ဘတ်ဂျက်ရှိဖို့ကို ဆိုလိုတာပါ။

ကျွန်တော်တို့နိုင်ငံမှာ မြစ်တွေ၊ ချောင်းတွေကပေါတော့ မြစ်ရေ၊ ချောင်းရေဆိုတာ တန်ဖိုးမရှိသယောင်ဖြစ်နေပါတယ်။ တကယ်တော့ ဘယ်နိုင်ငံမှာပဲကြည့်ကြည့် မြစ်ရေ၊ ချောင်းရေတွေကို စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် စီးပွားရေးလုပ်ငန်းတွေအတွက် အသုံးပြုမယ်ဆိုရင် တန်ရာတန်ကြေးတော့ပေးရတယ်လို့ ဒါ ကျွန်တော်တို့ လေ့လာသိရှိရပါတယ်။ ယခု ကျွန်တော်တို့နိုင်ငံမှာ မြစ်ရေတင်စီမံကိန်းတချို့ လုပ်ဆောင်နေတာရှိပါတယ်။ အဲဒီတော့ မြစ်ရေတင်စီမံကိန်းကိုဆောင်ရွက်နေတာကတော့ ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်နေတာပါ။ ကျွန်တော်တို့ လယ်သမားတွေဟာ မြစ်ရေတင်စီမံကိန်းကနေပြီးတော့ ရေအသုံးပြုမှုအတွက် ဆည်မြောင်းဌာနကို တစ်ဧကကို တစ်ရာသီအတွက် ၆၀၀၀ ကနေပြီးတော့ ၈၀၀၀ ကျပ်လောက်အထိ ပေးဆောင်ရတယ်လို့လည်း ဒါ ကျွန်တော်တို့ သိရပါတယ်။ သို့သော် ဒီကနေ့ မြစ်ရေတင်စီမံကိန်းတွေဟာ ထင်သလောက် အောင်မြင်မှုမရှိပါဘူး။ မိုးရေ၊ နွေရော ရေပေးဖို့ ရည်ရွယ်ခဲ့ပေမဲ့ နွေဆိုရင် ရေက မပေးနိုင်သလောက်ဖြစ်နေတာမျိုး။ နောက် ကျွန်တော်တို့ မိုးတွင်းမှာကို လယ်ဧက ၁၀၀၀၀ ရေပေးဖို့ စီမံခဲ့ပေမဲ့ လက်တွေ့မှာ ဧက ၂၀၀၀ လောက်ပဲ ရေပေးနိုင်တာမျိုး ဒါတွေကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါက ပုဂံဒေသက လောကနန္ဒာ မြစ်ရေတင်စီမံကိန်းရဲ့ အတွေ့အကြုံပေါ်ကနေပြီးတော့ ကျွန်တော် ဆွေးနွေးနေတာဖြစ်ပါတယ်။ အဲဒီတော့ မြစ်ရေတင်စီမံကိန်းတွေ ဘာကြောင့် မအောင်မြင်သလဲ။ ကျွန်တော်တို့ အဖြေရှာကြည့်တဲ့

အခါမှာ မြစ်ထဲ၊ ချောင်းထဲမှာကိုက ရေမရှိဘူးဆိုတဲ့ပြဿနာတွေ့ရပါတယ်။ မြစ်ထဲ၊ ချောင်းထဲမှာ၊ မြစ်ထဲမှာ၊ ဧရာဝတီမြစ်ထဲမှာ ဒီစီမံကိန်းနဲ့ပတ်သက်ရင် သောင်တွေထွန်းနေတယ်။ အဲဒီတော့ ရေစီးကြောင်းက စီမံကိန်းက ရေယူမယ့်ကမ်းနဲ့ဝေးတဲ့ဘက်ကနေပြီးတော့ စီးနေတဲ့အတွက် ဒီစီမံကိန်းက လိုအပ်သလောက်ရေကို စုပ်မယူနိုင်ဘူးဆိုတာ တွေ့ရပါတယ်။ ဒီနေရာမှာ ထွန်းနေတဲ့ သောင်တွေကို ဖယ်ရှားပေးဖို့ တာဝန်က မြစ်ချောင်းဖြိုးဌာနမှာရှိပါတယ်။ ကျွန်တော်တို့ ဒီဌာနကို လေ့လာကြည့်တဲ့အခါမှာ ဌာနအနေနဲ့ ဝင်ငွေလည်းမရှိ၊ ဘတ်ဂျက်လည်းမရှိတဲ့အတွက် ဒီသောင်တွေကို ဖယ်ရှားရှင်းလင်းပေးမှုမပြုနိုင်ဘူးလို့ သိရပါတယ်။ အဲဒီတော့ ဒီနေရာမှာ အဖြေက ကျွန်တော်တို့ ထင်ရှားပါတယ်။

အဲဒီတော့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေအပါအဝင် စီးပွားလုပ်ငန်းတွေအတွက် မြစ်ရေ၊ ချောင်းရေကိုအသုံးပြုမယ်ဆိုရင် မြစ်ချောင်းဖြိုးဌာနရဲ့အခန်းကဏ္ဍ၊ သူ့ရဲ့တာဝန် အင်မတန်အရေးပါတယ်လို့ ကျွန်တော်တို့ နားလည်နိုင်ပါတယ်။ အဲဒီတော့ မကြာခင်မှာဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးမူဝါဒ စီးပွားဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးတွေ ပေါ်လာမယ်။ ပုဂ္ဂလိကမြစ်ရေတင်လုပ်ငန်းတွေလည်း ပေါ်လာဖို့ရှိပါတယ်။ ဒီလုပ်ငန်းတွေအောင်မြင်ဖို့ဆိုရင် ဆည်မြောင်းဌာနရှိမယ်။ မြစ်ချောင်းဖြိုးဌာနရှိမယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်တွေရှိမယ်။ ဒီ သုံးဦးသုံးဖလှယ်ပူးပေါင်းဆောင်ရွက်မှသာ လုပ်ငန်းတွေက အောင်မြင်ပါလိမ့်မယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ မြစ်ချောင်းဖြိုးဌာနရဲ့ အခန်းကဏ္ဍကို အသိအမှတ်မပြုဘူးဆိုရင်၊ မြစ်ချောင်းဖြိုးဌာနက မြစ်ရေတင်လုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်မှုမပြုဘူးဆိုရင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေလည်း အောင်မြင်ဖို့မရှိပါဘူး။ အဲဒီတော့ ယခု ကျွန်တော်တို့ ပြဋ္ဌာန်းမယ့်ဥပဒေမှာသာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေအတွက် ရေအသုံးပြုခ ကောက်ခံခွင့်မရှိဘူးလို့ ကန့်သတ်လိုက်မယ်ဆိုရင် ဒီဌာနအဖို့ အခက်ကြုံရဖို့ရှိပါတယ်။ သူ လက်တွေ့ဆောင်ရွက်တဲ့အခါမှာ အခက်အခဲတွေ၊ လုပ်ရကိုင်ရခက်တာတွေဖြစ်ဖို့ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မြစ်ရေချောင်းရေကို အသုံးပြုပြီးတော့မှ ဆောင်ရွက်မယ့် စိုက်ပျိုးမွေးမြူရေးအပါအဝင် စီးပွားရေးလုပ်ငန်းတွေအနေနဲ့ ဒီမြစ်ချောင်းတွေ ပြုပြင်ထိန်းသိမ်းဖို့အတွက် စရိတ်စကလည်း ထိုက်သင့်သမျှ ကျခံစေသင့်တယ်လို့ ရှုမြင်တဲ့အတွက် ဒီပြင်ဆင်ချက်အဆိုကို တင်သွင်းပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီက ဖြည့်စွက်ထားတဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှအပဆိုတဲ့ စကားလုံးကို ဖြုတ်ပယ်ပေးဖို့ လွှတ်တော်အနေနဲ့ စဉ်းစားပေးပါရန် ကျွန်တော့်အနေနဲ့ လေးစားစွာ ပန်ကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခု တင်ပြသွားတဲ့ ပြင်ဆင်ချက်အဆို သဘောထားကွဲလွဲချက်နှင့်ပတ်သက်ပြီးတော့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူ့လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူပါမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ဒီ ဝန်ကြီးဌာနအနေနဲ့ ဒီလိုကွဲလွဲတဲ့အခါမှာ ဘာမှ၊ ဘယ်သူ့ဘက်မှ အားနာစရာမလိုပါဘူး။ ဥပဒေကောင်းတစ်ခုဖြစ်ဖို့၊ နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားတွေအကျိုးရှိဖို့ ကိုယ့်အမြင်၊ ကိုယ့်ဗဟုသုတ၊ ကိုယ့်အတွေ့အကြုံ၊ ကိုယ့်ရဲ့ပညာရပ်ကိုတော့ ပွင့်ပွင့်လင်းလင်းပြောစေချင်ပါတယ်။ လွှတ်တော်ရဲ့အဆုံးအဖြတ်ကတော့ မပြောလည်း လွှတ်တော်ကတော့ ဆုံးဖြတ်မှာပဲ။ ဒါကတော့ အထူးတလည်တော့မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က ဝန်ကြီးဌာနသဘောထားပြောပါဆိုတာက ဝန်ကြီးဌာနသဘောထားက ရှင်းရှင်းလင်းလင်း ပွင့်ပွင့်လင်းလင်းပြောလိုက်မှ အခု မဲပေးမယ့်ကိုယ်စားလှယ်တွေက ဘာကိုပေးသင့်တယ်၊ ဘာကိုမပေးသင့်ဘူး၊ ကိုယ်ပိုင်တွေးခေါ်မြော်မြင်ဆုံးဖြတ်ပြီးတော့ မဲပေးမှာ။ ဒီနေရာမှာ ကျွန်တော်တို့က တိုင်းပြည်နှင့် ပြည်သူလူထုမျက်နှာပဲ ကြည့်ရမှာ။ အဲဒါကို ဒီမှာလာပြီးတော့ ဝန်ကြီးဌာနက ကြားနေနေလို့တော့မသင့်တော်ဘူး။ ဒါ ကျွန်တော်ပွင့်ပွင့်လင်းလင်းပြောတာ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့အပိုဒ်(၄) အပိုဒ်ခွဲ(ခ) ပုဒ်မ(၄) ပုဒ်မခွဲ(င)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနှင့် ဦးရည်မွန် (ခ) မောင်တင်သစ်တို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းထားပါတယ်။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါ့မယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့သဘောထားကတော့ လွှတ်တော်ရဲ့အဆုံးအဖြတ်ခံယူမယ်လို့ ပြောထားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးရည်မွန် (ခ) မောင်တင်သစ်ရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၀၀ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၆၇ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၉ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၄ အပိုဒ်ခွဲ(ခ) ပုဒ်မ ၄ ပုဒ်မခွဲ(င) သည် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အတိုင်း ဥပဒေကြမ်းကော်မတီရဲ့အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၅ အပိုဒ်ခွဲ(ဃ) ပုဒ်မ ၅ ပုဒ်မခွဲ(ဃ) နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၅ အပိုဒ်ခွဲ(ဃ) ပုဒ်မ ၅ ပုဒ်မခွဲ(ဃ) ကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှအပဆိုတဲ့စာသားကို ကျွန်တော်တို့ ထည့်သွင်းထားခြင်းပဲဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန် တင်သွင်းခဲ့သလိုပါပဲ စိုက်ပျိုးရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို မြစ်ဖွံ့ဖြိုးရေးအဖွဲ့ကနေပြီးတော့ လုပ်ကိုင်ဆောင်ရွက်ရာမှာ မှန်သော်ငြားလည်းပဲ အခြားအခွန်အခများလည်းရှိပါတယ်။ ကျွန်တော်တို့က စိုက်ပျိုးရေးအတွက်သာလျှင် စိုက်ပျိုးရေးလုပ်ငန်းများကိုသာ အခွန်အခကို ပယ်ဖျက်ထားခြင်းသာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဥပဒေကြမ်းကော်မတီရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရည်မွန်ကနေ ချန်လှပ်ထားခဲ့တဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပဆိုတဲ့ စာသားထည့်သွင်းထားတယ်။ ကျွန်တော် ဥပဒေကြမ်းကော်မတီကနေပြီးတော့ ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ကမ်းနားအသုံးပြုခ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပ မြစ်ချောင်းရေအသုံးပြုခ၊ မြစ်ချောင်းများထိန်းသိမ်းခဆိုင်ရာ ဝန်ဆောင်ခများကောက်ခံခြင်းဆိုပြီးတော့ ဥပဒေကြမ်းကော်မတီကနေပြီးတော့ ပြင်ဆင်တင်သွင်းထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှလွဲပြီးတော့ တခြားအခွန်အခများကိုလည်းကောက်ခံရရှိနိုင်တာဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ သဘောထားအတိုင်းသာလျှင် ပြည်သူ့လွှတ်တော်ကနေပြီးတော့ အတည်ပြုပေးနိုင်ပါရန် လွှတ်တော်ကိုလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၅ အပိုဒ်ခွဲ(ဃ) ပုဒ်မ ၅ ပုဒ်မခွဲ(ပ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ်ကို ဖိတ်ခေါ်ပါတယ်။

**ဦးရည်မွန်(ခ)မောင်တင်သစ်(ပုဗ္ဗသီရိမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ဒီအပိုဒ်ခွဲကလည်း ကျွန်တော် ရှေ့မှာဆွေးနွေးခဲ့တဲ့ အပိုဒ်ခွဲနဲ့သဘောချင်းအတူတူပါပဲ။ အဲဒီတော့ မြစ်ရေ၊ ချောင်းရေကို စီးပွားဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေအတွက် အကျိုးရှိရှိအသုံးချချင်တယ်ဆိုရင် ဒီလုပ်ငန်းတွေ အနေနဲ့ အထူးသဖြင့် စီးပွားဖြစ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေနဲ့ မြစ်ချောင်းပြုပြင်ထိန်းသိမ်းဖို့ အတွက် စရိတ်စခ ထိုက်သင့်သမျှကျခံသင့်တယ်လို့ယူဆတဲ့အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှအပဆိုတဲ့စကားလုံးကို ပယ်ဖျက်ပေးဖို့ ကျွန်တော်တို့အနေနဲ့ပြင်ဆင်ချက်အဆို တင်သွင်းထားခြင်းပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ကတော့ ဒီပြင်ဆင်ချက်အဆိုနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးရည်မွန်(ခ)မောင်တင်သစ်ရဲ့ ပြင်ဆင်ချက်အဆိုအပေါ်မှာ လက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဲဒါကြောင့် ကျွန်တော်စောစောကပြောတာပေါ့။ အဲဒီပုဒ်မတစ်ခုတည်းပဲ။ ရှေ့မှာဆုံးဖြတ်ပြီးပြီ တစ်မျိုး၊ နောက်မှာတစ်မျိုးဆိုရင် ဘယ်လိုဖြစ်မလဲ။ ဥပဒေကြမ်းကော်မတီ နားထောင်ပါ။ ဒါဆိုရင် ဥပဒေကြမ်းကော်မတီနဲ့ ဝန်ကြီးဌာနနဲ့ညှိတုန်းက ဘယ်လိုဖြစ်တာလဲ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုဆွေးနွေးတဲ့ဥပဒေကြမ်းကော်မတီရဲ့ အပိုဒ် ၅ အပိုဒ်ခွဲ(ဃ) ပုဒ်မ ၅ ပုဒ်မခွဲ(ပ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနဲ့ ဦးရည်မွန်(ခ)မောင်တင်သစ်တို့က ပြင်ဆင်ချက်အဆိုများတင်သွင်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးရည်မွန်(ခ)မောင်တင်သစ်ရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍

ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၂၇ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၄၆ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၇ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၅ အပိုဒ်ခွဲ(ဃ) ပုဒ်မ ၅ ပုဒ်မခွဲ(ဃ)သည် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်းရဲ့အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့တွေ တာဝန်ရှိတဲ့သူတွေအားလုံး ဥပဒေတစ်ခုလုပ်တယ်ဆိုတာ တိုင်းပြည်နဲ့ပြည်သူလူထုအတွက် အဓိကထားလုပ်တာ။ ကိုယ့်ဆန္ဒ၊ ကိုယ်ဖြစ်ချင်တာ ကိုယ့်ခံစားချက်နဲ့လုပ်လို့ရတာမဟုတ်ဘူး။ အဲဒီတော့ အစကတည်းက တိကျသေချာအောင် ညှိနှိုင်းကြ၊ ဆွေးနွေးကြ။ ခုနက အရှေ့မှာအစီရင်ခံစာဖတ်သွားတယ်။ ဝန်ကြီးဌာနတွေရော၊ ရှေ့နေချုပ်ရုံးတွေရော၊ ဥပဒေကြမ်းကော်မတီရော၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရော၊ သက်ဆိုင်ရာလွှတ်တော်ရဲ့ကော်မတီရော။ အဲဒီလိုဆုံးဖြတ်ပြီးတော့မှ ဒီဥပဒေကြမ်းကို တင်လာတာ။ လွှတ်တော်ထဲရောက်တော့မှ မနေ့ကတစ်မျိုး၊ ဒီနေ့တစ်မျိုး။ မနက်တစ်မျိုး၊ ညတစ်မျိုး ဥပဒေကအဲဒီလိုလုပ်လို့ရတာမဟုတ်ဘူး။ ဥပဒေက မျှော့ကြိုးဆွဲသလို ကိုယ်လိုသလို ချုံ့ခြင်း၊ ချဲ့ခြင်း မိတ္တူဆွဲလို့ရတဲ့ကိစ္စမဟုတ်ဘူး။ မိတ္တူဆွဲတာ ချုံ့လို့လည်းရတယ်၊ ချဲ့လို့လည်းရတယ်။ ဥပဒေမှာ လုပ်လို့မရဘူး။ ဥပဒေရဲ့ပကတိအခြေအနေအတိုင်းပဲလိုက်နာရမယ်။ အားလုံးကျင့်သုံးရမယ်။ ဒါအင်မတန် အရေးကြီးတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့မသေချာရင်လည်းတင်မလာနဲ့။ ပြီးလွယ်စီးလွယ်လည်း လွှတ်တော်ထဲမှာမပြောနဲ့။ တာဝန်ယူရမယ်။ တာဝန်ခံရမယ်။ အဲဒါတော့ အားလုံးကို ကျွန်တော် အသိပေးပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၆ အပိုဒ်ခွဲ(က) ပုဒ်မ ၆ ပုဒ်မခွဲ(က)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၆ အပိုဒ်ခွဲ(က) ပုဒ်မ ၆ ပုဒ်မခွဲ(က)ကိုလည်းပဲ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများမှအပဆိုတဲ့စာသားကိုသာ ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်ကချန်လှပ်ထားခြင်းသာဖြစ်ပြီး ဥပဒေကြမ်းကော်မတီ၏ သဘောထားကို တင်ပြပြီးလည်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ၏တင်ပြချက်ကို ပြည်သူ့လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၆ အပိုဒ်ခွဲ(က) ပုဒ်မ ၆ ပုဒ်မခွဲ(က)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ်ကိုဖိတ်ခေါ်ပါတယ်။

**ဦးရည်မွန်(ခ)မောင်တင်သစ်(ပုဗ္ဗသီရိမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ဒီအပိုဒ်ခွဲကလည်း ရှေ့မှာဆွေးနွေးခဲ့တာတွေနဲ့ သဘောထားချင်းတူတူပါပဲ။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက လွှတ်တော်မှာ ဥပဒေကြမ်းတစ်ခုနဲ့ပတ်သက်ပြီးတော့ အစီရင်ခံစာတင်ပြီးမှသာ လွှတ်တော်ကိုယ်စားလှယ်တွေက ပါတင်ဆွေးနွေးခွင့်ရတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပါဝင်ဆွေးနွေးတဲ့အချိန်က ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ကျွန်တော်ရယ်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ရှိတဲ့သူတွေရယ်၊ နောက် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က တာဝန်ရှိသူရယ်က ဒီပုဒ်မမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများမှအပဆိုတဲ့စကားလုံးကို မထည့်သင့်ဘူးလို့ သဘောတူမျှကြတယ်လို့ ကျွန်တော်အနေနဲ့ နားလည်ခဲ့ပါတယ်။ သို့သော် အခုအချိန်မှာတော့ ဒါက လွှတ်တော်ထဲမှာရောက်နေပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေအဆုံးအဖြတ်ကို ခံယူနေတဲ့အချိန်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒါနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူသွားမယ့်အကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်ပြောတဲ့စကားကို ကိုယ်စားလှယ်နားလည်မှုလွဲနေတယ်။ ပြင်ဆင်ချက်အဆိုတင်ခွင့်ရှိတယ်။ ဆွေးနွေးခွင့်လည်းရှိတယ်။ တင်တာကို၊ ဆွေးနွေးနေတာကို ကျွန်တော်ဘာမှမပြောဘူး။ တင်တာ၊ ဆွေးနွေးနေတာက ဒီလိုအခွင့်အရေးရှိလို့လည်း အခွင့်အရေးပေးထားတာ။ လွှတ်တော်ရဲ့ဥပဒေ၊ နည်းဥပဒေနဲ့အညီ ကျွန်တော်အခွင့်အရေးပေးထားတာ။ ဒီမှာပြောနေတာက အခုနက ရှေ့နဲ့နောက်မှာတင် ကိုယ်စားလှယ်မတွေ့လိုက်ဘူးလား။ ပွင့်ပွင့်လင်းလင်းပြောမယ်။ ဝန်ကြီးဌာနရဲ့သဘောထားမတွေ့လိုက်ဘူးလား။ အဲဒါက ကျွန်တော်ဘာပြောတယ် နားမလည်ဘူးလား။ နားလည်ရင် ဘာဖြစ်လို့ဆွေးနွေးခွင့်ရှိတာကို ကျွန်တော်က ဆွေးနွေးခွင့်မရှိသလိုလို၊ ဆွေးနွေးခွင့်ကို တင်တဲ့ဟာကိုပဲ ဘာလို့ဒီဟာကိုပြောတာလဲ။ ဘာကိုတင်ချင်တာလည်း

ပြောချင်တာသာ ပြောလိုက်။ ကျွန်တော်တို့ မဲခွဲဆုံးဖြတ်လိုက်မှာပါ။ အခွင့်အရေးရှိလို့ပေးထားတယ်။ အပြည့်အဝပေးထားတာ ကျွန်တော်ဘာမှမပြောဘူး။ ကျွန်တော်ပြောတာက ခုန ကိုယ်စားလှယ်ကို ကျွန်တော်မပြောဘူး။ ကျွန်တော်ပြောသွားတဲ့ထဲမှာ ခုနကော်မတီတွေ၊ ဆိုင်တဲ့လူတွေ ဥပဒေကြမ်း ညှိတုန်းက ခုကျမှတစ်မျိုးဖြစ်လို့ ကျွန်တော်ပြောနေတာ။ အဲဒါဆိုရင် ခုနက ကိုယ်ပြင်ချင်တာကို ရှင်းပါ။ ကိုယ်ပြင်ချင်တာကို မရှင်းဘဲနဲ့ ကျွန်တော်ပြောတဲ့ဟာကိုပဲ ပြန်ပြီးတော့ ဒီလိုဆွေးနွေးလို့ ကျွန်တော်ကပဲ မလိုလားတဲ့ပုံစံမျိုးမဟုတ်ပါဘူး။ ဒါလေးတော့ နည်းနည်းသဘောပေါက်ဖို့တော့ လိုတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ နောက်ဆုံးတင်ပြသွားတဲ့ ပြင်ဆင်ချက်အဆိုနဲ့ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့သဘောထားအတိုင်းလက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဲဒါကို ဦးရည်မွန် နားလည်လားမသိဘူး။ မဆွေးနွေးပါနဲ့တော့။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၆ အပိုဒ်ခွဲ(က) ပုဒ်မ ၆ ပုဒ်မခွဲ(ဃ)နဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနဲ့ ဦးရည်မွန်(ခ)မောင်တင်သစ်တို့က ပြင်ဆင်ချက် အဆိုများတင်သွင်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကိုမူတည်၍ မဲခွဲ ဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်း ကော်မတီရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးရည်မွန်(ခ)မောင်တင်သစ် ရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံ ဆန္ဒမဲပေါင်း ၂၃၈ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၃၀၊ ကြားနေဆန္ဒမဲပေါင်း ၂ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၆ အပိုဒ်ခွဲ(က)၊ ပုဒ်မ

၆ ပုဒ်မခွဲ(က)သည် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနကတင်သွင်းသော ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင် သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက တင်သွင်းသော ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲများ အတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသည့် တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းသည့် အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့(၁၀-၂-၂၀၁၇ ရက်နေ့)တွင် တင်သွင်းတဲ့ တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းသည့်အဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေး

မယ့်ကိုယ်စားလှယ် ၂၅ ဦးရှိပါတယ်။ ပထမဦးစွာ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘိုကြီး(ချောက်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တရားစီရင်ရေးကဏ္ဍသည် အားအနည်းဆုံးဖြစ်သည်ဟု ဝေဖန်နေကြပါတယ်။ ဘာကြောင့်အားနည်းနေတယ်၊ ဘယ်လိုလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးသင့်တယ်လို့ အကြံပြုသူ အလွန်နည်းပါးလျက်ရှိနေပါတယ်။ ကျွန်တော့်အနေနဲ့ အဲဒီရှုထောင့်ကနေ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို တိုက်တွန်းသွားမှာဖြစ်ပါတယ်။ အမှုဆိုတာ သရေပေးလို့မရပါဘူး။ မနိုင်တဲ့ဘက်ကတော့ စိတ်ခံစားမှုဖြစ်မှာပဲ။ တရားသူကြီးက မတရားဆုံးဖြတ်လို့တိုင်ကြားတာရှိနိုင်သလို ရှုံးနိမ့်တဲ့လူကမကျေနပ်လို့ တစ်ဖက်သတ်ဝေဖန်တာတွေလည်း ရှိနိုင်ပါတယ်။ တစ်ဖက်မှာလည်း အဂတိလိုက်စားနေတဲ့တရားသူကြီးတွေကြောင့် တရားရေးကဏ္ဍကို ထိခိုက်နေတာလည်း ငြင်းပယ်လို့မရပါဘူး။ မမှန်မကန်ဆောင်ရွက်နေတဲ့ တရားသူကြီးများကို အရေးယူခြင်း၊ မမှန်မကန်တိုင်ကြားသူများနှင့် တရားရေးကဏ္ဍကို အားနည်းအောင်ဆောင်ရွက်နေသော တရားရေးနှင့်ဆက်နွှယ်နေတဲ့ အခြားဝန်ထမ်းတွေအပေါ်မှာလည်း အဖြစ်မှန်ဖော်ထုတ်အရေးယူခြင်းတို့ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လစဉ်လိုလို ပြောင်းရွှေ့မိန့်များထုတ်ပြန်နေတာကို ကြားသိရပါတယ်။ ဒါ့ကြောင့် အမှုစတင်စစ်ဆေးစဉ်က တရားသူကြီးကတစ်ဦး၊ အမှုချမှတ်သည့်အခါ တရားသူကြီးကတစ်ဦး ဖြစ်လေ့ရှိပါတယ်။ အမှုအား အစအဆုံးမစစ်ဆေးရပါက အကြောင်းခြင်းရာပြဿနာနှင့် ဥပဒေပြဿနာတို့ကို ကြုံတင်လေ့လာရန်ခက်ခဲပါတယ်။ ၎င်းစနစ်အစားအချိန်ကာလသတ်မှတ်တဲ့ပြောင်းရွှေ့ရေးမူကို အသုံးပြုပါလျှင် အမှုခွဲဝေပေးရသော အကြီးအကဲတရားသူကြီးအနေဖြင့် အမှုကိုဆုံးခန်းတိုင်အောင်ဆောင်ရွက်ခြင်းရှိ/မရှိကို သုံးသပ်ကာ အမှုခွဲဝေပေးနိုင်ပါတယ်။

ဒါ့အပြင် အပြောင်းအရွှေ့များမှာလည်း မသမာသောနည်းများဖြင့် ကြိုးစားလာနိုင်ပြီးတော့ အာဏာရှင်စနစ်လွှမ်းမိုးလာနိုင်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၃ အရ ရာထူးတိုးမြှင့်ခန့်ထားရေးအတွက် လိုအပ်သောအရည်အချင်း၊ ရာထူးသက်၊ လုပ်သက်တို့ကို ရာထူးအမျိုးအစားပေါ်မူတည်၍

ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် သတ်မှတ်ထားရမည်ဖြစ်ပါတယ်။ ပုဒ်မ ၂၆ မှာ ဖော်ပြထားရာမှာလည်း တန်းစီဇယားရေးဆွဲပြီးတော့ ရာထူးတိုးမြှင့်ပေးရမှာဖြစ်ပါတယ်။ မြို့နယ်တရားသူကြီးတစ်ဦးအား မှားယွင်း၍ ရာထူးတိုးပေးခဲ့သဖြင့် အဆိုပါအမိန့်ကို ပြန်လည်ဖျက်သိမ်းခဲ့ခြင်း၊ အကြီးအကဲက ထူးချွန်သည်ဟုယူဆသောဝန်ထမ်းများကိုလည်းကောင်း၊ အခြားဌာနများမှ ပြောင်းရွှေ့လာသောဝန်ထမ်းများကိုလည်းကောင်း ရာထူးတိုးစာမေးပွဲဖြေဆိုခြင်းမရှိဘဲ တစ်ဆင့်မြှင့်ရာထူးတိုးပေးခြင်းနှင့် ပင်စင်ယူရန် သုံးနှစ်နီးပါးခန့်လိုသော အပြစ်မရှိသောဝန်ထမ်းများကို ရာထူးတိုးစာမေးပွဲဖြေဆိုခွင့်မပြုခြင်း စသည့်အခြေအနေများကြောင့် ဝန်ထမ်းများမှာ အဆင့်မြင့်ရာထူးတိုးရန် မျှော်လင့်ချက်နည်းပါးလာပြီး စိတ်ဓာတ်ကျခြင်း၊ လာဘ်ပေးလာဘ်ယူမှုများ လုပ်ဆောင်လာနိုင်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းတို့ကြောင့် တရားစီရင်ရေးအရည်အသွေးများကို များစွာထိခိုက်နိုင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၀ မှာ နိုင်ငံ့ဝန်ထမ်းများခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အငြိမ်းစားယူခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ အမှုထမ်းစည်းကမ်းသတ်မှတ်ခြင်းနှင့်အရေးယူခြင်းများကို ဥပဒေနှင့်အညီဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီမဆောင်ရွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၂ (က)(၂)တွင် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းဟု စွပ်စွဲပြစ်တင်နိုင်ပါတယ်လို့ ဖော်ပြထားပါတယ်။

နိုင်ငံတကာကလက်ခံကျင့်သုံးနေတဲ့ Beijing Statement မှာ နိုင်ငံမှာ စီးပွားရေးအကျပ်အတည်းတွေကြောင့် ပံ့ပိုးမှုများပေးရန်ခက်ခဲသည်ဟုယူဆသည့်တိုင်အောင် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးမှာ မရှိမဖြစ်လိုအပ်တာကြောင့် မည်သို့ပင်ဖြစ်စေကာမူ တရားစီရင်ရေးကဏ္ဍနှင့် တရားရေးစနစ်၏လိုအပ်ချက်များကို အရေးကြီးဦးစားပေးအဖြစ် မှတ်ယူဖြည့်ဆည်းပေးရမယ်လို့ ဖော်ပြပါရှိပါတယ်။ အခွင့်အရေးနည်းနည်းပေးပြီး အကျိုးအမြတ်များများလိုချင်နေလို့တော့ မဖြစ်နိုင်ပါဘူး။ နိုင်ငံတကာမှာ တရားသူကြီးများသည် အစိုးရဝန်ထမ်းများမဟုတ်ကြသော်လည်း မြန်မာနိုင်ငံမှာရှိတဲ့ ခရိုင်အဆင့်၊ မြို့နယ်အဆင့် တရားသူကြီးများသည် အစိုးရဝန်ထမ်းများဖြစ်ကြပါတယ်။ ၎င်းတို့ကို လစာတိုးပေးမည်ဆိုပါက အစိုးရဝန်ထမ်းအားလုံးကို လစာတိုးပေးရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် တရားသူကြီးများကို အစိုးရဝန်ထမ်းအဖြစ်မှ သီးခြားရပ်တည်နိုင်ရန် ဖန်တီးပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ လက်ရှိမှာ တရားသူကြီးဦးရေ ၁၄၀၀ ဝန်းကျင်ခန့်ရှိတယ်လို့ သိရပါတယ်။ ထိုသို့သီးခြားရပ်တည်နိုင်ရန်အတွက် ၎င်းတို့အားခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ စရိတ်၊ လစာထောက်ပံ့ပေးခြင်းအပါအဝင် တရားစီရင်ရာတွင် အမှီအခိုကင်း

ရေး၊ လုံခြုံရေးတို့အတွက်လည်းကောင်း၊ မမှန်မကန်ဆောင်ရွက်နေသူများအား အရေးယူအပြစ်ပေးရန်အတွက်လည်းကောင်း၊ ထိုကိစ္စများကိုကြီးကြပ်ရန်အတွက် မဏ္ဍိုင်သုံးရပ်မှ လွတ်လပ်သော တရားစီရင်ရေးကော်မတီကို ဖွဲ့စည်းရန်အတွက်လည်းကောင်း ဥပဒေပြဋ္ဌာန်းရမှာဖြစ်ပါတယ်။ ထိုကော်မတီမှာ ပြည်ထောင်စုတရားသူကြီးချုပ်၏ဦးဆောင်မှုဖြင့် တာဝန်ထမ်းဆောင်တဲ့ အဆင့်မြင့်တရားသူကြီးများ၊ အငြိမ်းစားတရားသူကြီးများ၊ အငြိမ်းစားဥပဒေအရာရှိများ၊ ရှေ့နေများနှင့် ပြည်ထောင်စုလွှတ်တော်က အမည်စာရင်းသတ်မှတ်ပေးတဲ့ပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းသင့်ပါတယ်။ အဆိုပါစနစ်ကို နိုင်ငံတကာမှာလည်း တွင်ကျယ်စွာအသုံးပြုလျက်ရှိပါတယ်။ ဒါ့ကြောင့် ဝန်ထမ်းများ၏ ပြောင်းရွှေ့နေရာချထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းတို့တွင် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ပွင့်လင်းမြင်သာ၍ တရာမျှတသောမူဝါဒများချမှတ်ကာ တာဝန်ရှိသူများဖွဲ့စည်းထားတဲ့အဖွဲ့ ဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်ပေးရန်နှင့် ပြည်သူများအနေဖြင့် ဥပဒေရေးရာများ ပိုမိုသိရှိနားလည်သဘောပေါက်စေရန် သင်တန်းများပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများနှင့် တရားဝန်ထမ်းများ ပွင့်လင်းမြင်သာစွာဆက်ဆံရေးနှင့် ယုံကြည်အားကိုးမှု တိုးပွားဆောင်ရွက်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အကြံပြုတင်ပြရင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး အဆိုတင်သွင်းသော တရားရေးကဏ္ဍကို ပြန်လည်တည့်မတ်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းသည့်အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန္ဒီ(လောင်းလုံးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ လောင်းလုံးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီဖြစ်ပါတယ်ရှင်။ ၁၀-၂-၂၀၁၇ ရက်နေ့က ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးတင်သွင်းတဲ့ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က) အရ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်ဟု ပြဋ္ဌာန်းချက်အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအနေနဲ့ တိမ်းစောင်းနေတဲ့ တရားစီရင်ရေးကဏ္ဍကို ပြန်လည်တည့်မတ်နိုင်ရန်အတွက် အပြန်အလှန်ထိန်းကျောင်းသည့်အနေဖြင့် ဤအဆိုကို ထောက်ခံဆွေးနွေးခြင်းဖြစ်ပါတယ်ရှင်။ ပြည်သူ့အစိုးရတက်လာပြီးတဲ့အချိန်မှာ ပြည်သူများအနေနဲ့ နိုင်ငံရဲ့ဥပဒေပြုရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ဟာ ပြုပြင်ပြောင်းလဲမှုတွေရှိလာသော်လည်း တရားစီရင်ရေးမဏ္ဍိုင်ဟာ ယနေ့အချိန်အထိ ပြုပြင်ပြောင်းလဲမှုမရှိသေးဘူးဆိုတာကို စိတ်မကောင်းစွာကြားသိနေရပါတယ်ရှင်။ တရားစီရင်ရေးကဏ္ဍတည့်မတ်ဖို့ အင်မတန်အရေးကြီးပါတယ်။ တရားစီရင်ရေးကဏ္ဍတည့်မတ်မှ တရားဥပဒေစိုးမိုးရေးရှိမှာဖြစ်ပါတယ်ရှင်။ တရားဥပဒေဆိုတာ လူ့အဖွဲ့အစည်းက ရသင့်ရထိုက်သောအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ဖို့ဖြစ်တယ်လို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါတယ်ရှင်။ ပြည်သူတွေဟာ ဥပဒေရဲ့ကာကွယ်မှုအောက်မှာ လုံခြုံစွာနေနိုင်ရမှာဖြစ်ပါတယ်။ တရားဥပဒေဆိုတာ တရားမျှတရမယ်၊ ပြည်သူတွေကို စိတ်ပိုင်းဆိုင်ရာရော၊ ရုပ်ပိုင်းဆိုင်ရာပါ လုံခြုံမှုပေးရမှာဖြစ်ပါတယ်ရှင်။ ယခုအချိန်မှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဦးဆောင်မှုနဲ့ တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်နေတဲ့အချိန်၊ နိုင်ငံသူနိုင်ငံသားအားလုံးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နေတဲ့အချိန်မှာ တရားစီရင်ရေးကဏ္ဍအနေနဲ့ တည့်မတ်နေရမှာဖြစ်ပါတယ်ရှင်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ(က)အရ ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးလို့ပါရှိတဲ့အတွက် တရားရုံးများကို လောလောလတ်လတ် တရားစီရင်ခွင့်ပေးထားပါတယ်။ ဒီလိုလွတ်လပ်စွာ တရားစီရင်ခွင့်ပေးထားတာဟာ တရားဥပဒေဘောင်ကို ကျော်ပြီးစီရင်လို့မရပါဘူး။ ဥပဒေနှင့်အညီပဲ စီရင်ဆုံးဖြတ်ရမှာဖြစ်ပါတယ်ရှင်။ မည်သူမျှ ဥပဒေ၏အထက်တွင်မရှိစေရဆိုတဲ့ စကားအတိုင်း အဂတိတရားကင်းရှင်းစွာဆောင်ရွက်မှသာလျှင် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်နိုင်မှာဖြစ်ပါတယ်ရှင်။

ပြည်သူတွေရဲ့ပဋိပက္ခတွေကို စီရင်ဆုံးဖြတ်ပေးတဲ့အခါမှာ မှန်ကန်ခြင်း၊ တည်ငြိမ်ခြင်း၊ လေးနက်ခြင်းဆိုတဲ့ တရားစီရင်ရေးရဲ့အင်အားမူတွေအပေါ်မှာ အခြေခံရမှာဖြစ်ပါတယ်ရှင်။ ကျွန်မတို့နိုင်ငံမှာ အခုလက်ရှိအခြေအနေအရ ပြည်သူလူထုဟာ ဥပဒေကြောင်းအရ ရင်ဆိုင်ဖြေရှင်းရမယ့်

အမှုအခင်းတွေပေါ်လာတဲ့အခါမှာ သက်သေအထောက်အထားခိုင်လုံစွာ တင်ပြနိုင်ပါသော်လည်း မလိုအပ်ဘဲ အချိန်ဆွဲကြန့်ကြာစေခြင်း၊ ရုံးချိန်းများ မကြာခဏချိန်းဆိုခြင်းတို့အတွက် ရင်ဆိုင်နေရပါတယ်။ ဒီအခြေအနေကိုကြည့်ခြင်းအားဖြင့် တရားရုံးတွေမှာ တစ်စုံတစ်ရာအားနည်းချက်ရှိနေတယ်ဆိုတာကို သိသာထင်ရှားစေပါတယ်။ ဒါ့ကြောင့် ပြည်သူတွေအနေနဲ့ တရားရုံးတွေနဲ့ပတ်သက်လာရင် အင်မတန်စိတ်ပျက်အားလျော့နေရပါတယ်ရှင်။ တရားရုံးတွေမှာဆိုရင် တရားရုံးဝန်ထမ်းတွေ၊ ရှေ့နေရှေ့ရပ်တွေဟာ တရားသူကြီးများကို အမှုသည်တွေနဲ့ချိတ်ဆက်ပေးပြီး လာဘ်ပေးလာဘ်ယူမှုတွေယနေ့အချိန်ထိရှိနေသေးတာကို တွေ့မြင်နေရပါတယ်ရှင်။ ဒါဟာလည်း တရားစီရင်ရေးကဏ္ဍကိုတိမ်းစောင်းနေတဲ့အချက်ဖြစ်ပါတယ်ရှင်။ တရားရုံးတွေမှာ ဦးတိုက်လျှောက်လွှာတွေကို လက်ခံတဲ့အခါမှာ ဥပမာအားဖြင့် ဆဲဆိုမှု၊ ရိုက်နှက်မှုတွေမှာ နှစ်ဖက်အပြန်အလှန်အမှုအနေနဲ့ လွယ်လွယ်ကူကူလက်ခံလေ့ရှိပေမဲ့ ပိုင်နက်ကျူးလွန်မှုတွေမှာတော့ တစ်ဖက်ကတိုင်ကြားမှုကိုသာလက်ခံပြီး ကျန်တစ်ဖက်က အပြန်အလှန်စွဲဆိုတဲ့အခါမှာတော့ ရဲကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၂ အရ အမှန်တကယ်ပြစ်မှုကျူးလွန်ခြင်းရှိ/မရှိ စုံစမ်းစစ်ဆေးခြင်းမပြုခိုင်းဘဲနဲ့ လွယ်လွယ်ကူကူနဲ့ လာဘ်ပေးလာဘ်ယူမှုတွေရယူပြီး လက်ခံလေ့ရှိတာကိုလည်း သိရှိရပါတယ်။ ဒါဟာလည်း တရားစီရင်ရေးကဏ္ဍကို တိမ်းစောင်းစေတဲ့အချက်ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၈ အရ ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ နိုင်ငံတော် သို့မဟုတ် အများပြည်သူတို့နှင့်သက်ဆိုင်သည့် အရေးကြီးသောတရားစီရင်ရေးဆိုင်ရာအခြေအနေများကို အခါအားလျော်စွာ တင်ပြနိုင်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုတရားသူကြီးချုပ်ဟာ ဘယ်လွှတ်တော်ကိုမှ တရားစီရင်ရေးဆိုင်ရာအခြေအနေကို ယနေ့အချိန်ထိ တင်ပြထားတာ မတွေ့ရသေးပါဘူးရှင်။ ကျွန်မအနေနဲ့ အကြံပြုချင်တာကတော့ တရားရုံးများဟာ တရားရုံးများလက်စွဲ၊ တရားရုံးများလိုက်နာကျင့်သုံးရန် ညွှန်ကြားထားသည့်ညွှန်ကြားချက်များကို တိတိကျကျလိုက်နာဆောင်ရွက်စေရန်၊ အထက်တရားရုံးအဆင့်ဆင့်ကလည်း ကြီးကြပ်ကွပ်ကဲထိန်းသိမ်းခြင်းများပြုလုပ်ရန် လိုအပ်နေပါတယ်ရှင်။ တရားစီရင်ရေးကဏ္ဍကို တည့်မတ်လာနိုင်စေရန်အတွက် ဂျူရီစနစ်ကိုလည်းကျင့်သုံးသင့်ပါကြောင်း အကြံပြုလိုပါတယ်ရှင်။ တရားသူကြီးများ၊ ရှေ့နေများ၊ ဥပဒေဝန်ထမ်းများအား လာဘ်ပေးလာဘ်ယူမှု

မရှိစေရန်နှင့် ဥပဒေနှင့်အညီစီရင်ဆုံးဖြတ်နိုင်စေရန်အတွက် တရားရုံးစောင့်ကြည့်ရေးအဖွဲ့များကိုလည်း အဆင့်ဆင့်ဖွဲ့စည်းသင့်ပါကြောင်း အကြံပြုလိုပါတယ်ရှင်။

နိဂုံးချုပ်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ(င)အရ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားလာစေရန်ဆိုတဲ့ အခြေခံမူနှင့်အညီ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် တရားစီရင်ရေးကဏ္ဍ တည့်မတ်လာမည်ဖြစ်ပါကြောင်းအကြံပြုရင်း ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဦးစွာ ဒီအဆိုတင်သွင်းသူအား ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးကဏ္ဍဟာ ယခုအချိန်အထိ တိမ်းစောင်းနေဆဲသာရှိခြင်းနှင့် တရားဥပဒေစိုးမိုးမှု ကျဆင်းနေကြောင်း ဝေဖန်မှုများ ကြားသိနေရလို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ယခုအစိုးရသစ်အနေနဲ့ ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော အကြောင်းတရားများတွင် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးသောအချက်ဖြစ်ပါတယ်။ ထိုမှတစ်ဖန် တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်မှုတွင် တရားစီရင်ရေးအဖွဲ့သည် အဓိကအခန်းကဏ္ဍ၌ ပါဝင်ပြန်ပါတယ်။ တရားစီရင်ရေးဆောင်ရွက်နေကြတဲ့ တရားရုံးမှာလည်း မိမိတို့စီရင်ပိုင်ခွင့်အရ တရားစီရင်ရာတွင် လုပ်ပိုင်ခွင့်ပြုထားသော ဆင်ခြင်တုံတရားအပေါ် အခြေခံပြီး အကောင်းအဆိုး၊ ပြစ်ဒဏ်အတိုင်းအဆတို့ကို စီရင်ကြသည်ဖြစ်ရာ ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟဆိုသည့် အဂတိတရားလေးပါးကင်းစွာ စီရင်ရန်အထူးအရေးကြီးလှပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လက်ရှိအခြေအနေတွင် ပြည်သူများအတွင်း အငြင်းပွားတဲ့အမှုဖြစ်တိုင်း တရားရုံးသို့မသွားကြပါ။ မဖြစ်မနေ အမှုကြီးများဖြစ်ပွားခြင်းနှင့် မခံချင်စိတ်ကြောင့် ညှိနှိုင်းမရတဲ့ အမှုမျိုးဖြစ်မှသာ တရားရုံးရောက်ပါတယ်။ ၎င်းမှာ ကြီးတဲ့အမှု ငယ်စေ၊ ငယ်တဲ့အမှုပပျောက်စေဆိုတဲ့

သဘောဖြစ်မှုနည်းပြီး တရားရုံးရဲ့မျှတမှုမရှိတဲ့ စီရင်ချက်အမိန့်များကြောင့် ယုံကြည်မှုမရှိလို့ ဖြစ်ပါတယ်။ ဒါ့အပြင် တရားစီရင်ရေးနှင့်ပတ်သက်ပြီး ပြည်သူ့အသံများထဲတွင် အမှုရင်ဆိုင်ရချိန် ကြာခြင်းကြောင့် ငွေကုန်လူပန်း စီးပွားပျက်ခြင်းများ ကြုံတွေ့ရကြောင်း ကြားသိရပါတယ်။ ထိုသို့ အမှုရင်ဆိုင်ပြီး နောက်ဆုံးတွင် ငွေအင်အားလိုက်နိုင်သူဘက်သို့ အသာပေးတဲ့၊ မမျှတတဲ့ အမိန့်ပဲ ရရှိရပါတယ်။ ထို့အပြင် ယာဉ်မတော်တဆအဖြစ်ကြောင့် သက်သေခံအဖြစ်သိမ်းထားတဲ့ယာဉ်များမှာ လည်း အချိန်ကြာမြင့်စွာထားသဖြင့် ပျက်စီးကာ ပြည်သူ့ဘဏ္ဍာ၊ တိုင်းပြည်ဘဏ္ဍာအဖြစ်သို့မရောက် ဘဲ ပျက်စီးမှုများ မြင်တွေ့နေရသလို၊ ပုဂ္ဂလိကပြန်ရမယ့် သက်သေခံပစ္စည်းများဟာလည်း ပြန်ရချိန်မှာ လွယ်လင့်တကူမရခြင်းကြောင့် ပျက်စီးဆုံးရှုံးရခြင်းများပါ ကြုံတွေ့နေကြောင်း မြင်တွေ့ကြားသိနေရ ပါတယ်။ ၎င်းအပြင် ပြစ်မှုကျူးလွန်သူများ၊ ဥပမာအားဖြင့် လူသတ်မှု၊ မုဒိမ်းမှု၊ လုယက်မှုများဖြစ်သည့် တိုင်အောင် ပြစ်မှု၊ ပြစ်ဒဏ်မမျှမှုကြောင့် လူ့အဖွဲ့အစည်းအတွင်းမှာ စိုးရိမ်ရခြင်း၊ ခြိမ်းခြောက်ခြင်း ကဲ့သို့ မလုံခြုံမှုများကို ပြည်သူများ ခံစားနေရပါတယ်။ ထိုသို့ ပြစ်မှု၊ ပြစ်ဒဏ်မမျှခြင်းကြောင့် တရားစီရင်ရေးတွင် အဂတိတရားများရှိနေကြောင်း မြင်သာနိုင်ပါတယ်။ လွန်ခဲ့သော လပိုင်းများက တရားသူကြီးကိုယ်တိုင် မမှန်မကန်ပြုလုပ်ထားမှုကြောင့် တရားစွဲဆိုရာတွင် အမှုကိုရင်မဆိုင်ဘဲ အခြား ရာဇဝတ်သားကဲ့သို့ ထွက်ပြေးတိမ်းရှောင်မှုကလည်း တရားစီရင်ရေးကို ပြည်သူတွေယုံကြည်မှု ပိုလျော့စေခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တရားရုံးရဲ့စီရင်ချက်၊ အမိန့်များကိုကြားသိနေရသည်မှာ ငွေဒဏ်ရှိပါလျက် ထောင်ချပြီး အမှုကြီးများကျတော့ ထောင်ဒဏ်ရှိပါလျက် ငွေဒဏ်ချမှုမျိုးများလည်းကြားသိနေရ ပါတယ်။ သက်ငယ်မုဒိမ်းမှုတွေမှာတောင် ထိရောက်ဟန့်တားလောက်တဲ့ပြစ်ဒဏ်များမချမှတ်ဘဲ ထောင်နှစ်နှစ်၊ သုံးနှစ်ပဲချတာမျိုးရှိတဲ့အတွက် လူ့အဖွဲ့အစည်းအတွင်းတွင် ပြစ်မှုကျူးလွန်မှုတွေ များပြားလာကာ လွှတ်တော်ကမေးခွန်းမေး၊ လူကယ်ပြန်ဝန်ကြီးဌာနက ပြစ်ဒဏ်သတ်မှတ်ရတဲ့ အနေအထားမျိုးဖြစ်လာတဲ့အထိ ဖြစ်လာရပါတယ်။ ဒါတွေဟာ တရားစီရင်ရေးအဖွဲ့ရဲ့ လိုအပ်ချက် တွေကြောင့် ထိန်းညှိခံရခြင်းဖြစ်ပါတယ်။ ၎င်းအပြင် အမှုဖြစ်ပွားရာမှာ တရားရုံးသာမက ဥပဒေရုံး၊ ပြည်သူ့ရဲ၊ မှုခင်းဆရာဝန်များရဲ့မှန်ကန်မှုလည်းလိုအပ်ပါတယ်။ အားလုံးကနေ မှန်မှန်ကန်ကန်နဲ့ မိမိရဲ့တာဝန်များကို ပူးပေါင်းဆောင်ရွက်ပါမှ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေမှုကို ပြန်လည် တည့်မတ်နိုင်မှာဖြစ်ပါတယ်။ နိဂုံးချုပ်အားဖြင့် ယခုအချိန်မှာ မြန်မာနိုင်ငံအဖို့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေချိန်ဖြစ်ပါတယ်။ စနစ်အောင်မြင်ဖို့ တရားစီရင်ရေးကဏ္ဍသည် ပြည်သူများယုံကြည်

**မှုကြမ်း**

အားကိုးနိုင်ဖို့ တိုင်းပြည်တည်ဆောက်ရေးမှာ အားကောင်းတဲ့အဖွဲ့ဖြစ်စေဖို့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးရဲ့ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းသည့်အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကြွရောက်လာသူအားလုံး ကျန်းမာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဖြစ်ပါတယ်။ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုကို ဆွေးနွေးမှာဖြစ်ပါတယ်။ ပထမဦးစွာ Voice Daily ဆောင်းပါးမှာပါရှိတဲ့ တရားလွှတ်တော်ရှေ့နေ ဦးရီစိန်ရဲ့ တရားရုံးရဲ့တရားသူကြီးတို့အနေနဲ့ မှန်ကန်တဲ့တရားစီရင်ရေးစနစ်ကို ဘယ်လိုတည်ဆောက်ရမယ်ဆိုတာ တရားရုံးချုပ်ရဲ့ ၁၉၆၅ ခုနှစ်၊ အထူးရာဇဝတ်အထွေထွေလျှောက်လွှာအမှတ်(၂၈)မှာ သုံးသပ်ထားပုံကို ဦးစွာတင်ပြလိုပါတယ်။ ပြည်သူတို့သည် တရားရုံးများကို ယုံကြည်အားကိုးနိုင်ကြလျှင် စိတ်ချမ်းမြေ့ကြမည်။ စည်းလုံးညီညာကြမည်။ အစိုးရအပေါ်လည်း မေတ္တာထားကြမည်။ ထို့ကြောင့် ပြည်သူတို့၏ ယုံကြည်အားကိုးနိုင်သော တရားစီရင်ရေးဖြစ်ထွန်းစေရန်လိုကြောင်း ကျွန်ုပ်တို့သည် အမြဲတစေ ဆော်ဩနှိုးဆော်ခြင်း၊ ဝါယမစိတ်တို့ပြုကျင့်လျက်ရှိသည်။ ရည်မှန်းသည့်အတိုင်းဖြစ်မြောက်စေရန်အတွက် တရားစီရင်ရသော ပုဂ္ဂိုလ်တို့သည် စေတနာထား၍ ကြိုးစားကြရန်လိုသည်။ တရားစီရင်ရေးအာဏာသည် ထင်သလိုသုံးရန် ကိုယ်ပိုင်အာဏာမဟုတ်။ အများအကျိုးနှင့် အမှန်ကိုဖြစ်စေရန် ပြည်သူက ယုံကြည်အပ်နှံထားသောအာဏာဖြစ်သည်ဟု မပြတ်သတိချပ်ဖို့လိုသည်။ ရှေ့နေရှေ့ရပ်များ၊ အမှုလိုက်များ၊ ပြည်သူ့ရဲ၊ အုပ်ချုပ်ရေးဝန်ထမ်းများနှင့် ညှိနှိုင်းသင့်ရာ၌ ပူးပေါင်းညှိနှိုင်းပြီး ကိုယ့်တာဝန်ကိုယ်ယူ၍ ဆောင်ရွက်ရမည့်အခန်း၌ တာဝန်သိသည့် ကျေကျေပွန်ပွန်ဆောင်ရွက်ကြမှ ပြည်သူ့အကျိုးပြုတရားစီရင်ရေးဖြစ်ထွန်းနိုင်သည်။ တာဝန်မကျေ၊ စည်းကမ်းမစောင့်၊ ကျင့်ဝတ်မညီသော တရားသူကြီးများကို ပြည်သူက လေးစားယုံကြည်မည်မဟုတ်။ ကျွန်ုပ်တို့ကလည်း ၎င်းတို့အား သင့်တော်သလို ပြုပြင်ခြင်း၊ အရေးယူခြင်းတို့ကို ပြုလုပ်ရမည်သာတည်း ဆိုပြီးတော့ ရေးသားဖော်ပြထားတာကို တွေ့ရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးကဏ္ဍမှာ တရားသူကြီးများ၊ တရားစွဲအဖွဲ့ ဖြစ်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနများ၊ ဥပဒေဝန်ထမ်းများ၊ ရှေ့နေရှေ့ရပ်များ၊ သက်သေ များစသဖြင့် ပေါင်းစပ်ပါဝင်ဆောင်ရွက်ကြတယ်ဆိုပေမယ့် တရားသူကြီးများက အဓိကအကျဆုံး ဆိုတာ လုံးဝငြင်းမရတဲ့အချက်ဖြစ်ပါတယ်။ တရားသူကြီးတစ်ယောက်ရဲ့အပြီးသတ်ဆုံးဖြတ်ချက်တစ်ခု ဟာ လူတစ်ယောက်ကို ထောင်ထဲချက်ချင်းရောက်သွားစေနိုင်သလို ငွေဒဏ်လား၊ ထောင်ဒဏ်လား ဆိုတဲ့အခြေအနေကိုလည်း ၎င်းတို့ကသာ ဆုံးဖြတ်ကြတာပါ။ တရားမမှုများမှာ တရားရုံးရဲ့ အပြီးသတ် စီရင်ချက်အပေါ် အမှုသည်အနေနဲ့ အယူခံပိုင်ခွင့်နှင့် ကုစားနိုင်သော်လည်း ရာဇဝတ်မှုတွေမှာ အယူခံ ပိုင်ခွင့်ရှိပေမယ့် တရားခံအနေနဲ့ ထောင်ထဲအရင်ရောက်သွားမှာဖြစ်တဲ့အတွက် လူတော်တော်များများ ဟာ တရားသူကြီးရဲ့အပြီးသတ်အမိန့်ကို ကြောက်ကြပါတယ်။ အဲဒီအခါ ထောင်ဒဏ်အစား ငွေဒဏ် ဖြစ်အောင်၊ ထောင်မချဘဲ လွတ်စေအောင်၊ ထောင်ဒဏ်ဆိုရင်လည်း အနည်းဆုံး၊ အသက်သာဆုံး ဖြစ်အောင် နည်းမျိုးစုံနဲ့တရားသူကြီးများကို ချဉ်းကပ်လာကြပါတယ်။ အဲဒီအခြေအနေအပေါ် မူတည် ပြီး တရားသူကြီးအချို့ဟာ ၎င်းစကားတစ်ခွန်းဟာ တရားခံရဲ့အခြေအနေကို ပြောင်းလဲနိုင်ပါတယ်ဆိုတဲ့ အတွေးနဲ့ အဂတိလိုက်စားမှုတွေ၊ လာဘ်ပေးလာဘ်ယူမှုတွေ ဖြစ်ပေါ်လာရပါတယ်။ အချို့သော အမှု တွေမှာ အမှုသဘောသဘာဝအရ ဥပဒေအရမှန်ကန်မှုအပေါ် ငွေကြေးရယူပြီး အမှန်အတိုင်းဆုံးဖြတ် တာတွေရှိသလို အချို့သောအမှုတွေမှာ ဥပဒေအရ မှားယွင်းပါလျက် မှန်ကန်ကြောင်း သိသိသာသာ ဘက်လိုက်ဆုံးဖြတ်သည်များလည်း ရှိနေပါတယ်။ အမျိုးအစားတူ၊ ဖြစ်စဉ်ဖြစ်ရပ်ချင်းတူတဲ့အမှုများ၊ ကျူးလွန်သည့်ပမာဏချင်းတူသည့်အမှုများ၊ ဥပမာ သစ်တောအမှုများ၊ ပြည်သူပိုင် ပုဒ်မ ၆၁ လို အမှု များမှာ တစ်မှုနှင့်တစ်မှုဟာ အမိန့်ချမှတ်တဲ့နေ့ရက်ချင်း သိပ်မကွာပါဘဲလျက် ချမှတ်သည့်အမိန့်များ ဟာ သိသိသာသာ ကွဲပြားခြားနားတာမျိုးကိုလည်း လက်တွေ့ကြုံနေကြရပါတယ်။ အလားတူ ရှေ့နောက်မညီဘဲ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး ဆုံးဖြတ်ချက်များလည်း အများအပြားမြင်တွေ့ကြား သိနေရပါတယ်။ ဒါတွေဟာ တရားရုံးရဲ့ဆင်ခြင်တုံတရားအရဆိုပြီး ရောချဆင်ခြေပေးလို့သင့်တော် မယ်မထင်ပါဘူး။ ဒါကြောင့် တရားစီရင်ရေးနယ်ပယ်မှာအဓိကအကျဆုံးပုဂ္ဂိုလ်များကို ဥပဒေမဏ္ဍိုင်မှ ပြန်လည်ထိန်းကျောင်းပေးဖို့သင့်နေပါပြီ။ ဒီအချက်အလက်တွေဟာ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ကို အခြေပြုပြီးမှ တင်ပြတာဖြစ်ပါတယ်။ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီးများအား စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၂ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်

တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအား စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၁ တို့မှာ ပြဋ္ဌာန်းထားပါတယ်။ သို့သော်လည်း အထက်ပါ ပုဒ်မ ၃၀၂ နှင့် ပုဒ်မ ၃၁၁ တို့ဟာ တရားစီရင်ရေးအဖွဲ့အစည်းရဲ့ ထိပ်ပိုင်း ပုဂ္ဂိုလ်များနှင့်သာစပ်လျဉ်းတဲ့ ပြဋ္ဌာန်းချက်သာဖြစ်ပါတယ်။ ပြည်သူလူထု နိစ္စဓူဝကြုံတွေ့နေရ တာကတော့ အောက်ခြေအဆင့် တရားစီရင်ရေးပိုင်းမှ ပုဂ္ဂိုလ်များပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ မှာပေးထားတဲ့ ပြဋ္ဌာန်းချက်နှင့်အညီ တရားစီရင်ရေးမဏ္ဍိုင်တစ်ခုလုံး အပေါ် အပြန်အလှန်ထိန်းကျောင်းနိုင်မယ့် ဥပဒေများပြဋ္ဌာန်းခြင်း၊ လက်ရှိတရားစီရင်ရေးစနစ်အပေါ် ပြန်လည်သုံးသပ်ခြင်းတို့ အထူးလိုအပ်နေပြီဖြစ်ပါတယ်။

လေးစားအားထားရတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်မှန်တိကျတဲ့ လွတ်လပ်ရေး၊ လွတ်လပ်သော တရားစီရင်ရေးဟာ လူ့လောကကို လုံခြုံမှုပေးနိုင်သလို စစ်မှန်တိကျမှုကင်းမဲ့တဲ့ အဂတိလိုက်စားတဲ့ တရားစီရင်ရေးဟာ လူ့လောကကြီးတစ်ခုလုံးအတွက် ပြောင်းပြန်သက်ရောက်ပြီး အခုကြုံတွေ့နေရတဲ့ တရားရုံးတွေအပေါ်မှာ ပြည်သူတွေယုံကြည်မှု၊ အားကိုးမှုမရှိတော့တာမျိုး ဖြစ်လာတော့တာပါ။ World Justice Project က သုတေသနပြုထားတဲ့ အရှေ့အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများရဲ့ တရားဥပဒေ စိုးမိုးမှုအဆင့်အတန်းနှိုင်းယှဉ်ဖော်ပြချက် ၁၅ နိုင်ငံအနက်မှ မြန်မာနိုင်ငံဟာ အဆင့်(၁၄)မှာ ရှိတာကို တွေ့ရပါတယ်။ ဒါကို ထောက်ရှုကြည့်ခြင်းအားဖြင့် ဒေသတွင်းနိုင်ငံများကြားမှာ မြန်မာနိုင်ငံတရား စီရင်ရေးကဏ္ဍဟာ ဘယ်လောက်တိမ်းစောင်းယိုယွင်းနေတယ်ဆိုတာကို မြင်သာတဲ့အချက်ဖြစ်ပါ တယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်အခုလိုဆွေးနွေးရတာဟာ မည်သူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်း တစ်ခုကို အပြစ်ပြောဖို့မဟုတ်ဘဲ ဒီမိုကရေစီနိုင်ငံတည်ဆောက်ဖို့ကြိုးစားရာမှာ အုပ်ချုပ်သူအစိုးရနှင့် ဥပဒေပြုလွှတ်တော်အပြင် တရားစီရင်ရေးမဏ္ဍိုင်အနေနဲ့ ခေတ်စနစ်နဲ့အညီ စိတ်သစ်၊ လူသစ်၊ အားသစ်လောင်းပြီး ပြုပြင်စရာတွေ၊ ဖာထေးစရာတွေကို အချိန်မီပြုပြင်ဖာထေးနိုင်ဖို့ ရည်ရွယ်ရင်း ဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ဆရာတော်ဦးဥာဏိဿရဲ့ သီလနှင့် ပညာရှင်းတမ်းဆိုတဲ့ တရားတော်ထဲက အဓိကအချက်လေးကို ပြောပြလိုပါတယ်။ (၁) မိမိကိုယ်ကို မိမိ ဘာလဲဆိုတာသိဖို့၊ (၂) မိမိရောက်နေတဲ့နေရာကို သိဖို့၊ (၃) မိမိဘာလုပ်နေလဲဆိုတာကို သိဖို့လိုပါတယ်။ ဆိုလိုတာက တော့ မိမိသည် တရားသူကြီးဆိုတာကို ဦးစွာသိဖို့နဲ့ ရောက်နေသောနေရာသည် တရားရုံးက တရားခွင် ပါ။ လုပ်ရမှာက တရားမျှတမှုကို မှန်မှန်ကန်ကန်စီရင်ဖို့၊ အဲဒီလို လူမှန်နေရာမှန်၊ အလုပ်မှန်ပြီဆိုရင် မိမိကိုယ်မိမိ ကြည်ညိုတဲ့ဘဝ တစ်နည်းအားဖြင့် လူဖြစ်ရကျိုးနပ်ပြီလို့ ဆိုလိုရင်းဖြစ်ပါတယ်။

**မူကြမ်း**

အကြင်သူသည် တရားကိုစောင့်၏။ တရားသည် ထိုသူကို ပြန်၍စောင့်၏။ အကြင်သူသည် တရားကို သတ်၏။ သေကျေပျက်စီးသောတရားသည် ထိုသူကိုပြန်၍သတ်တတ်၏ဆိုတဲ့ ဆိုရိုးစကားအတိုင်း တရားသူကြီးများ တရားကိုစောင့်နိုင်ကြပါစေလို့ တိုက်တွန်းရင်း ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးရဲ့ အဆိုကို နှစ်ထောင်းအားရထောက်ခံဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပြီး အကြံပြုချက်များတင်ပြသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းခြင်းကို အဓိကဖြစ်စေတာကတော့ အဂတိလိုက်စားခြင်းပဲဖြစ်ပြီး ထိုအဂတိတရားလေးပါးထဲမှာ တရားသူကြီးတိုင်း ဘယာဂတိကင်းစင်ဖို့ လိုအပ်ကြောင်း အကြံပြုလိုပါတယ်။ ဘယာဂတိဆိုတာကတော့ ရုပ်ဒြပ်အကောင်အထည်ဖော်မရှိပေမဲ့ မှန်တာကို မလုပ်ရဲ မဆုံးဖြတ်ရဲတာမျိုးဖြစ်တဲ့အတွက် လွတ်လပ်စွာတရားစီရင်ရေးနှင့် မှန်ကန်မျှတစွာစီရင်ဆုံးဖြတ်မှုများကို များစွာထိခိုက်စေလို့ဖြစ်ပါတယ်။

ဒါ့အပြင် ယခုအစိုးရလက်ထက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်မှာ အဂတိတိုက်ဖျက်ရေးအဆိုဟာ အတည်ပြုပြီးဖြစ်တဲ့အပြင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၀)မှလည်း အဂတိတိုက်ဖျက်ရေးနည်းလမ်းများကို ပြည်သူကို အသိပေးကြေညာပြီး ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ အစိုးရဖော်ဆောင်နေမှုနှင့် ကွဲလွဲနေမှုကို နမူနာအဖြစ် တင်ပြလိုတာကတော့ သံဃန်းကျွန်းမြို့နယ် တရားရုံး ရာဇဝတ်ကြီးမှုအမှတ်(၅၃၀/၂၀၁၄)အမှုမှာ လာဘ်ပေးသူရောလာဘ်ယူသူပါ ထောင်ဒဏ်ချမှတ်လိုက်တဲ့အတွက် အရှေ့ပိုင်းခရိုင်တရားရုံး ရာဇဝတ်အယူခံအမှုအမှတ်(၄၀/၂၀၁၇)နှင့် အယူခံဝင်ပြန်တော့လည်း အကျဉ်းနည်းနဲ့ ပလပ်လိုက်ပြန်ပါတယ်။ ဒါကြောင့် ဒီလိုဆုံးဖြတ်ချက်များဟာ ပြည်သူများအနေနဲ့ အဂတိတိုက်ဖျက်ရေးမှာ ပူးပေါင်းလာမှုကို တရားရုံးအဆင့်ဆင့်က သတိပေးသလို၊ ဟန့်တားသလို၊ ခြိမ်းခြောက်နေသလို ဖြစ်နေပါတယ်ရှင်။ အစိုးရတစ်ရပ်အနေနဲ့ မူဝါဒလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာမှာ အစိုးရအဖွဲ့ပါ မဏ္ဍိုင်

သုံးရပ်လုံးဟာ ဦးတည်ချက်၊ လားရာ၊ ဆောင်ရွက်မှုတူညီနေမှသာလျှင် တိုင်းပြည်ရဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ နိုင်ငံတော်အတိုင်ပင်ခံရုံးရဲ့ညွှန်ကြားချက်၊ လွှတ်တော်ရဲ့အတည်ပြုထားချက်တွေနဲ့ ဆန့်ကျင်သကဲ့သို့ ဖြစ်နေတဲ့အတွက် အဆိုပါဆောင်ရွက်မှုမျိုးကို သတိပြုဖို့ ထောက်ပြရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တရားစီရင်ရေးမဏ္ဍိုင်မှာ အမြင့်ဆုံးတရားရုံးဖြစ်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ဆောင်ရွက်မှုများဟာ တည်ဆဲဥပဒေများနှင့် ရှေ့နောက်ညီညွတ်ဖို့လိုအပ်နေ ကြောင်း ထောက်ပြလိုတာကတော့ ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ် ဥပဒေပုဒ်မ ၅ (က)၊ အပိုဒ်ခွဲ(၁၄)မှာ တရားရုံးဆိုတဲ့စကားရပ်ကို ဖော်ပြထားပါတယ်။ ဒ့ါအပြင် ၂၀၁၄ ခုနှစ်၊ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေ အခန်း(၁) အပိုဒ် ၂ (ဂ)မှာ ရှေ့တော်သွင်းစာချွန်တော်အမိန့်ဆိုတာကို ရှင်းလင်းထားပါတယ်။ ဒါပေမဲ့ ၂၀၁၅ ခုနှစ်၊ မတစ မြန်မာနိုင်ငံ တရားစီရင်ထုံး စာမျက်နှာ ၁၉၀ နဲ့ ၂၄၅ မှာ ဖော်ပြပါရှိတဲ့ အမှုများရဲ့ စီရင်ထုံးကျတော့ အထက်ဖော်ပြပါ တရားရုံးဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေများနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရပြန်ပါတယ်။ ဒါတွေရဲ့ နောက်ဆက်တွဲဆက်ဖြစ်တာကတော့ နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေးဆုံးရှုံးမှုတို့ပါပဲ။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာကြေညာစာတမ်း အပိုဒ် ၆၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆ နှင့် ၃၇၈ ပါ စာချွန်တော်အမိန့်နှင့်ပတ်သက်တဲ့ဥပဒေပါ အခွင့်အရေးများနှင့် ယှဉ်တွဲသုံးသပ်ကြည့်ရင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ဆောင်ရွက်မှုများဟာ အထက်ဖော်ပြပါ အခွင့်အရေးများ ဆုံးရှုံးနေကြောင်းကို ထင်ထင်ရှားရှားတွေ့မြင်နိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းတဲ့ ယခုကဲ့သို့ အဆိုများပေါ်ပေါက်သလို ဆွေးနွေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၂၅ ဦးရှိနေတာကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံမှာ တရားစီရင်ကဏ္ဍတိမ်းစောင်းမှုရှိနေတယ်လို့ ဆိုနိုင်ပါတယ်။ မူလတရားရုံးများမှ စီရင်ဆုံးဖြတ်ချက်များကို အထက်ရုံးအဆင့်ဆင့်သို့ အယူခံမှု၊ ပြင်ဆင်မှုတွေ တက်ရောက်တဲ့အခါမှာလည်း လချီပြီးကြာပြန်တဲ့အတွက် အထက်ရုံးမှ အပြစ်မဲ့ကြောင်း ဆုံးဖြတ်သည်ဆိုပြန်သော်လည်း အောက်ရုံးမှ မှားယွင်းဆုံးဖြတ်တဲ့အတိုင်း ပြစ်ဒဏ်ကျခံရတာဖြစ်တဲ့အတွက် တရားစီရင်ရေးလောကကို ထိထိရောက်ရောက်ဆောင်ရွက်မှုမပြုနိုင်သေးရင် တရားရေးကဏ္ဍတည့်မတ်ဖို့ လိုအပ်နေဦးမယ်သာဖြစ်ပါတယ်။

**မူကြမ်း**

ဒါ့အပြင် တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေမှုကြောင့် တရားစီရင်ရာမှာ အပြစ်မဲ့တဲ့ မည်သူကိုမျှ မှားယွင်းတဲ့အပြစ်ဒဏ်မခံရစေရေးဆိုတာလည်း အဓိကလိုအပ်လာပြန်ပါတယ်။ ဒါကြောင့် အကျဉ်းထောင်အသီးသီးမှာ ပြစ်ဒဏ်ခံနေရသူများရဲ့အမှုများကို မှားယွင်းစွာဆုံးဖြတ်ထားခြင်းရှိ/မရှိ ပြန်လည်စိစစ်ဖို့လိုအပ်ကြောင်းကိုလည်း ထောက်ပြအကြံပြုလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ တချို့နိုင်ငံတွေမှာဆိုရင် အမှုများကို ပြန်လည်စိစစ်ပြီး မှားယွင်းမှုရှိရင်တောင် နစ်နာကြေး၊ လျော်ကြေးပြန်ပေးကြတဲ့အထိ ဆောင်ရွက်ကြကြောင်းကို လေ့လာဖူးလို့ပါပဲ။ မြန်မာနိုင်ငံသားတွေ နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေးဆုံးရှုံးမှုမဖြစ်စေရန် တာဝန်ရှိသူများမှ ဆောင်ရွက်ကြစေဖို့ သတိချပ်စေချင်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းမှုအတွက် ပြန်လည်တည့်မတ်နိုင်ရေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ တရားစီရင်ရေးလုပ်ငန်းတွင် ဆက်စပ်လုပ်ကိုင်ရတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဥပဒေရုံးမှ တာဝန်ရှိသူများ၊ အမှုသည်များရဲ့ဆောင်ရွက်ချက်များကို အဂတိတရားဖြင့် ဆောင်ရွက်ခြင်းရှိ/မရှိ၊ တရားရေးကဏ္ဍတိမ်းစောင်းမှုဖြစ်စေခြင်းရှိ/မရှိ၊ အမှုလိုက် ရှေ့နေရှေ့ရပ်များဟာလည်း ကျင့်ဝတ်စောင့်ထိန်းပြီး အမှုလိုက်ခြင်းရှိ/မရှိတို့ကိုပါ တိကျသေချာစွာ စိစစ်စောင့်ကြည့်သင့်ကြောင်း အကြံပြုရင်း အဆိုကို ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာစားသုံးရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လယ် ၁ နာရီအချိန်မှာ အစည်းအဝေးပြန်လည်စတင်မှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့် ခေတ္တခဏရပ်နားပါသည်။]

**အချိန်၊ ၁၃း၀၅။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**မူကြမ်း**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်ဖြစ်ပြီး ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းတဲ့ တရားစီရင်ရေးမဏ္ဍိုင်တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းကြောင်းအဆိုကို လိုတိုရှင်း ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ အမြင့်ဆုံးတရားရုံးဟာ လွတ်လပ်ရေးရပြီးသည်မှ ယခုအချိန်အထိ High Court ၊ ဗဟိုတရားရုံး၊ တရားရုံးချုပ်ဆိုပြီး အမည်အမျိုးမျိုးတွင်ခဲ့ရာမှာ အခုဆိုရင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရယ်လို့ ဖြစ်နေပြီး ခေတ်အလျောက်တရားစီရင်ရေးပုံစံတွေလည်း အမျိုးမျိုးပြောင်းလဲရပါတယ်။ သို့သော် ဒီပြောင်းလဲမှုတွေဟာ ပြည်သူတွေတောင့်တခဲ့ကြတဲ့ တည့်မတ်သောတရားစီရင်ရေးမဏ္ဍိုင်တွေအဖြစ် အားကောင်းမောင်းသန်မရှိခဲ့လှပါဘူး။ အဲဒီလို ခေတ်အဆက်ဆက်က ဖြတ်သန်းခဲ့ရာမှာ တရားစီရင်ရေးအဆီအငေါ်မတည့်မှုဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ပြည်သူ့တရားစီရင်ရေးဆိုတာက အစပြုခဲ့တယ်လို့ မှတ်သားမိပါတယ်။ အဲဒီတုန်းက တရားသူကြီးချုပ်ကြီးရဲ့ ပြည်သူထဲက ပြည်သူတွေကပဲ တရားစီရင်တာ သဘာဝကျမှန်ကန်တယ်ဆိုတဲ့ အတွေးအခေါ်ကြောင့် ဥပဒေမသိတဲ့သူတွေက တရားသူကြီးတွေဖြစ်လာ၊ စင်ပေါ်မှာထိုင်၊ စီရင်ချက်တွေချ။ ဥပဒေဘွဲ့ရတွေက တရားရုံးတွေမှာ တရားရေးဝန်ထမ်း၊ တရားရေးအကြံပေးတွေအဖြစ် တရားသူကြီးလို့ သတ်မှတ်မခံရဘဲ အောက်မှာနေရာယူရတာတွေ ဒီလိုလူမှန်၊ နေရာမှန် မဟုတ်တာတွေဟာ မဆလခေတ်ရဲ့ တရားရေးမဏ္ဍိုင်ချွတ်ချော်တိမ်းစောင်းခြင်းပါပဲ။ ဒီလိုယုတ္တိမရှိတဲ့ ပြည်သူ့တရားစီရင်ရေးဆိုတာဟာ (၈၈) ပြည်သူ့အရေးတော်ပုံကြီးကြောင့် အဆုံးသတ်သွားခဲ့ရပြီး ဥပဒေပညာရှင်တရားရေးဝန်ထမ်းတွေဟာ နဝတ၊ နအဖခေတ်မှာ တရားသူကြီးစစ်စစ်အဖြစ် တင့်တောင့်တင့်တယ်ဘဝပြန်ရောက်ခဲ့ကြပါတယ်။ ဒါဟာ ဒီမိုကရေစီလိုလားတဲ့ ပြည်သူလူထုကြီးရဲ့ ကျေးဇူးကြောင့်ဆိုတာကို မမေ့သင့်ကြပါဘူး။

သို့သော် ဒီအပြောင်းအလဲမှာလည်း ဒီတရားသူကြီးတွေဟာ မိမိတို့ပညာ၊ မိမိတို့ဆင်ခြင်တုံ တရားနှင့်ယှဉ်ပြီး နိုင်ငံရေး ကြောင်းကံပါတဲ့အမှုတွေကို လွတ်လပ်စွာ စီရင်ဆုံးဖြတ်ဖို့မရဘဲ အာဏာ ပိုင်တွေရဲ့အလိုကျ လွန်လွန်ကဲကဲပြစ်ဒဏ်တွေ မဖြစ်မနေချလိုက်ရတာလည်း တစ်ပုံတစ်ပင်ပါ။ စီရင်ချက်ချခါနီးမှ အသင့်လာပေးထားတဲ့ စာအိတ်ကလေးတွေကို အများမြင်သာအောင်ဖောက်။ ရေး ထားပြီးသား စီရင်ချက်ကိုဖတ်။ သူတို့သဘောနှင့် သူတို့လုပ်တာမဟုတ်ကြောင်းလည်း တစ်ဖက်က Message ပေးရ။ ဒီလိုတွေ ဖြတ်သန်းခဲ့ရတာပါ။ ပြစ်ဒဏ်ချရမှာလည်း (၅)နှစ်ဆို (၅)နှစ်၊ (၁၀) နှစ်ဆို (၁၀) နှစ် ဂိတ်ဆုံးလုပ်ပေးရတာပါ။ လျှော့ပေးလို့မရပါဘူး။ ညွှန်ကြားထားတဲ့အတိုင်း လုပ်မပေးရင် တရားသူကြီးကိုယ်တိုင်အလုပ်ပြုတ်သွားနိုင်ပါတယ်။ ဘယ်လိုဖြစ်ဖြစ် ဒါဟာလည်း တရားစီရင်ရေးမှာ အဂတိပါသွားတာပါပဲ။ နိုင်ငံရေးကြောင့် ထောင်ကျတဲ့သူတွေက ရှေ့နေတွေ၊ ဆရာဝန်တွေဖြစ်နေလို့ ရှိရင် ရှေ့နေလိုင်စင်၊ ဆရာဝန် ဆ/မတွေသိမ်းပြီး အသက်မွေးဝမ်းကျောင်းအလုပ်ကိုပါ နှစ်ရှည်ခံခဲ့ရ ပါတယ်။ ဒီလိုလူတွေ ဒီလွှတ်တော်ထဲမှာလည်းလက်ရှိမှာ ရှိကောင်းရှိနိုင်ပါတယ်ဗျာ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုနဲ့ ယခု လက်ရှိ ကျွန်တော်တို့ အစိုးရခေတ်ရောက်တော့ရော တရား စီရင်ရေးအနေအထားက အကောင်းဘက်ကိုရောက်သွားပြီလားဆိုရင် မရောက်သေးဘူးလို့ ပြောရဦး မှာပါ။ ကျွန်တော်တို့ အဖွဲ့ချုပ်ရဲ့ ဗဟိုအလုပ်အမှုဆောင်ကြီးတစ်ဦးကလည်း ဒီတစ်နှစ်အတွင်း အစိုးရ ယန္တရား၊ လွှတ်တော်ယန္တရားတွေ တည်ငြိမ်စွာဆောင်ရွက်နိုင်ပြီဖြစ်ပေမဲ့ တရားရေးတိုးတက်မှုမရှိသေး ကြောင်း ပြောဆိုတာကို မတ်လ ၂၅ ရက် သံတော်ဆင့်ဂျာနယ်မှာ သတင်းတိုလေးအဖြစ်ပါလာတာ လည်း တွေ့ရပါတယ်။ အဆိုရှင်က သူ့အဆိုထဲမှာ တည့်မတ်တဲ့တရားစီရင်ရေးမဏ္ဍိုင်ဖြစ်ဖို့ရာ တရား သူကြီးများနှင့် ဝန်ထမ်းများ သမာတမတ်ကျဖို့လိုကြောင်း မီးမောင်းထိုးပြရာမှာ အောက်ခြေ မြို့နယ် တရားရုံးတွေကို အဓိကထား မီးမောင်းထိုးပြတာကို သတိပြုမိပါတယ်။ မှန်ပါတယ်။ ဟိုအရင်တုန်း ကတော့ ကြောက်ရလို့ အဂတိလိုက်ရတယ်ဆိုပေမဲ့ ယခုအချိန်လို ကြောက်စရာမလိုတဲ့အနေအထား မှာလည်း ဒီအကျင့်တွေဟာ မပျောက်တတ်သေးဘဲ မြို့နယ်အချို့မှာ ဆက်ဖြစ်နေဆဲပါပဲ။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို အဆိုရှင်က တိုက်တွန်းထားတဲ့အချက်ကို ခြုံငုံသုံးသပ် ရရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၄ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ) တို့အရ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်တို့က ခရိုင်၊ မြို့နယ် တရားရုံးတို့ကို ကြီးကြပ်။ တစ်ခါ ပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁) မှာလည်း တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် အလောင်းအလျာတွေရဲ့ အမည်စာရင်းကို နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်

**မူကြမ်း**

ဝန်ကြီးချုပ်တွေနဲ့ ညှိနှိုင်းပြုစုပြီးတော့မှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်သို့ ပေးပို့ရမည်လို့ ပြဋ္ဌာန်းထားတာဖြစ်တာကြောင့် အဆင့်လိုက်ထိန်းချုပ်မှုတွေ ပေါ်လွင်နေတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်း ကိုက်ညီနေတာ တွေ့ရပါတယ်။ မည်သို့ပင်ဆိုစေ တရားစီရင်ရေးမှ အခရာကျတဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထိန်းကျောင်းပါတယ်။ မိမိအသိစိတ်ဖြင့် မိမိကိုယ်ကိုထိန်းကျောင်းလိုက်ရင် ကျွန်တော်တို့နိုင်ငံဟာ အင်မတန်ကျက်သရေမင်္ဂလာရှိသွားမယ်လို့ ယူဆရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ရေးကို ရှေးရှုပြီး တရားသူကြီးများအတွက် ဓမ္မလက်ဆောင်တစ်ခုမျှဝေချင်ပါတယ်။ ရာဇဂြိုဟ်မှာ ဘုရားရှင် သီတင်းသုံးစဉ်ကာလက ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီးဟာ ရှင်လက္ခဏနှင့်အတူ ဂိဇ္ဈကုဋ်တောင်တော်က ဆွမ်းခံကြွလာရင်း ပြုံးတော်မူပါသတဲ့။ ဒါကို အရှင်လက္ခဏမြင်သော် အရှင်ဘုရား ဘယ်အတွက်ကြောင့် ပြုံးတာလဲလို့ မေးတော့ ရှင်မောဂ္ဂလာန်က ငါ့အရှင် ဘုရားရှင်ရှေ့တော်မှောက်ရောက်မှ ဒီမေးခွန်းကို မေးပါလို့သာ ပြန်မိန့်ပါတယ်။ သံဃာတော်တွေရဲ့ နိစ္စဓူဝပြုမြဲဖို့က ဆွမ်းဘုန်းပြီးရင် ဘုရားရှင်ရှေ့မှောက်မှာ အားလုံး စုရုံးပြီး ဘုရားရှင်ရဲ့အဆုံးအမကို နာခံမှတ်သားကြရတာပါ။ ဒီလိုနဲ့ ဘုရားရှင်ရှေ့တော်မှောက်ရောက်ချိန်မှာ အရှင်လက္ခဏကမေးတော့ ရှင်မောဂ္ဂလာန်က အရှင်ဘုရား တပည့်တော်လမ်းမှာ ပြိတ္တာကြီးတစ်ကောင်ကို တွေ့လိုက်ရပါတယ်။ ဒီပြိတ္တာကြီးဟာ ကန်တော့ကန်တော့။ သူ့ ကပ်ပယ်အိတ်ကြီးက စဉ့်အိုးလောက်ကြီးရှိနေတော့ ဒါကြီး ထမ်းထမ်းပြီးသွားနေရ၊ လာနေရ။ မောရင်လည်း ဒီအပေါ်မှာပဲ ထိုင်နေတာ။ နားနေတာမြင်လို့ ပြုံးတာပါလို့ ဖြေတော်မူလာပါတယ်။ အဲဒီအခါမှာ ဘုရားရှင်က ရှင်မောဂ္ဂလာန် ဒီပြိတ္တာဟာ အရင်ဘဝတုန်းက ရာဇဂြိုဟ်ပြည်က တရားသူကြီးကွဲ့လို့ မိန့်တော်မူပါသတဲ့။ ဒါကြောင့် ချစ်လှစွာသော တရားသူကြီးများအတွက် ပညာရှိသတိဖြစ်ခဲမဖြစ်အောင်၊ သတိကပ်နိုင်အောင်၊ ဒီလိုမထမ်းရအောင် စိတ်စေတနာကောင်းနှင့် ဒီဓမ္မလက်ဆောင်ကို ဖြန့်ဝေရင်း ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးရဲ့ အဆိုကို အားပါးတရ ထောက်ခံလိုက်ရပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တန့်ဆည်မဲဆန္ဒနယ်က ဦးမြင့်ထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့

ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘယ်လောက်ပင်ကောင်းမွန်တဲ့ဥပဒေတွေ တည်ရှိနေစေကာမူ၊ ကျွန်တော်တို့ ဥပဒေပြုလွှတ်တော်ကြီးကလည်း ဘယ်လောက်ပင်ကောင်းမွန်တဲ့ဥပဒေတွေကို ပြဋ္ဌာန်းပေးစေကာမူ ဒီဥပဒေတွေကို လက်တွေ့ကိုင်တွယ်ကျင့်သုံးခွင့်ရတဲ့ တရားစီရင်ရေးမဏ္ဍိုင်က အဂတိလိုက်စားနေမယ်ဆိုရင်တော့ တရားစီရင်ရေးမဏ္ဍိုင်ဟာ ယိမ်းယိုင်လာမှာသေချာပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်ယိမ်းယိုင်ပြီဆိုရင်တော့ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေမှာဖြစ်ပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိတော့ဘူးဆိုရင်တော့ တိုင်းပြည်ရဲ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေမှာဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့၊ ဆင်းရဲတွင်းနက်နေတဲ့တိုင်းပြည်ကိုကယ်တင်ဖို့၊ ဒယီးဒယိုင်ဖြစ်နေပြီးတော့ ပြိုလဲတော့မယ့်တရားရေးမဏ္ဍိုင်ကို ကျွန်တော်တို့အစိုးရအနေနဲ့ တည့်မတ်ဖို့အချိန်ရောက်ပြီဆိုတာ သေချာပါတယ်။ နောက်ပြီး အခု ကျွန်တော်တို့တိုင်းပြည်ဟာ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေတဲ့အချိန်ပါ။ ဒီလိုအချိန်မှာ ဒီမိုကရေစီရဲ့အနှစ်သာရတွေဖြစ်တဲ့ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတွေကိုဖော်ဆောင်ဖို့ဟာ တရားရေးမဏ္ဍိုင်တည့်မတ်ဖို့ အရေးကြီးပါတယ်။ မတည့်မတ်ရင်တော့ လုံးဝဖော်ဆောင်လို့မရပါဘူး။ ဒါကြောင့်မို့ ညီမျှခြင်းဆိုတဲ့နေရာမှာ လူတန်းစားညီမျှရေးဆိုတာတောင် လုပ်ဖို့မလွယ်ဘူးဆိုတာသေချာပါတယ်။ မြန်မာလူမျိုးတွေကလည်း ကံကံ၏အကျိုးကိုယုံကြည်ကြတဲ့အတွက် ဆင်းရဲချမ်းသာကွာဟမှုတွေ၊ ရာထူးဂုဏ်ဒြပ်ကွာဟမှုတွေကိုတော့ နားလည်လက်ခံကြမယ်၊ သည်းခံကြမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါပေမဲ့ တရားစီရင်ရေးမှာ ဆင်းရဲချမ်းသာကွာဟမှု၊ ရာထူးဂုဏ်ဒြပ်ကွာဟမှုတို့နဲ့ ခွဲခြားခံရမယ်ဆိုရင်တော့ မတတ်သာလို့ လက်လျှော့ရပေမဲ့ လုံးဝလက်ခံချင်မှာမဟုတ်ဘူး၊ လုံးဝကျေနပ်မှာမဟုတ်ဘူးဆိုတာတော့ တရားသူကြီးများ နားလည်ထားစေချင်ပါတယ်။ တကယ်တော့ တရားရေးမဏ္ဍိုင်ဆိုတာ တရားမျှတတဲ့ လောကကြီးကို တည်ဆောက်ဖို့၊ ငြိမ်းငြိမ်းချမ်းချမ်း၊ လုံလုံခြုံခြုံနေထိုင်နိုင်ဖို့၊ ပျော်ရွှင်တဲ့လူ့ဘဝကြီးကို ဖြတ်သန်းနေထိုင်ဖို့ လူတွေကဖန်တီးတည်ဆောက်ထားတဲ့မဏ္ဍိုင်တစ်ခုပါ။

အခုလို လောဘ၊ ဒေါသ၊ မောဟတွေ များပြောင်လှတဲ့ခေတ်ကြီးထဲမှာ တရားမျှတတဲ့ လောကကြီးကိုတည်ဆောက်ဖို့၊ တရားရေးမဏ္ဍိုင်တည့်မတ်ဖို့ဟာ အလွန်ကိုအရေးကြီးပါတယ်။ တရားရုံးတွေ၊ ရဲစခန်းတွေ မှန်ကန်မှုမရှိဘူးဆိုရင် လူတွေက သူတို့ကိုမယုံကြည်တော့ဘူး။ မယုံကြည်တော့ အားမကိုးဘူး။ အားမကိုးတော့ အမှုအခင်းတွေပိုများလာပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်က မတရားခံရတဲ့အခါမှာ တရားဥပဒေဘောင်အတွင်းက ဖြေရှင်းလိုစိတ်မရှိဘူး။ မဖြေရှင်းချင်ကြဘူး။

ရဲ့တွေ၊ တရားရုံးတွေက အားမကိုးရပါဘူးကွာ၊ မယုံကြည်ရပါဘူးကွာဆိုပြီးတော့၊ ငွေရှိရာ၊ အာဏာရှိရာဘက်လိုက်မှာပါဆိုပြီးတော့ စိတ်လိုက်မာန်ပါဒေါသနဲ့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းလာကြတယ်၊ အဲဒီအခါ အမှုအခင်းတွေ ပိုများလာတယ်။ အကယ်၍သာ တရားရုံးတွေက အပြစ်ရှိသူကို မှန်မှန်ကန်ကန်အပြစ်ပေးမှာပါ။ သူ့အပြစ်နဲ့သူသွားမှာပါလို့သာခံစားမှုရှိရင် ဒီလိုလုပ်ချင်မှလုပ်မှာပါ။ နောက်ပြီး ကိုယ်ကစပြီးတော့ ကျူးလွန်မယ်ဆိုရင်လည်း ငွေနဲ့ပေါက်ရင်ရပါတယ်ကွာ၊ အာဏာနဲ့ပေါက်ရင်ရပါတယ်ကွာလို့ဆိုပြီးတော့ ပြစ်မှုတစ်ခုကို လွယ်လွယ်ကူကူကျူးလွန်တတ်ကြပါတယ်။ အခုတလောဖြစ်ပွားနေတဲ့ နောက်ကွယ်ကနေပြီးတော့ ငွေပေးပြီးလူသတ်ခိုင်းတာတွေဟာ ဒီစိတ်ခံစားမှုနဲ့ပတ်များပတ်သက်နေသလားဆိုတာကို ကျွန်တော် စဉ်းစားမိပါတယ်။ ဒါကြောင့်မို့လို့ တရားရေးမဏ္ဍိုင်တည့်မတ်ဖို့ဟာ ကျွန်တော်တို့အစိုးရအတွက် အလွန်ကိုအရေးကြီးပါတယ်။ ကျွန်တော်တို့လွှတ်တော်အနေနဲ့လည်း တရားရေးမဏ္ဍိုင်ကိုတည့်မတ်ဖို့ဟာ အုပ်ချုပ်ရေးမဏ္ဍိုင်ကိုတည့်မတ်ဖို့ထက် ခက်ခဲပါတယ်။ သိမ်မွေ့နက်နဲပါတယ်။ လွယ်မယောင်နဲ့ခက် တိမ်မယောင်နဲ့နက်ပါတယ်။ ကျွန်တော်တို့က မှန်မှန်ကန်ကန်ဝင်ပြီးတော့ တည့်မတ်ပေးရင်တောင်မှ တရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်တယ်၊ ဩဇာလွှမ်းတယ်၊ ဖိအားပေးတယ်လို့ ကျွန်တော်တို့ကို တံဆိပ်ခတ်ခံရမှာသေချာပါတယ်။ မစွက်ဖက်ရင်လည်း ဆယ်စုနှစ်ပေါင်းများစွာ ချွတ်ခြုံကျတဲ့တရားစီရင်ရေးဟာ ဘယ်လိုမှပြန်ကောင်းမလာနိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တရားစီရင်ရေးတည့်မတ်ဖို့ အကြံပြုချင်ပါတယ်။ အခု လက်ရှိကျင့်သုံးတဲ့တစ်ယောက်ထိုင်စနစ်အစား ဂျူရီ(ခေါ်) တရားသူကြီးအဖွဲ့နဲ့စီရင်ရင် ပိုကောင်းနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ယောက်ထိုင်စနစ်သည် လုပ်ပိုင်ခွင့်အာဏာကို ထင်ရာစိုင်းခွင့်ရတာမို့ တရားစီရင်ရေးကိုတိမ်းစောင်းစေနိုင်ပါတယ်။ လာဘ်ပေးလာဘ်ယူမှုကိုလည်း ပိုမိုလွယ်ကူစေပါတယ်။ ဂျူရီနဲ့ဆုံးဖြတ်မယ်ဆိုရင် တစ်ဦးနဲ့တစ်ဦးထိန်းညှိနိုင်ပါတယ်။ လာဘ်ပေးလာဘ်ယူမှုကိုလည်းနည်းစေပါတယ်။ ဒါကြောင့် ဂျူရီအဖွဲ့နဲ့ဆုံးဖြတ်ရင်ကောင်းမယ်လို့ ကျွန်တော် အကြံပြုချင်ပါတယ်။ နိဂုံးချုပ်အနေနဲ့ တရားသူကြီးများကို ကျွန်တော် အကြံပြုချင်ပါတယ်။ အမှန်တရားကို ချစ်မြတ်နိုးပါ၊ ရိုးသားဖြောင့်မတ်ပါ၊ မတရားမှုကိုရွံမုန်းပါလို့ပြောချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ဆွေးနွေးတဲ့အခါမှာ ကိုယ်စားလှယ်အနေနဲ့အဆိုနဲ့ တိုက်ရိုက်ပတ်သက်တဲ့အကြောင်းကိစ္စကိုပဲ ဆွေးနွေးပါ။ ဒါကြိုတင်အသိပေးပါတယ်။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီးဖြစ်ပါတယ်။ ၁၀-၂-၂၀၁၇ ရက်နေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းတဲ့ တရား ရေးကဏ္ဍတိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်ပေးရေးအတွက် ပြည်ထောင်စုတရားလွှတ်တော် ချုပ်သို့ တိုက်တွန်းသည့်အဆိုအား ကျွန်မအနေနဲ့ အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပထမဦးစွာ တင်ပြလိုတာကတော့ ရဲအရေးပိုင်မှုခင်းတွေ တည်ဆောက်တရားစွဲ ဆိုတဲ့အခါမှာ ဥပဒေလုပ်ထုံးလုပ်နည်းနဲ့ညီညွတ်ခြင်းမရှိဘဲ ချွတ်ချော်တိမ်းစောင်းနေတဲ့မှုခင်းဖြစ်စဉ် တချို့ရှိနေတဲ့အချက် ဖြစ်ပါတယ်။ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ရဲလက်စွဲလုပ်ထုံးလုပ်နည်းနှင့်အညီ မဟုတ်ဘဲ အဂတိလိုက်စားမှုအချို့ကြောင့် နိုင်ငံသူနိုင်ငံသားတွေ နစ်နာလျက်ရှိပါတယ်။ ဥပမာ အားဖြင့် ပထမသတင်းပေးတိုင်တန်းချက် (FIR) ကို ရာဇဝတ်ကျင့်ထုံးဥပဒေနဲ့အညီ သတင်းပေးချက် ရလျှင်ရခြင်း ချက်ချင်းမဆောင်ရွက်ဘဲ အဂတိတရားတစ်စုံတစ်ရာကိုမျှော်ကိုးပြီး အချိန်များစွာ ကျော်လွန်ပြီးမှ သတင်းပေးတိုင်တန်းချက် ရေးဖွင့်တာတွေဟာ များစွာနစ်နာမှုဖြစ်နေပါတယ်ရှင်။ ဒီလို ဥပဒေနှင့်မညီတဲ့ မှုခင်းဖြစ်စဉ်တွေကို တရားရုံးမှာတရားစွဲတင်ပြတဲ့အခါကျတော့ တရားရုံးအချို့ ကလည်း ဥပဒေအရ နိုင်ငံသားတွေရပိုင်ခွင့်ရှိတဲ့ အခွင့်အရေးတွေကို မျက်ကွယ်ပြု၊ ရာဇဝတ်ကျင့်ထုံး ဥပဒေ၊ သက်သေခံဥပဒေ၊ တရားစီရင်ရေးမူတွေကို မျက်ကွယ်ပြုအဆုံးဖြတ်ပေးကြတဲ့အခါမှာ တရား စီရင်ရေးကဏ္ဍတိမ်းစောင်းပြီး၊ တရားမျှတမှုမရှိတဲ့ စီရင်ချက်တွေနှင့်အညီ တရားရေးဂုဏ်သိက္ခာဟာ ကျဆင်းသည်ထက်ကျဆင်းလာတာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ မှာပြဋ္ဌာန်းချက် ဖြစ်တဲ့ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေး ရရှိစေရမည်။ ထို့အပြင် ဥပဒေရဲ့အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဆိုတဲ့ အခွင့်အရေးကို ရဖို့တောင်မှ တံစိုးလက်ဆောင်ပေးမှ ရရှိတယ်ဆိုတာ ဘယ်လိုမှဖြစ်သင့်တဲ့ကိစ္စမဟုတ်ပါဘူးရှင်။ အဂတိလိုက်စားမှုဟာ ဘယ်လောက်ထိတောင် ယဉ်ကျေးမှုဓလေ့ထုံးစံကြီးတစ်ရပ်လို ဖြစ်နေသလဲ ဆိုလျှင် တချို့တရားရေးဝန်ထမ်းအဖွဲ့အစည်းတွေဟာ ငွေကြေးတံစိုးလက်ဆောင်မပေးနိုင်တဲ့ အမှု သည်တွေကို နားလည်မှုမရှိဘူး၊ သိတတ်မှုမရှိဘူး၊ ကျေးဇူးတရားနားမလည်ဘူးစသည်တို့ဖြင့် ပြောဆိုနေကြတာတွေကို များစွာအံ့ဩဖွယ်နည်းဖွယ်ရာ တွေ့မြင်ကြားသိနေရပါတယ်ရှင်။ တရားရုံး တစ်ရုံးရဲ့ ဆုံးဖြတ်ချက်ကိုမကျေနပ်လို့ အထက်အဆင့်ဆင့် တရားရုံးတွေဆီ အယူခံမှု၊ ပြင်ဆင်မှု

တင်သွင်းကြတဲ့အခါမှာလည်း မိမိတို့အမှုတွဲလေးလက်ခံပေးဖို့ကိုပဲ အသည်းအသန် ကြိုးစားလာဘ်ငွေထိုးမှ အမှုတွဲလက်ခံပြီး ငွေကြေးတစ်စုံတစ်ရာမပေးနိုင်ရင် အကျဉ်းနည်းပလပ်တာတွေ အချို့ဟာ အမှုသည်တွေအဖို့ တရားရုံးအပေါ် ယုံကြည်မှုလျော့နည်းစေတဲ့အပြင် နစ်နာမှုများစွာဖြစ်နေစေပါတယ်။ နိုင်ငံတော်ဘက်က လိုက်ပါဆောင်ရွက်တဲ့ ဥပဒေအရာရှိတွေ တင်သွင်းတဲ့အယူခံမှု၊ ပြင်ဆင်မှုတွေဆိုရင် တရားရုံးတွေက အလိုအလျောက်လက်ခံကြားနာပေးတဲ့ အလေ့အထဟာ ဥပဒေအရ တန်းတူညီမျှမှုမရှိဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မညီညွတ်ဘူးလို့ ဒီလိုပဲပြောရတော့မှာဖြစ်ပါတယ်။ တရားစီရင်ရေးကဏ္ဍအပေါ် ပြည်သူလူထုရဲ့ ယုံကြည်အားကိုးမှုလျော့နည်းနေခြင်းဟာ တရားရေးမဏ္ဍိုင်ရဲ့ ဂုဏ်သိက္ခာပါကျဆင်းစေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နောက်တစ်ချက်တင်ပြချင်တာကတော့ တရားစီရင်ရေးအပေါ် ပြည်သူလူထုရဲ့ ယုံကြည်ကိုးစားမှု ကျဆင်းစေတဲ့အချက်တွေထဲမှာ အမှုများကြန့်ကြာနေမှုလည်း ပါဝင်ပါတယ်။ အမှုများ အလွန်အမင်းကြန့်ကြာနေခြင်းဟာ တရားရေးဝန်ထမ်းဖွဲ့စည်းပုံမပြည့်စုံဘဲ အမှုပေါင်းမြောက်မြားစွာကို စစ်ဆေးနေရတဲ့အတွက် မလိုအပ်ဘဲအမှုကြန့်ကြာနေတဲ့အခြေအနေကိုလည်း တွေ့ရှိနေရပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ပြည်ထောင်စုအစိုးရကို တင်ပြလိုတာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၉ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်ကို ကျင့်သုံးပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးအရေအတွက်ကို တိုးမြှင့်ခန့်ထားပေးဖို့နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ ပုဒ်မခွဲ(က)(၂)ပါ ပြဋ္ဌာန်းချက်အတိုင်း အမှုအခန်းမြောက်မြားစွာ စစ်ဆေးစီရင်နေရတဲ့ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်တွေမှာ တရားသူကြီးအရေအတွက်ကို တိုးမြှင့်ခန့်ထားပေးဖို့ အကြံပြုတင်ပြလိုပါတယ်။ ဒါ့အပြင် အမှုခင်းများစွာ စစ်ဆေးစီရင်နေရတဲ့ ခရိုင်နှင့်မြို့နယ်တရားရုံးတွေမှာ လိုအပ်တဲ့ ဝန်ထမ်းအင်အားအတွက်ကို တိုးမြှင့်ခန့်ထားပေးဖို့ အရေးတကြီးလိုအပ်လျက်ရှိပါတယ်။ နိုင်ငံသူနိုင်ငံသားတွေ နိစ္စဓူဝကြုံတွေ့နေရတဲ့ တရားစီရင်ရေးဆိုင်ရာအခက်အခဲတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေရဲ့အကာအကွယ်ရရှိဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေနဲ့ တင်ပြဆွေးနွေးလိုတာကတော့ တရားစီရင်ရေးအပေါ် ပြည်သူလူထုရဲ့ ယုံကြည်ကိုးစားမှုမြင့်တက်လာဖို့၊ တရားစီရင်ရေးကဏ္ဍတည့်မတ်မှန်ကန်စေဖို့၊ တရားရုံးများနှင့် နိုင်ငံ့ဂုဏ်သိက္ခာ မြင့်မားလာစေဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် အရေးတကြီးအာရုံစိုက်ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းတင်ပြအပ်ပါတယ်ရှင်။ သို့ပါ၍ ဝေါမဲဆန္ဒနယ်မှ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးတင်သွင်းတဲ့အဆိုအား လေးလေးနက်နက်ထောက်ခံတင်ပြဆွေးနွေးအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ပြုံးကေသီနိုင်(ကလောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်မအနေနဲ့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးတင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်၊ တရားစီရင်ရေးမဏ္ဍိုင်ဆိုတာ ဥပဒေစိုးမိုးရေးရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်အောင်မြင်တဲ့နိုင်ငံတစ်နိုင်ငံကို ထူထောင်ရာမှာ တရားဥပဒေစိုးမိုးရေးဆိုတာဟာ အခြေခံအကျဆုံးသော မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုရာမှာ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာစတဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာသုံးရပ်စလုံး ပါဝင်ပတ်သက်နေပေမဲ့ ယခုအဆိုနဲ့သက်ဆိုင်တဲ့ တရားစီရင်ရေးမဏ္ဍိုင်နဲ့ပတ်သက်မှုတစ်ခုတည်းကိုသာ ဝေဖန်ထောက်ပြသွားလိုပါတယ်။ စစ်ဘက်ဆိုင်ရာတရားစီရင်ရေးနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးတို့နဲ့ပတ်သက်သောကိစ္စရပ်များကလွဲလို့ တရားစီရင်ရေးမဏ္ဍိုင်နဲ့ပတ်သက်တဲ့ အခြားကိစ္စရပ်အားလုံးဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ လုံးဝဥဿုံတာဝန်ရှိနေပါတယ်။ တာဝန်ယူထားရပါတယ်။ တာဝန်ခံထားရပါတယ်။ ယခုအဆိုမှာပါဝင်တဲ့ တရားစီရင်ရေးမဏ္ဍိုင်တိမ်းစောင်းနေမှုဆိုတဲ့စကားရပ်ကို ပိုမိုရှင်းလင်းရန်အလို့ငှာ အဓိပ္ပာယ်ဖွင့်လိုပါတယ်။ နိုင်ငံတော်တစ်ခုဟာ ဘယ်စနစ်နဲ့တည်ဆောက်နေသည်ဖြစ်ပါစေ အဲဒီစနစ်ကို ပရမ်းပတာမဖြစ်အောင် အနားသတ်ပေးရတာဟာ တရားစီရင်ရေးမဏ္ဍိုင်ရဲ့ တာဝန်ဖြစ်ပါတယ်။ ဥပဒေစကားလုံးတစ်ခုချင်းစီရဲ့ အဓိပ္ပာယ်သက်ရောက်မှုဟာ နိုင်ငံတော်ကိုထူထောင်နေတဲ့ နိုင်ငံရေးစနစ်နဲ့ သဟဇာတရှိရသလို ဥပဒေတစ်ခုချင်းစီရဲ့ အသုံးပြုမှုဟာလည်း ၎င်းနိုင်ငံရေးစနစ်ကို ထူထောင်နေခြင်း၊ ကာကွယ်နေခြင်း ဖြစ်ပါတယ်။ ထိုဥပဒေစကားလုံးများနောက်ကွယ်မှာရှိတဲ့ နိုင်ငံရေး၊ လူမှုရေး၊ ရည်ရွယ်ရာပန်းတိုင်ရောက်ရှိနိုင်အောင် တရားစီရင်ရေးကဏ္ဍကို ပြည်သူလူထုနဲ့ နိုင်ငံတော်က လိုအပ်နေတာဖြစ်ပါတယ်။ အကြောက်တရားနဲ့အုပ်ချုပ်ခဲ့စဉ်က တရားစီရင်ရေးမဏ္ဍိုင်နဲ့ ပြည်သူကြားကယုံကြည်မှုဆိုတာ အရေးမပါလှပါဘူး။ ဒါပေမဲ့ ဒီနေ့အချိန်အခါလို ပြည်သူလူထုရဲ့သဘောဆန္ဒအရဖွဲ့စည်းထားတဲ့ ပြည်သူ့အစိုးရမှ ပြည်သူတွေလိုချင်နေပါတယ်ဆိုတဲ့ Democratic လူ့ဘောင်၊ ဒီထက်

မကပြောရရင် Democratic Federal ပြည်ထောင်စုကိုတည်ထောင်နေချိန်မှာ တရားစီရင်ရေး မဏ္ဍိုင်နဲ့ ပြည်သူကြားကယုံကြည်မှုဟာ မရှိမဖြစ်လိုအပ်လာပါတယ်။ Democratic လူ့ဘောင်ကို ပြည်သူလူထုအတွက် ပြည်သူလူထုအားနဲ့တည်ဆောက်ရပါတယ်။ ပြည်သူလူထုဟာ အရေးပါတဲ့ အခန်းကဏ္ဍမှာ ရှိနေသလို အဆုံးအဖြတ်ပေးနိုင်တဲ့နေရာကိုလည်း ရောက်လာပါတယ်။ ထို့အတွက် ဒီစနစ်ဖြစ်တည်အောင်မြင်ဖို့ဆိုရာမှာ ပြည်သူလူထုရဲ့နိုင်ငံရေးနည်းအားဖြင့် ပူးပေါင်းဆောင်ရွက်လာ ရေးဟာလည်း အင်မတန်မှအရေးကြီးပါတယ်။ ဒီနေရာမှာ ကျွန်မအနေနဲ့ တစ်ခုတင်ပြလိုပါတယ်။ ကျွန်မတို့လွှတ်တော်အနေနဲ့ နိုင်ငံမှာလက်ရှိကျင့်သုံးနေတဲ့စနစ်နဲ့ သဟဇာတမဖြစ်တော့တဲ့ အုပ်ချုပ် ရေးမဏ္ဍိုင်မှ ပြည်သူလူထုကို တိုက်ရိုက်ဖိနှိပ်ချုပ်ချယ်သော သဘောဆောင်တဲ့ဥပဒေများ၊ ပြည်သူ လူထုအတွက် ဝန်ထုပ်ဝန်ပိုးသာဖြစ်စေသောဥပဒေများကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းစတဲ့ လုပ်ငန်း များကို ဆောင်ရွက်ခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါဟာ အချုပ်အခြာအာဏာသုံးရပ်ကို အတတ် နိုင်ဆုံး ခွဲဝေကျင့်သုံးနိုင်ရန် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်မှ ပိုလွန်နေသော လုပ်ပိုင်ခွင့်အာဏာကို လျှော့ချခြင်းမည်သကဲ့သို့ တရားစီရင်ရေးမဏ္ဍိုင်ရဲ့ အခန်းကဏ္ဍနဲ့ လုပ်ပိုင်ခွင့်ကို မြှင့်တင်ခြင်းလည်း မည်ပါတယ်။ ဒီအခါမှာ တရားရေးဝန်ထမ်းများရဲ့ အရည်အသွေးဟာ နည်းပညာပိုင်းမှာရော၊ ကျင့်ဝတ်အရပါ ပြည့်ဝလာဖို့ အထူးလိုအပ်လာပါတယ်။ ဒါပေမဲ့ ယနေ့တရားစီရင်ရေးဟာ ပြည်သူလူထုရဲ့ မတရားခံရမှုအပေါ်မှာ ဥပဒေအရ အကာအကွယ် ပေးမယ်။ ဥပဒေနဲ့အညီ တရားမျှတမှုကို ဖြစ်စေမယ်လို့ ပြည်သူအများမှ မယုံကြည်ကြတော့ပါဘူး။ တရားစီရင်ရေးအပေါ်မှာ သံသယများစွာရှိနေကြပါတယ်။ တရားရေးဝန်ထမ်းများရဲ့ လုပ်ရည် ကိုင်ရည်၊ ကိုယ်ရည်ကိုယ်သွေးတင်သာမက ၎င်းတို့ရဲ့ ကိုယ်ကျင့်သိက္ခာအပေါ်တွင်မှာပါ ယုံကြည်မှု ပျောက်ဆုံးနေခြင်းဖြစ်ပါတယ်။ ထိုကဲ့သို့ ယုံကြည်မှုပျောက်ဆုံးနေခြင်းပင်လျှင် တရားစီရင်ရေး မဏ္ဍိုင်တိမ်းစောင်းမှုရှိနေပြီဆိုတာကို ပေါ်လွင်ထင်ရှားစေသလို ထိုကဲ့သို့ ယုံကြည်မှုပျောက်ဆုံးနေခြင်း ပင်လျှင် ကျွန်မတို့သွားနေတဲ့ ပြုပြင်ပြောင်းလဲရေးအတွက် အဓိကအတားအဆီးတစ်ခု ဖြစ်လို့လာ ပါတယ်။ နောက်ဆုံးတော့ အာဏာရှိသူတွေသာ နိုင်သွားတာပါပဲ။ ငွေများတရားနိုင်ပါကွာ စသည် အားဖြင့် ပြည်သူတွေကြားပြောဆိုနေမှုများနှင့် တရားစီရင်ရေးဟာ မိမိတို့ရဲ့နစ်နာမှုများကို တရား ဥပဒေအရ ဖြေရှင်းပြေလည်စေနိုင်လိမ့်မယ်လို့ ယုံကြည်မှုလျော့နည်းနေလာတာတစ်ကြောင်း၊ တရား ဥပဒေစိုးမိုးရေးလျော့ရဲလာတာတစ်ကြောင်းကြောင့် ပြည်သူများရဲ့ ကိုယ့်တရားကိုယ်စီရင်တဲ့ ဥပဒေမဲ့ လုပ်ရပ်များ တိုးပွားလာတာဟာ မြင့်မားလှတဲ့စံနှုန်းများနဲ့ နိမ့်ကျလှတဲ့ လက်တွေ့ဘဝအကြားက

မြန်မာပြည်အတွက် အလွန်မှအန္တရာယ်ရှိသောအခြေအနေ ဖြစ်ပါတယ်။ ကျွန်မတို့ဒီအခြေအနေကနေ ပြောင်းလဲနိုင်အောင် ကြိုးစားရပါလိမ့်မယ်။ ၎င်းပြဿနာရဲ့ အရင်းအမြစ်ကိုသိရှိအောင် ဖော်ထုတ်နိုင်ရန်လည်းလိုအပ်ပါတယ်။ ထိုအခါမှာ တရားရေးဌာနရဲ့ဖွဲ့စည်းပုံ အသွင်အပြင်လက္ခဏာ၊ လုပ်ငန်းလည်ပတ်ပုံ၊ တရားရေးဝန်ထမ်းများရဲ့ ယေဘုယျစိတ်အခြေအနေတို့တွင်သာမက ဖန်တီးထားတဲ့ ပတ်ဝန်းကျင်အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားရန်လိုအပ်မယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်။ ထိုကဲ့သို့ ပြောင်းလဲဖို့ကြိုးစားရာမှာ အာဏာအသုံးပြု၍ အတင်းအကျပ်လုပ်ဆောင်သည် မဟုတ်ပါဘဲ ပြည်သူအများလေးစားယုံကြည်အားထားထိုက်တဲ့ လျော်ကန်ဖြောင့်မတ်တဲ့ တရားစီရင်ရေးစနစ် အစားထိုးခြင်းအားဖြင့် ပြည်သူအများရဲ့စိတ်ကို ပြန်လည်ရရှိအောင် စည်းရုံးရေးနည်းအရ ဆောင်ရွက်သင့်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ပြုပြင်ပြောင်းလဲလိုတဲ့ဆန္ဒ၊ ဦးဆောင်မှုမပါဘဲ ထိုသို့သော ပြုပြင်ပြောင်းလဲမှုကို အောင်မြင်အောင်ဆောင်ရွက်နိုင်လိမ့်မယ်မဟုတ်ပါဘူး။ ဒါ့အပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ဖွင့်ထားတဲ့စိတ်နှလုံးဟာ ပြုပြင်ပြောင်းလဲရေးအောင်မြင်ဖို့အတွက် အခြေခံအကြောင်းတရားတစ်ခုဖြစ်နေတယ်ဆိုတာကို ဤနေရာမှ လေးလေးနက်နက် ထောက်ပြလိုပါတယ်။ လျော်ကန်ဖြောင့်မတ်တဲ့ တရားစီရင်ရေးစနစ်မရှိပါဘဲ အေးချမ်းသာယာမယ့်လူ့ဘောင်တစ်ခုကို တည်ဆောက်ယူလို့မရနိုင်သလို ပြည်သူအားလုံးကို လွှမ်းခြုံနိုင်မယ့် နိုင်ငံတော်စီးပွားရေးစနစ်တစ်ခုကိုလည်း မတည်ဆောက်နိုင်ပါဘူး။ ဒါ့အပြင် ကျွန်မတို့ပြောဆိုနေကြတဲ့ မည်သည့်အသွင်ကူးပြောင်းရေးလုပ်ငန်းကိုမှ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်မဟုတ်ပါဘူး။ ဒါ့ကြောင့် တရားစီရင်ရေးမဏ္ဍိုင်တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို တိုက်တွန်းတဲ့အဆိုကို ထောက်ခံလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မတော့ ဝေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ တရားစီရင်ရေးလို့ ပြောလိုက်တာနဲ့ လူတွေမြင်တာကတော့ တရားခွင်ပေါ်မှာထိုင်နေတဲ့ တရားသူကြီးတွေကိုသာ များသောအားဖြင့် တန်းမြင်တတ်ကြပါတယ်။ ဒါပေမဲ့ တရားစီရင်ရေးမှာ တရားသူကြီးတစ်ဦးတည်းနဲ့ လုပ်ဆောင်လို့

မရဘူးဆိုတာကိုကတော့ ကျွန်မတို့နားလည်ထားရမှာပါ။ တရားခွင်တစ်ခုမှာ တရားသူကြီး၊ ဥပဒေအရာရှိ၊ ရှေ့နေစတဲ့ တရားခွင်ရဲ့ဒေါက်တိုင်တွေလိုအပ်တဲ့အပြင် ရာဇဝတ်မှုတွေမှာဆိုရင် ပြည့်စုံမှန်ကန်တဲ့ အထောက်အထားတွေနဲ့ တရားစွဲတင်ရတဲ့အမှုစစ်အရာရှိ ပြည်သူ့ရဲတပ်ဖွဲ့ရဲ့ကဏ္ဍကိုလည်း မေ့ထားလို့မရသလို တရားလို၊ တရားခံ၊ တရားပြိုင်၊ သက်သေစတဲ့ ပြည်သူတွေရဲ့ပါဝင်ပတ်သက်မှုကလည်းရှိနေပြန်ပါတယ်။ ဒါကြောင့် မှန်ကန်မျှတတဲ့တရားစီရင်ရေးတစ်ခုဖြစ်လာဖို့ဆိုရင် အထက်မှာတင်ပြခဲ့သလို ပါဝင်ပတ်သက်နေတဲ့လူတွေအားလုံး ဟန်ချက်ညီဖို့ မလွဲမသွေလိုအပ်တဲ့အပြင် အဂတိတရားကင်းစင်ဖို့လိုပါတယ်။ အဂတိတရားလိုက်စားတယ်ဆိုတာ အဲဒီလိုလုပ်ဖို့ လုပ်ပိုင်ခွင့်အာဏာရှိတဲ့သူဖြစ်ပြီး သူ့ရဲ့ရာထူးတာဝန်ကို အလွဲသုံးစားလုပ်ကာ တစ်ဦးတစ်ယောက်ဖြစ်စေချင်တဲ့ကိစ္စသို့မဟုတ် မဖြစ်စေချင်တဲ့ကိစ္စကို ဥပဒေနဲ့ညီသည်ဖြစ်စေ၊ မညီသည်ဖြစ်စေ လာဘ်လာဘရယူပြီး လုပ်ဆောင်ပေးခြင်းဖြစ်ပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်က အဂတိလိုက်စားတယ်ဆိုတဲ့နေရာမှာ ပြည်သူတွေကြားဖြစ်လာတဲ့ တရားမရာဇဝတ်မှုတွေအပေါ်မှာ အဂတိလိုက်စားဖို့အခွင့်အရေးတွေ ပေါ်လာတတ်ပါတယ်။ အဲဒီအခါမှာ တရားစီရင်မှုပြုတဲ့ တရားသူကြီးများ၊ တရားစီရင်ရေးလုပ်ငန်းမှာ ပါဝင်ပတ်သက်ဆက်နွှယ်နေတဲ့လူများ၊ ဝန်ထမ်းတွေက အဂတိတရားလိုက်စားပြီးတော့ ဝန်ထမ်းကျင့်ဝတ်စည်းကမ်းတွေပျက်မယ်၊ အကျင့်သီလတွေပျက်လာတဲ့အခါမှာတော့ တရားစီရင်ရေးမဏ္ဍိုင်ကစပြီးတော့ ခြစားယိမ်းယိုင်လာတော့ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဥပဒေပညာဆိုတာ ကြီးကျယ်မြင့်မြတ်ဖြူစင်တဲ့ အတတ်ပညာတစ်ခုဖြစ်ပါတယ်။ ဥပဒေပညာရှင်ဆိုတာကလည်း ဥပဒေပညာကို ရှင်သန်အောင်ပြုသူကိုသာ ဥပဒေပညာရှင်လို့ ခေါ်ထိုက်ပြီးတော့ ဥပဒေပညာကိုအလွဲသုံးစားလုပ်၊ ဖျက်ဆီး၊ အကျိုးယုတ်အောင်လုပ်ရင်တော့ ဥပဒေပညာရဲ့ဂုဏ်ကို ပျက်ယွင်းစေကာ အများပြည်သူဒုက္ခပေးနေတဲ့သူတွေကိုတော့ ဥပဒေပညာရှင်လို့ မခေါ်ထိုက်ပါဘူး။ ဒါကြောင့် တရားစီရင်ရေးနဲ့ပတ်သက်တဲ့လူတွေအားလုံးဟာ စစ်မှန်တဲ့ဥပဒေပညာရှင်ဖြစ်ဖို့လိုပါတယ်။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေမှာဖော်ပြထားတဲ့ တရားစီရင်ရေးဆိုင်ရာမူများ ပုဒ်မ ၃ မှာဖော်ပြထားတဲ့ တရားစီရင်ရေးဆိုင်ရာအခြေခံမူ(၇)ချက်နှင့်အညီ တရားစီရင်မယ်ဆိုရင်တောင်မှ တရားစီရင်ရေးမဏ္ဍိုင်မှာ တည့်မတ်နေမှာဖြစ်ပါတယ်။ ဒီမူတွေနဲ့ ပုဒ်မ ၃ ပုဒ်မခွဲငယ်(င)နဲ့(စ)ကိုတော့ တရားစီရင်ရေးကဏ္ဍအနေနဲ့ လိုက်နာကျင့်သုံးမှုအားနည်းနေတယ်လို့ မြင်ပါတယ်ရှင်။ ဘာလို့လဲဆိုတော့ တရားစီရင်ရေးမဏ္ဍိုင်က အဓိကပုဂ္ဂိုလ်တွေဖြစ်တဲ့ တရားသူကြီး၊ ဥပဒေအရာရှိ။ အထူးသဖြင့် တရားသူကြီးတွေဟာ ပြည်သူလူထုနှင့်ထိတွေ့မှုနည်းပြီးတော့

တသီးတသန့်ဖြစ်နေကြတာများပါတယ်။ လူထုရဲ့အမြင်မှာ ပြည်သူ့ဝန်ထမ်းဖြစ်တဲ့သူတို့အပေါ်မှာ မိမိတို့ကို ဥပဒေအရ အကာအကွယ်ပေးမယ့်လူတွေလို့ မမြင်တော့ဘဲ သီးသန့်လူတန်းစား တစ်ခုလို့မြင်ပြီး တရားရုံးကိုရောက်ရင် စိုးရွံ့စိတ်၊ အားငယ်စိတ်တွေနဲ့ အကြောက်တရားစိတ်တွေသာရှိပါတော့တယ်။ စိုးရိမ်ကြောက်လန့်ကြတဲ့အတွက် အားကိုးရှာတဲ့အခါမှာ အမှုပွဲစားတွေ၊ နယ်စားပယ်စားရှေ့နေတွေ၊ အကျင့်ပျက်ဝန်ထမ်းတွေအကြိုက်ဖြစ်ပြီးတော့ အဂတိလိုက်စားဖို့ ဖန်လာပါတော့တယ်။

တစ်ခါတစ်ရံမှာ သက်ဆိုင်ရာတရားသူကြီး၊ ဥပဒေအရာရှိတွေတောင်မှမသိလိုက်ဘဲနဲ့ သူတို့ကို ခုတုံးလုပ်လက်ညှိုးထိုးပြီးတော့ ရောင်းစားသွားတာတွေလည်း အများကြီးရှိပါတယ်။ ပြည်ထောင်စု တရားစီရင်ရေးဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(င)ပါ ဥပဒေကိုပြည်သူများ နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနဲ့ ပြည်သူများက ဥပဒေကိုလိုက်နာတဲ့ အလေ့အကျင့်များ ပျိုးထောင်ပေးရေးမူအရ သက်ဆိုင်ရာတရားသူကြီးအသီးသီးက မိမိရဲ့တရားခွင်မှာသာ အချိန်မကုန်စေဘဲနဲ့ ပြည်သူနဲ့ထိတွေ့ပြီးတော့ တရားဥပဒေရဲ့သဘောသဘာဝ၊ ဆောင်ရန်ရှောင်ရန်စတဲ့အချက်တွေကို ပညာပေးဆွေးနွေးမှုများလုပ်ခြင်းဟာလည်း လူထုနဲ့ရင်းနှီးစေပြီးတော့ လူထုရင်ထဲက ခံစားချက်တွေကို သိလာကာ တရားဥပဒေကဏ္ဍမတိမ်းစောင်းရအောင် ထိန်းကျောင်းနိုင်မှာဖြစ်ပါတယ်ရှင်။

ပုဒ်မခွဲ(စ)နဲ့ပတ်သက်ပြီးတော့ ပြည်သူအချင်းချင်းနဲ့ပတ်သက်တဲ့အမှုကိစ္စများကို ဥပဒေဘောင်အတွင်းကျေအေးပြီး ပြီးပြတ်ရေးကို ဆောင်ရွက်တဲ့နေရာမှာလည်း ဥပဒေနဲ့အညီ ဆောင်ရွက်ပေးလို့ရတဲ့ကိစ္စတွေကို စေတနာသန့်သန့်နဲ့ ဆောင်ရွက်ပေးပြီးတော့ မလိုအပ်တဲ့ကုန်ကျစရိတ်တွေနဲ့ ပြည်သူကို ဝန်မပိစေဘဲ ဆောင်ရွက်စေချင်ပါတယ်။ ရှေ့နေရှေ့ရပ်တွေအနေနဲ့လည်း တရားရုံးချုပ်ရှေ့နေများကောင်စီကထုတ်ဝေထားတဲ့ ရှေ့နေရှေ့ရပ်များရဲ့ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များ၊ အခွင့်အရေးများကို စွဲမြဲစွာလက်ကိုင်ထားပြီးတော့ တရားစီရင်ရေးမဏ္ဍိုင်အတွက် ဒေါက်တိုင်ကောင်းဖြစ်ဖို့လိုအပ်ပါတယ်။ တရားသူကြီးနှင့်ရှေ့နေပါအပြန်အလှန်လေးစားတဲ့ တရားခွင်ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းကြဖို့လိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဥပဒေစိတ်ထားဆိုတာ ရိုးသားဖြောင့်မတ်ရဲရင့်တည်ကြည်မှန်ကန်မျှတမှုကို လိုလားပြီးတော့ တရားသဖြင့်ဖြစ်စေမှုကိုအလေးထားကာ ချိန်ခွင်လျှာကိုတည့်မတ်မှန်ကန်မှုကို တန်ဖိုးထားပါတယ်။ မတရားမှု၊ မမှန်မကန်မှုကိုပြုရမှာကို ရှက်တတ်ကြောက်တတ်ပါတယ်။ တရား

စီရင်ရေးကိုဖော်ဆောင်နေတဲ့ဥပဒေသမားတွေ အနက်ရောင်ကိုရွေးချယ်ဝတ်ဆင်တာက အနက်ရောင်သည်ဘာရောင်ဆိုးဆိုး ဆိုးလို့မရ၊ အစွန်းအထင်းမထင်နဂိုအရောင်အတိုင်းသာ တည်ကြည်စမြဲမို့ ဒီလိုအဓိပ္ပာယ်မျိုးနဲ့ ပြည့်စုံနေတဲ့ တရားစီရင်ရေးကဏ္ဍကြီးကို အတိမ်းအစောင်းမရှိဘဲ ပြန်လည်တည့်မတ်အောင် ကျွန်မတို့အားလုံးက ဝိုင်းဝန်းထိန်းကျောင်းဖို့လိုသလို တရားစီရင်ရေးကဏ္ဍလည်း ပြည်သူတွေထိန်းကျောင်းတာကို လိုလိုလားလား အတ္တ၊ မာနကင်းစင်စွာနဲ့ လက်ခံနိုင်ဖို့ တိုက်တွန်းရင်းနဲ့ ဦးတင်ထွေးရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ရှင်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အရေးအကြီးဆုံးကတော့ တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဟာ အလွန်ပဲအရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုမှာ အစိုးရအပေါ်မှာ စိတ်ချလက်ချယုံကြည်အားထားမှုရှိလျှင်ရှိသလောက် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး နိုင်ငံသားတိုင်းသည် မိမိတို့ဘဝ စားဝတ်နေမှုကို ကြောင့်ကျကင်းစွာဖြင့် တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တည်ဆောက်ဖန်တီးနိုင်ကြမှာဖြစ်ပါတယ်။ ပြည်သူများရဲ့ယုံကြည်မှုကို ရယူရန် တစ်ခုတည်းသောနည်းလမ်းကတော့ တရားဥပဒေစိုးမိုးရေးပဲဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုတာနဲ့ တရားစွဲအဖွဲ့အစည်းများဖြစ်တဲ့ ရဲ၊ ဥပဒေအရာရှိနှင့် တရားရေးဝန်ထမ်းများအားလုံးဟာ အဂတိတရားကင်းကင်းနဲ့ တရားစီရင်ဆုံးဖြတ်ဖို့ လိုအပ်ပါတယ်။ ယခုအချိန်မှာ ငွေနှင့်အာဏာကိုလိုက်ပြီး တရားစွဲဆိုတင်ပို့ခြင်း၊ တရားစီရင်ဆုံးဖြတ်နေခြင်းစတဲ့လုပ်ရပ်များမှာ ရုပ်ဆိုးအကျည်းတန်စွာတွေ့မြင်နေကြရပါတယ်။ ဥပမာအားဖြင့်ပြောရမယ်ဆိုလို့ရှိရင် အရင်အစိုးရလက်ထက်မှာ တောင်သူလယ်သမားများကို လယ်ယာမြေနှင့်ဆိုင်သော ပြစ်မှုများကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇၊ ၄၂၇ စတဲ့ကျူးကျော်ဝင်ရောက်မှု၊ အကျိုးဖျက်ဆီးမှုစတဲ့အာမခံရသော ပုဒ်မများဖြင့်သာ တရားစွဲဆိုနေလေ့ရှိပြီး ယခုအစိုးသစ်လက်ထက်မှာ တောင်သူလယ်သမားများကို လုယက်မှု၊ အခြားအာမခံမရသော ပုဒ်မများကိုလည်း ထည့်သွင်းပြီးတော့ ဥပဒေကို အလွဲအသုံးချပြီး အချုပ်အလပ်ထုချေခွင့်မပေးဘဲ တရားရင်ဆိုင်ခိုင်းနေခြင်းမှာလည်း မြန်မာနိုင်ငံရဲ့ ပြည်သူလူထုရဲ့ ၇၀ ရာခိုင်နှုန်းကျော်သော

တောင်သူလယ်သမားကြီးများနှင့် ယခုအစိုးရအသစ်အပေါ်မှာ ရန်တိုက်ပေးနေသလားဟုပင် ယူဆစရာများပင် ဖြစ်ပေါ်နေပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူအများယုံကြည်အားထားရမယ့် နိုင်ငံတော်ရဲ့အမြင့်ဆုံးတရားရုံးဖြစ်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်သူများ၏ ယုံကြည်အားထားမှုကို ဥပဒေအရာတွင် တန်းတူညီမျှမှုရှိအောင် အလေးထားအကောင်အထည်ဖော်ပေးရန် အထူးလိုအပ်လျက်ရှိပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)တွင် ဖော်ပြထားသော နိုင်ငံသား၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနှင့်တာဝန်များဟာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အပိုဒ် ၁ မှ အပိုဒ် ၃၀ အထိ ကြေညာချက်များနှင့် ညီညွတ်တဲ့ပြဋ္ဌာန်းချက်များလည်းဖြစ်ပါတယ်။ မူလအခွင့်အရေးတွေကို ဆုံးရှုံးနေသဖြင့် အခွင့်အရေးရယူမယ်ဆိုလို့ရှိရင် စာချွန်တော်လျှောက်ထားတောင်းဆိုနိုင်ကြောင်းကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အတိအလင်း ပြဋ္ဌာန်းထားတာကိုလည်း တွေ့ရပါတယ်။ ထိုသို့ပြဋ္ဌာန်းထားသော်လည်းပဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား လျှောက်ထားလာတဲ့ စာချွန်တော်အမှုပေါင်း ၁၂၈ မှုရှိတဲ့အနက်မှ ကနဦးအဆင့်မှာပဲ ပယ်ခဲ့တဲ့အမှုပေါင်းဟာ ၁၂၁ မှုရှိခဲ့တယ်ဆိုတဲ့ စာရင်းဇယားကိုကြည့်မယ်ဆိုလို့ရှိရင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဥပဒေအရ ကုစားခွင့်ပေးထားတယ်ဆိုသော်လည်းပဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဥပဒေအရ ခံစားနိုင်ခွင့်မရှိအောင် ပိတ်ပင်တားဆီးထားတယ်လို့ဆိုရတော့မှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများဟာ သူတို့ကို အုပ်ချုပ်လျက်ရှိတဲ့ အစိုးရရဲ့အုပ်ချုပ်မှုစနစ်အား ဥပဒေနှင့်အညီ မျှမျှတတရှိတယ်လို့ ခံစားမိကြပြီဆိုလို့ရှိရင် အချို့သော လွတ်လပ်မှုတွေက ရပိုင်ခွင့်များကို ချုပ်ချယ်တားဆီးမှုတွေရှိနေစေဦးတော့ မိမိတို့ရဲ့ လိုလားတဲ့ အောင်မြင်မှုအတွက် ဥပဒေဘောင်အတွင်းကနေပြီးတော့ လိုက်နာဖို့ ဝန်လေးကြမှာမဟုတ်ပါဘူး။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အုပ်ချုပ်သူအစိုးရဟာ ပြည်သူအများမှ ယုံကြည်မှုရရှိစေအောင် ဆောင်ရွက်ပေးရန်မှာ အုပ်ချုပ်မှုစနစ်သည် မျှတခြင်း၊ အဂတိတရားကင်းစင်သည့် အမှုအခင်းများတွင် မျှမျှတတထိထိရောက်ရောက်ကြားနာခြင်း၊ ပြည်သူကိုလည်း မျှတမှန်ကန်စွာ ကြားနာခွင့်ပေးထားခြင်း၊ အားလုံးသည် ဥပဒေအရာတွင် အခွင့်အလမ်းတန်းတူညီမျှမှုရှိခြင်း၊ ပြဋ္ဌာန်းထားသည့် ဥပဒေများသည်လည်းပဲ နှစ်ဖက်မျှမျှတတပြဋ္ဌာန်းထားသည်ဟု ခံစားသိမြင်ကြပြီဆိုလို့ရှိရင် အုပ်ချုပ်သူအပေါ်မှာ ယုံကြည်စိတ်ချမှုများရှိလာပြီဆိုလို့ရှိရင်

တရားဥပဒေစိုးမိုးပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမှာ ဧကန်မလွဲဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော် ဝေါမဲဆန္ဒနယ်က ဦးတင်ထွေး တင်သွင်းသော တရားရေးကဏ္ဍတိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းကြောင်းအဆို အား ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး တင်သွင်းခဲ့တဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများအခန်း(၁) ပုဒ်မ ၁၉ မှာ ဥပဒေနှင့်ညီညွတ်မျှတတဲ့ တရားစီရင်ရေးမူဝါဒတွေကို ချမှတ်ထားပါတယ်။ ပုဒ်မ ၂၉၄ မှာ လည်း တရားစီရင်ရေးသုံးမျိုးရှိပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ နိုင်ငံတော်ရဲ့အမြင့်ဆုံး တရားရုံးဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်တို့က အုပ်ချုပ် ကွပ်ကဲတဲ့တရားရုံးတွေဟာ နိုင်ငံရဲ့တရားရေးမဏ္ဍိုင်ပဲ ဖြစ်ပါတယ်။ နိုင်ငံသားများရဲ့မူလအခွင့်အရေး များ၊ လူ့အခွင့်အရေးများထိပါးလာလျှင် တရားရုံးအဆင့်ဆင့်မှာ မှုခင်းများလက်ခံပြီး ဥပဒေကျင့်ထုံး များ၊ တရားစီရင်ထုံးများနှင့်အညီ စီရင်ခြင်းများ ပြုလုပ်ရပါတယ်။ ရာဇဝတ်ပြစ်မှုကျူးလွန်သူကို ထိုက်သင့်တဲ့ပြစ်ဒဏ်များပေးပြီး ဥပဒေနှင့်အညီ နေထိုင်သူကို ကာကွယ်ပေးတာဟာ တရားစီရင်ရေး ကဏ္ဍ ဖြောင့်မတ်မှန်ကန်စွာဖွံ့ဖြိုးတိုးတက်တာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ် ရုံမျှမကဘဲ ထိုသို့အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်လို့ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မောင်ရွှေ(ခ)မောင်ရှည်ပါတရားစီရင်ထုံးမှာ ဆိုပါတယ်။ တရားစီရင်ရေးကဏ္ဍ ယိမ်းယိုင်နေတာ အခုမှ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော်ကာလကတည်းက အုပ်ချုပ်ရေးလောင်းရိပ်မိခဲ့ရပြီး ပြည်သူလူထု ယုံကြည်မှုမဲ့ခဲ့ရတာပါ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီက လက်ခံရရှိတဲ့ တိုင်စာပေါင်း ၇၂၀၀ ကျော်မှာ တရားစီရင်ရေးနှင့်ပတ်သက်တဲ့ တိုင်စာ ၃၅၀၀ ရှိခဲ့ပါ တယ်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း လွှတ်တော်ကို တင်သွင်းခဲ့တဲ့ အစီရင်ခံစာမှာ တရားစီရင် ရေးတွင် အဂတိတရားများ လွှမ်းခြုံလျက်ပင်ရှိသေးသည်လို့ မှတ်ချက်ပြုတင်ပြခဲ့တာ လေ့လာနိုင်ပါ

တယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အာဏာ သုံးရပ်ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲပြီး အချင်းချင်းအပြန်အလှန်ထိန်းကျောင်းတယ်လို့ ပြဋ္ဌာန်းပါ တယ်။ ဥပဒေပြုရေးကဏ္ဍ၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍကပဲဖြစ်ဖြစ် လုံးဝပိုင်းခြားသုံးစွဲပြီး အပြန်အလှန်မထိန်းကျောင်းရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ရာကျပါတယ်။ တရားစီရင်ရေး ကဏ္ဍတိမ်းစောင်းနေရတဲ့အချက်တွေထဲမှာ ပြည်သူလူထုနေ့စဉ်နီးပါးကြုံတွေ့နေတာကတော့ အမှုတွေ တရားစီရင်ရာမှာ မလိုအပ်ဘဲကြန့်ကြာနေခြင်း၊ အဂတိတရားများကြောင့် ဥပဒေကျင့်ထုံးများ၊ တရားစီရင်ထုံးများနှင့်အညီ မဆုံးဖြတ်ခြင်းတို့ပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံသားများ၏ မူလအခွင့်အရေးအရ ဥပဒေကြောင်းအရ နစ်နာမှုတွေအတွက် ရာဇဝတ်အယူခံမှု(၅၂/၁၉၇၄) ဦးစိန်မြနှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ စာ-၂၃ ဟာ အလွန်ကျော်ကြားတဲ့အမှုဖြစ်ပြီး တရားမျှတတဲ့ စီရင်ထုံးလည်းဖြစ်ပါတယ်။ သို့သော် ရွှေလအိန္ဒြေမိသားစုကုမ္ပဏီလီမိတက်နှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်၊ ၂၀၁၅ မှာတော့ လက်အောက်ခံတရားရုံးများ၏ဆုံးဖြတ်ချက်အပေါ် အယူခံမှု တင်သွင်းခြင်း သို့မဟုတ် ပြင်ဆင်မှုလျှောက်ထား၍ အမြင့်ဆုံးတရားရုံးဖြစ်သော ပြည်ထောင်စုတရား လွှတ်တော်ချုပ်က ဆုံးဖြတ်ပြီးဖြစ်ပါက အမြင့်ဆုံးတရားရုံး၏ဆုံးဖြတ်ချက်အပေါ် အဆင့်တူအမြင့်ဆုံး တရားရုံးက ကြီးကြပ်ကွပ်ကဲမှုအာဏာ သို့မဟုတ် ကြီးကြပ်မှုအာဏာကို သုံးစွဲ၍ စာချွန်တော်အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်နိုင်မည်မဟုတ်ချေဆိုတဲ့ စီရင်ထုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၇၊ ပုဒ်မ ၃၇၈ အရနိုင်ငံသားများ၏မူလအခွင့်အရေးဆုံးရှုံးရင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော် (၅)မျိုးတင်ပိုင်ခွင့်ရှိတယ်ဆိုတဲ့ပြဋ္ဌာန်းချက်ကို ကျော်လွန်ရာလည်းရောက်နေပါတယ်ရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ တရားစီရင်ရေးကဏ္ဍကို ဖြည့်ဆည်းပေးရမှာ တွေကတော့ တရားစီရင်ရေးအဖွဲ့ဝင်တွေ နိုင်ငံတကာစံချိန်နှင့်အညီ စွမ်းဆောင်ချက်တွေ တိုးတက်လာ ဖို့၊ တရားရုံးတွေရဲ့ စီမံခန့်ခွဲမှုတွေကောင်းမွန်လာဖို့၊ လုံခြုံရေးအစီအမံတွေ မြင့်မားလာစေဖို့ ပံ့ပိုးပေး သင့်သလို လာဘ်စားမှုလျော့ကျစေဖို့အတွက် ဝန်ထမ်းကောင်းတွေကိုလည်း ချီးမြှင့်မှုတွေလုပ်သင့်ပါတယ်။ တရားရုံးတွေအပေါ်မှာ ပြည်သူလူထုယုံကြည်မှုနည်းပါးရတဲ့အကြောင်းတစ်ခုဖြစ်တဲ့ စာနှင့်ရေးသား ရတဲ့တရားစီရင်ချက်တွေ အချိန်နှင့်တစ်ပြေးညီ ရရှိအောင်လည်း လုပ်ဆောင်သင့်ပါတယ်။ တရားစီရင်ပိုင်ခွင့်ရှိတဲ့ပုဂ္ဂိုလ်တွေကို အဂတိတရားကြောင့် တိုင်ကြားလာမှုတွေရှိလာရင်လည်း ဥပဒေနှင့်အညီ ပွင့်လင်းမြင်သာစွာ စစ်ဆေးပြီး ထိရောက်စွာအရေးယူမှုတွေကိုလည်း ပြုလုပ်သင့်ပါ

တယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ လိုအပ်နေသေးတဲ့ အချက်အလက်တွေကတော့ ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတွေပဲ ဖြစ်ပါတယ်။ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီက တရားရေးမညီမျှမှုတိုင်စာ ၁၀ စောင်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို တင်ပြတဲ့အခါ တစ်စောင်သာ ကော်မတီကို ပြန်ကြားခဲ့တာ ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၈ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်အစည်းအဝေးတွေမှာ တရားစီရင်ရေးဆိုင်ရာ အခြေအနေတွေကို အခါအားလျော်စွာ တင်ပြနိုင်တယ်လို့ ပြဋ္ဌာန်းပါတယ်။ အခုလို နိုင်ငံနှင့်အဝန်း ပြည်သူတို့ရဲ့တိုင်ကြားစာအရရော၊ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့တင်ပြချက်အရရော၊ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာတွေမှာ ရေးသားဖော်ပြချက်အရရော တိမ်းစောင်းနေပါတယ်ဆိုတဲ့ တရားရေးကဏ္ဍအခြေအနေမှန်တွေကို လာရောက်တင်ပြသင့်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တရားစီရင်ရေးကဏ္ဍယိမ်းယိုင်လာခြင်းဟာ ပြည်သူလူထုရဲ့လွတ်လပ်လုံခြုံမှုကို ထိခိုက်စေပြီး ပဋိပက္ခတွေဖြစ်ပေါ်လာနိုင်စေတဲ့အတွက် လူမှုရေးဖွံ့ဖြိုးမှုကို ထိခိုက်နိုင်သလို ရင်းနှီးမြှုပ်နှံမှုတွေအတွက် စာချုပ်စာတမ်းများ အတည်ပြုဆောင်ရွက်နိုင်ခြင်းကို ထိခိုက်နိုင်တဲ့အတွက် စီးပွားရေးဖွံ့ဖြိုးမှုကိုလည်း ထိခိုက်နိုင်ပါတယ်။ မြေယာအငြင်းပွားမှုနဲ့ သယံဇာတ အငြင်းပွားမှုတွေအပေါ်မှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာတွေကို ဖြေရှင်းဖို့ အယုံအကြည်မဲ့လာရင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထိခိုက်လာနိုင်ပါတယ်။ အရေးအကြီးဆုံးကတော့ ကျွန်မတို့နိုင်ငံရဲ့တရားစီရင်ရေးကဏ္ဍယိမ်းယိုင်နေမှုကို မထိန်းကျောင်းနိုင်ရင် ကမ္ဘာ့အလယ်မှာ မျက်နှာငယ်အထင်သေးခံရနိုင်တဲ့အတွက် ကျွန်မတို့နိုင်ငံမှာရှိတဲ့ ပြည်သူလူထုအားလုံးရဲ့ နိုင်ငံရေးအရ ထိခိုက်လာနိုင်တဲ့အတွက် ဒီအဆိုကို အလေးအနက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးခင်ဗျား။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)

မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင် ဖြစ်ပါတယ်။ ကျွန်တော်က ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းထားတဲ့ တရားစီရင်ရေး မဏ္ဍိုင်တိမ်းစောင်းနေတဲ့အတွက် ပြည်ထောင်စုတရားရုံးကနေပြီးတော့ တည့်မတ်ပေးဖို့အဆိုကို ကျွန်တော်ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်ကပြောချင်တာ တရားစီရင်ရေးမဏ္ဍိုင်တိမ်းစောင်းနေတယ်ဆိုတာက ယဉ်ယဉ်ကျေးကျေးလေးပြောတဲ့စကားပါ။ တရားစီရင်ရေးမမှန်မကန်လုပ်နေတယ်လို့ စွပ်စွဲလိုက်တဲ့စကားပါပဲ။ တရားစီရင်ရေးဟာ မမှန်မကန် လုပ်နေတယ်။ အဂတိလိုက်စားတယ်။ ဘာကြောင့် မမှန်မကန်ဖြစ်နေလဲဆိုတော့ အဂတိလိုက်စားမှုက အလွန်အမင်းထူပြောနေပါတယ်။ ငွေများတရားနိုင်ဆိုတဲ့ကိစ္စဟာ ဒီမှာပေါ်လွင်ထင်ရှားတဲ့အတွက် ဒီအဆိုဟာ ဒီလွှတ်တော်တင်မဟုတ်ဘဲနဲ့ တိုင်းဒေသကြီးလွှတ်တော်တွေမှာ ဒီလိုအလားတူအဆိုတွေ တင်သွင်းဆွေးနွေးနေကြတယ်လို့ မီဒီယာကနေတစ်ဆင့် ကျွန်တော်သိရပါတယ်။ အဲဒီတော့ ဒီနေရာမှာ တရားစီရင်ရေးရဲ့အဓိကတာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေက တရားသူကြီးတွေပါ။ အဲဒီ တရားသူကြီးတွေက လုပ်နေတဲ့ကိစ္စဖြစ်နေတဲ့အတွက် ဘာကြောင့်တိမ်းစောင်းသွားရတာလဲ။ ဒါစဉ်းစားဖို့ရှိတယ်။ အဲဒီတော့ တရားသူကြီးတွေ တိမ်းစောင်းဖို့အတွက် သူ့အတွက်အခွင့်အလမ်းပေးထားတဲ့ ဥပဒေရှိတယ်။ ဘယ်မှာဆိုလိုထားလဲဆိုတော့ ပြစ်မှုဆိုင်ရာဥပဒေမှာ အခန်း(၄) ပုဒ်မ ၇၇ တရားစီရင်မှု ဆောင်ရွက်ရာ၌ တရားသူကြီးတစ်ဦးသည် ဥပဒေအရ မိမိရရှိထားသောအာဏာကို သို့တည်းမဟုတ် ဥပဒေအရ မိမိရရှိသည်ဟု သဘောရိုးနှင့် ယုံကြည်သည့်အာဏာကို သုံးစွဲဆောင်ရွက်လျှင် ထိုသို့ ဆောင်ရွက်ခြင်းကို ပြစ်မှုမမြောက်ဘူး။ တရားသူကြီးတစ်ယောက်က သူ့မှာရှိတဲ့အာဏာသုံးရင် ဒါမှ မဟုတ် သူ့မှာမရှိပေမဲ့လည်း ရှိတယ်လို့ယုံကြည်ပြီးသုံးရင်တောင် ဥပဒေအရ ပြစ်မှုမမြောက်ဘူး။ ဘာမှ လုပ်မရဘူး။ နောက်တစ်ချက် တရားစီရင်ချက် သို့တည်းမဟုတ် အမိန့်ကို ထုတ်ဆင့်ရန် တရားရုံး၌ အာဏာမပိုင်သော်လည်း အာဏာပိုင်သည်ဟု သဘောရိုးနှင့် ယုံကြည်ပြီး ပြုလုပ်လျှင် ထိုတရားရုံး၏ စီရင်ချက်အရဖြစ်စေ၊ စီရင်ချက်နှင့်အညီဖြစ်စေ၊ အမိန့်အရဖြစ်စေ၊ အမိန့်နှင့်အညီဖြစ်စေ ထိုစီရင်ချက် သို့တည်းမဟုတ် ထိုအမိန့်သည် တည်ဆဲတွင်ပြုလုပ်သော ပြုလုပ်မှုများသည် ပြစ်မှု မမြောက်ဘူး။ အဲဒီတော့ တရားရုံးက ခိုင်းတဲ့အလုပ်တွေကို လုပ်တဲ့ဟာကိုလည်း ပြစ်မှုမမြောက်ဘူး။ ဒါကတော့ ဒီဥပဒေက ဒီခေတ်မှာရေးတဲ့ဥပဒေမဟုတ်ပါဘူး။ အင်္ဂလိပ်လက်ထက်၊ ကိုလိုနီလက်ထက် ကတည်းက ပြဋ္ဌာန်းထားတဲ့ဥပဒေဖြစ်ပါတယ်။ အဲဒါက တရားသူကြီးတွေရဲ့ဂယ်ပေါက်ပါ။ တရားသူကြီးတွေက ဒီဥစ္စာကို ကောင်းကောင်းအသုံးချတယ်။ ခေတ်အဆက်ဆက် တရားသူကြီးတွေပါ

ဆင်းဆင်းရဲရဲတစ်ယောက်မှမရှိဘူး။ အကုန်လုံးချမ်းသာနေတယ်။ ရတဲ့လစာနဲ့ မမျှမတနေထိုင်နေနိုင်တယ်။ အဲဒါကို ကြည့်ခြင်းအားဖြင့် ဘာတွေ့လဲဆိုတော့ တရားသူကြီးတွေက ဒီပုဒ်မနှစ်ခုက သူ့ကို အကာအကွယ်ပေးထားတယ်။ သူက ဘာစီရင်စီရင် သူပြစ်မှုမမြောက်ဘူး။ မှားယွင်းစီရင်ရင်လည်း ပြစ်မှုမမြောက်ဘူး။

အဲဒီတော့ ကျွန်တော်က ဥပမာတစ်ခုပေးချင်ပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်လောက်က ခွဲစိတ်ကု ပါမောက္ခသမားတော်ကြီးဆရာဝန်ကြီးတစ်ယောက်က သွေးလွန်တုပ်ကွေးနဲ့ ရောက်လာတဲ့ မိန်းကလေးတစ်ယောက်ကို အူအတက်ပေါက်တယ်ထင်ပြီးခွဲလိုက်တယ်။ သေသွားတယ်။ သူ ငွေပေါင်းသိန်းထောင်နဲ့ချီ လျော်ရတဲ့အပြင်ကို သူ့ကို ဆေးကောင်စီက ပြစ်ဒဏ်စီရင်ပါတယ်။ သူက Innocence ပါ။ သူ့ဆီရောက်လာတဲ့ဥစ္စာကို သူစမ်းသပ်ပြီးတော့ လုပ်လိုက်တာ အဆောတလျင် စမ်းသပ်ချက်က မှားသွားတဲ့အတွက် သူအပြစ်ပေးခံရပါတယ်။ ထပ်ပြောရမယ် ဒီထက်ပိုမိုလွယ်ကူတဲ့ဥစ္စာ။ ဘာလဲဆိုတော့ မော်တော်ယာဉ်မောင်းတစ်ယောက်ဟာ သူ့ဟာသူမောင်းသွားတဲ့အခါမှာ ကလေးတစ်ယောက် သို့မဟုတ် စက်ဘီးတစ်စင်းကို ရှောင်လိုက်တဲ့အခါမှာ လမ်းဘေးက ဓာတ်တိုင် သို့မဟုတ် အခြားတစ်ခုခုဝင်တိုက်မိတယ်။ သဘောရိုးပါ။ Very Innocence ပါ။ အဲဒီဥစ္စာကို သဘောရိုးနဲ့လုပ်တယ်ဆိုပြီး ခွင့်မလွှတ်ဘူး။ အပြစ်ပေးတယ်။ အဲဒီဥစ္စာ စက္ကန့်ပိုင်းလေးတွေမှာ ဆုံးဖြတ်ပြီးလုပ်ရတယ်။ ကားသမားတစ်ယောက်ရဲ့ဘဝမှာ စက္ကန့်ပိုင်းလေးနဲ့ ထောင်ကျသွားတယ်။ သေချာကြည့်။ အပြစ်အတွက် ခွင့်မလွှတ်ဘူး။ ဒါပေမဲ့ တရားသူကြီးရဲ့ဆုံးဖြတ်ချက်မှားတဲ့အခါကျတော့ ဘာမှပြန်လုပ်လို့မရဘူး။ ထောင်ကျတဲ့သူ ကျသွားတယ်။ အဲဒီတော့ တရားသူကြီးနဲ့ ဆရာဝန်ပြောတဲ့ဟာသတစ်ခုပေါ့။ တရားသူကြီးကပြောတယ်။ ဆရာဝန်ကြီးတဲ့၊ ခင်ဗျားလုပ်လိုက်လို့ လူတစ်ယောက်က မြေကြီးထဲကို လေးပေလောက်ရောက်သွားတယ်။ ဟိုတစ်ယောက်ကလည်း ပြန်ပြောတယ်။ တရားသူကြီး ခင်ဗျားမှားလိုက်တာ။ လူတစ်ယောက်ဟာ လေထဲမှာ လေးပေလောက် မြောက်သွားတယ်။ ဘာလဲဆိုတော့ ဆွဲကြိုးချသတ်လိုက်တာ။ တရားသူကြီးတစ်ယောက်ရဲ့လုပ်ပိုင်ခွင့်က လူတစ်ယောက်ကို သေဒဏ်ပေးနိုင်တဲ့အထိတောင်။ ဘယ်နိုင်ငံမှာမဆို တရားသူကြီးရဲ့လုပ်ပိုင်ခွင့်က အမြင့်ဆုံးပါ။ နိုင်ငံခြားမှာဆိုရင် သမ္မတကိုတောင်အမိန့်ပေးနိုင်တယ်။ အဲဒီတော့ ဒီလိုလူတွေက ဘယ်သူတွေလဲဆိုတာ ကျွန်တော်တို့ ပြန်ဆန်းစစ်ရမယ်။ မဆလခေတ်တုန်းကတော့ ပြည်သူ့တရားစီရင်ရေးက တရားသူကြီးတွေကို မပြောလိုတော့ပေမဲ့ ဒီ နဝတခေတ်နဲ့ ဒီမိုကရေစီခေတ်မှာ တက်လာတဲ့တရားသူကြီးတွေက ပညာရှိတရားသူကြီးတွေပဲ။ ဥပဒေပညာနဲ့ဘွဲ့ရတယ်။ သင်တန်းတွေ

တက်တယ်။ တရားသူကြီးဖြစ်တယ်။ အဲဒီလူတွေက မှားယွင်းဆုံးဖြတ်တယ်ဆိုတာကို သဘောရိုးနဲ့ဆိုတဲ့ စကားကို လက်ခံပါသလား။ သေချာစဉ်းစားကြည့်ပါ။ အဲဒါကြောင့်မို့လို့ အဲဒီပုဒ်မတွေ ဖျက်သိမ်းသင့်ပါတယ်။ အဲဒါက သဘောရိုးနဲ့မဟုတ်ဘူး။ အဂတိအတွက် ဂယ်ပေါက်တစ်ခုဖြစ်တယ်လို့ တင်ပြရင်း နိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်း၊ ပြည်ထောင်စုတရားသူကြီးခင်ဗျား။ ကျွန်တော်ကတော့ ပုဇွန်တောင်မြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ဖြစ်ပါတယ်။ ကျွန်တော် အခုဆွေးနွေးမယ့်အဆိုကတော့ ဝေါမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းတဲ့ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုတိုက်တွန်းတဲ့အဆိုဖြစ်ပါတယ်။ အဲဒီတော့ ထင်ရှားတဲ့စီရင်ချက်၊ ဆုံးဖြတ်ချက်တစ်ခုကို ကျွန်တော် ဖတ်ပြပါမယ်။ အစိုးရအဖွဲ့တစ်ဖွဲ့ ထူးကဲကောင်းမွန်ခြင်းရှိ/မရှိကို တိုင်းတာရာတွင် ယင်းအစိုးရ၏တရားစီရင်ရေးစနစ် သွက်လက်ထက်မြက်မှုကို အဓိကထားတိုင်းတာခြင်းထက် သာလွန်ကောင်းမွန်သောတိုင်းတာနည်းမရှိပေ။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံသားများ၏ ဘဝလုံခြုံရေးနှင့်သာယာရေးအတွက် တရားဥပဒေထက် ပို၍ထိတွေ့ခံစားရသောအရာဟူ၍ မရှိခြင်းကြောင့်ဖြစ်တယ်လို့ Lord Bryce ဆိုတဲ့တရားသူကြီးတစ်ယောက်ကပြောသွားပါတယ်။ အဲဒီအခါကျတော့ တိုင်းပြည်တစ်တိုင်းပြည်ရဲ့ အစိုးရရဲ့အရည်အသွေးကို ဘာနဲ့တိုင်းရသလဲဆိုတော့ တရားစီရင်ရေး ဘယ်လောက်အထိတည်ငြိမ်ခိုင်မာနေသလဲနဲ့ တိုင်းရပါတယ်။ အဲဒီအခါကျတော့ အခု ကျွန်တော်တို့က ဦးတင်ထွေးရဲ့အဆိုကိုကြည့်လိုက်တဲ့အခါမှာ သူကဘာနဲ့သွားတာလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)အရ အချုပ်အခြာအာဏာတွေကို ဖြာထားတယ်။ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးခွဲထားတယ်။ ဒါပေမဲ့ ဒါတွေကို ပိုင်းခြားထားသော်လည်း အပြန်အလှန်ထိန်းကျောင်းကြမယ်။ အဲဒါကြောင့်မို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တင်ထားတဲ့အဆိုဖြစ်တယ်။ အဲဒီတော့ တစ်ခါ တရားသူကြီးတွေရဲ့အရည်အသွေးကို ကြည့်ကြရအောင်။ ဘာဖြစ်လို့လဲဆိုတော့ ကိစ္စတိုင်း၊ ကိစ္စတိုင်းမှာ တစ်ခုခုကမှားပြီဆို ခေါင်ကစစဉ်းစားတာသိပ်မှန်တယ်။ အဲဒီလိုမစဉ်းစားဘဲ အောက်ခြေက တွဲဖက်တရားသူကြီးလောက်မစဉ်းစားဘူး။ စဉ်းစားမယ်။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေတုန်းကဆိုရင် တရားသူကြီးဖြစ်ဖို့အတွက် High Court တရားသူကြီး ငါးနှစ်ရှိရတယ်၊ နောက်ပြီးရင် ရှေ့နေဆို

လုပ်သက် ၁၅ နှစ် တရားလွှတ်တော်ရှိရတယ်။ နောက်ကျတော့ ပြည်သူ့တရားသူကြီးခေတ်ကျတော့ ပြည်သူ့ကိုယ်စားလှယ်တွေ ဆိုက်ကားဆရာ၊ လယ်သမား အားလုံးဖြစ်တယ်။ ဒါ ပြည်သူက ရွေးချယ်တယ်။ အခု ကျွန်တော်တို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တော်တော်ထူးခြားတယ်၊ တော်တော်ကောင်းတယ်။ ဘယ်လိုကောင်းသလဲဆိုတော့ သူက တရားလွှတ်တော်ချုပ်တရားသူကြီးဖြစ်ဖို့ဆိုတာ တိုင်းတရားသူကြီးလုပ်သက်ငါးနှစ်ရှိရမယ် ဒါမှ မဟုတ်ရင် ဥပဒေဝန်ထမ်းဆိုရင် ၁၀ နှစ်ရှိရမယ်။ တရားလွှတ်တော်ရှေ့နေဆိုရင် အနှစ် ၂၀ ရှိရမယ်။ ဒီ့ထက်ပိုကောင်းတဲ့ Special တစ်ခုရှိပါသေးတယ်။ ထင်ရှားကျော်ကြားသည့်ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ၊ တကယ့်စူပါပဲ။ တကယ့်ကောင်းတဲ့ တရားသူကြီးတွေနဲ့ ကျွန်တော်တို့က တရားစီရင်ရေးကိုတည်ဆောက်ထားတယ်၊ ဆိုတော့ လုပ်သက်တွေရှိတယ်၊ ပညာတွေရှိတယ် ဒါဆိုရင် ဒီ Mechanism ကြီးကိုလည်းအောင် ဒီပညာရှိ၊ ဥပဒေဘွဲ့ရ၊ နှစ်ပေါင်းများစွာလုပ်သက်ရှိတဲ့လူတွေက ဘာဖြစ်လို့မလုပ်နိုင်ရမှာလဲ။ ကျွန်တော်တို့နတ်စကားနဲ့ပြောရင် ၃၇ မင်း ပန်းမကိုင်ဘဲကျအောင် ကနိုင်တဲ့သူတွေပါ။ ဒီတရားသူကြီးတွေက သေဆိုရင်လည်း သေလို့ရတယ်၊ ရှင်ဆိုလည်း သူတို့က နှစ်မျိုးလုံးတတ်တယ်။ ကျွန်တော်တို့သိတယ်။

ဒါပေမဲ့ အခု ကျွန်တော်တို့က သွားကြည့်လိုက်တယ်။ နောက်တစ်ခါ တရားစီရင်ရေးရဲ့ လွတ်လပ်ရေးဘယ်လောက်ရှိတယ်။ Policy Case ဆိုပြီး ဆိုရှယ်လစ်ခေတ်တုန်းကလိုလည်း ဖုန်းမဆက်ပါဘူး။ နောက်တစ်ခါ စာအိတ်ကလေးနဲ့လည်း ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကလည်း တစ်ခါမှပို့ဖူးမှာမဟုတ်ပါဘူး။ ဒါပေမဲ့ လွတ်လပ်တဲ့တရားစီရင်ရေးကို ကျွန်တော်တို့ ဘယ်တော့မှဝင်မစွက်ဖက်ဖူးဘူး။ ဒါပေမဲ့ ဘာဖြစ်နေလဲ။ တရားရုံးတွေက အချိန်မလေးစားဘူး။ ပထမဆုံးအချက်။ ကျွန်တော်တို့က ကိစ္စတစ်ခုကိုပြောမယ်ဆို အသေးစိတ်ကအစ အချိန်မလေးစားဘူး။ Course List မထွက်ဘူး၊ Course List ထွက်တယ် အချိန်မလေးစားဘူး။ အဲဒီတော့ တရားရုံးတွေမှာ ဘာဖြစ်နေလဲ။ Order 9, Rule 6 နဲ့ပယ်တယ်မရှိဘူး၊ Order 9, Rule 8 နဲ့ ပယ်တယ်မရှိဘူး။ Order 17, Rule 2 နဲ့ပယ်တယ်မရှိဘူး။ ပြစ်မှုဆိုင်ရာအရကြည့်မယ်ဆိုလည်း ၄၂၇ နဲ့ပယ်တယ်၊ အကျဉ်းနည်းနဲ့ပလပ်တယ်ဆိုတာမရှိဘူး။ အမှုတွေကများနေတယ်။ နောက်တစ်ခု ပြောမယ် မိတ္တူကူးတဲ့ကိစ္စ။ စီရင်ချက်တွေ ကျွန်တော်တို့ အခုခေတ်က သိပ်ထူးဆန်းတယ်၊ သိပ်မိုက်တယ်။ ဘယ်လိုလဲဆိုတော့ လက်နှိပ်စက်ခေတ်မဟုတ်ဘူး၊ Copier ခေတ် အလွန်မြန်တယ်။ ဒါပေမဲ့ မိတ္တူကူးတဲ့အခါမှာ သေကောင်ပေါင်းလဲလုပ်နေရတယ် မိတ္တူကူးတဲ့ကိစ္စမှာ။ နောက်တစ်ခါ လျှောက်လဲချက် စာနဲ့ရေးတင်

**မူကြမ်း**

ခိုင်းတယ်။ ဒါက BCM နဲ့ဆန့်ကျင်တယ်။ နောက်တစ်ခါ သက်ငယ်မုဒိမ်းမှု ဖြစ်တယ်။ ဒေါ်ခင်စောဝေ တင်တော့ အဲဒီမှာ တရားသူကြီးက ပြန်လည်ရှင်းပြသွားတယ်။ မဟုတ်ပါဘူးတဲ့ ကျွန်တော်တို့က ဒီအမှု တွေကိုတဲ့ မြို့နယ်တရားရုံးမှာ တစ်သက်တစ်ကျွန်းအမှုကို စစ်ခိုင်းမိလို့ပါတဲ့။ ဘယ်လိုလဲပြောရရင်။ ဒါကို ခင်ဗျားတို့မသိဘူးလား။ အဲဒါဆိုရင် ခင်ဗျားတို့မှာအာဏာမရှိဘူးလား။ ကျင့်ထုံးပုဒ်မ ၄၃၅ အရ Call for Proceeding လုပ်လို့ရတယ်မဟုတ်လား။ ခင်ဗျားတို့ အမှုတွဲ ခေါ်စစ်လို့ရတာပဲ၊ မစစ်ဘူး။ အခု ကျွန်တော်တို့လုပ်နေပါပြီတဲ့ဆိုတော့ အဲဒါမျိုးတွေဖြစ်တယ်၊ အာမခံပေးရမယ့်ပုဒ်မ လွယ်လွယ်လေး စဉ်းစားလို့ရတယ်၊ ဒီတရားခံဟာ ထပ်မကျူးလွန်ဘူးဆိုရင် ပေးလို့ရတယ်၊ သက်သေခံမဖျက်ဆီးဘူး ဆိုရင်ပေးလို့ရတယ် ဟုတ်တယ်မို့လား။ ဒါတွေကို သူတို့ ကြည့်နေကြတယ်။ ဒါတွေအားလုံးဟာ အပေါ်ကမြင်နေရတယ်။

နောက်တစ်ခုက တရားရုံးတွေကို ရန်ကုန်နှင့်မန္တလေးကိုရွှေ့ပေးပါ။ ကျွန်တော်တို့ကတော့ အဆင်ပြေတာပေါ့။ ကျွန်တော်တို့အဆင်ပြေပေမဲ့ ပြည်သူကအဆင်မပြေဘူး။ အဲဒီအခါကျတော့ ဒီတရားစီရင်ရေးရဲ့အားနည်းချက်တွေဟာ ကျွန်တော်တို့ ပြစ်တင်ရှုံ့ချလိုက်လို့ရတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပုဒ်မ ၃၀၂ မှာ တရားရုံးကို ပြစ်တင်ရှုံ့ချလို့ရတယ်။ လွှတ်တော်အမတ်အများကြီး မလိုဘူး။ သုံးပုံနှစ်ပုံရှိရင် ကျွန်တော်တို့ ဒီလို ပြစ်တင်ရှုံ့ချလို့ရတယ်။ ဒါကြောင့်မို့ နောက်တစ်ခါ အခု ကျွန်တော်တို့ကို Pilot Project ဆိုပြီးတော့ အမေရိကန်နဲ့ပေါင်းပြီးတော့ လာပြန်ပြီ။ ရက်ပေါင်း ၂၇၀။ ကျွန်တော်မျက်စိလည်သွားတယ်။ နောက်မှ ၃၀ နဲ့စားတော့ ကိုးလ။ အရင်တုန်းကလည်း တရားရုံး ညွှန်ကြားချက်တွေရှိပြီးသား။ အထူးအဆန်းဘာမှမဟုတ်ဘူး။ အဲဒီအခါကျတော့ ကျွန်တော်တို့က မကျေနပ်ရင် လွှတ်တော်က လွှတ်တော်အမတ်သုံးပုံနှစ်ပုံနဲ့ ပြစ်တင်ရှုံ့ချပြီးတော့ ဖြုတ်ချလိုက်လို့ရ တယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ကတော့ ဒီအဆင့်မှာကတော့ ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံ ကြောင်းပြောရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ခင်ဝင်း(မြိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မြိုင်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းဖြစ်ပါတယ်။ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်မှ တရားစီရင်

ရေးမဏ္ဍိုင်တိမ်းစောင်းမှုအား ပြန်လည်တည့်မတ်ပေးရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့တိုက်တွန်းသည့်အဆိုကို လေးလေးနက်နက်ကြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြည်းဖြည်းပြော။ ဖြည်းဖြည်းပြော။

**ဦးအောင်ခင်ဝင်း(မြိုင်မဲဆန္ဒနယ်)**။ ။ တရားစီရင်ရေးကိစ္စရပ်များတွင် တိမ်းစောင်းနေမှု မမှန်မကန်လုပ်ဆောင်နေမှု အဂတိလိုက်စား၊ ခြစားနေမှုများကတော့ ကိုယ်စားလှယ်ကြီးများ တင်ပြသွားကြလို့ ကျွန်တော့်အနေနဲ့ မဆွေးနွေးလိုတော့ပါဘူး။ တရားစီရင်ရေးမဏ္ဍိုင်တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်ပေးရန်အတွက် အကောင်းဆုံးဖြစ်မယ့်အချက်တစ်ချက်ကို တင်ပြချင်ပါတယ်။ အဲဒီအချက်ကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကို ပြည်မြို့ Mingalar Garden Hotel မှာ သင်တန်းပို့ချတုန်းက သွားလေသူရှေ့နေကြီး ဆရာဦးကိုနီမှ တရားဥပဒေဆိုင်ရာများကို ပို့ချပါတယ်။ နောက်ပြီး စာမေးပွဲစစ်ပါတယ်။ အဲဒီတုန်းကလည်း ဆရာဦးကိုနီရဲ့ မေးခွန်းမှာ တရားစီရင်ရေးမဏ္ဍိုင်ကို အကောင်းမွန်ဆုံးဖြစ်ရန် ဘယ်လိုထိန်းသိမ်းသင့်သလဲဆိုတဲ့ မေးခွန်းမေးခဲ့ပါတယ်။ အဲဒီတုန်းကလည်း အခု တင်ပြချက်အတိုင်း ကျွန်တော် ရေးသားဖြေဆိုခဲ့ပါတယ်။ ယခု တင်ပြမယ့်အချက်ကတော့ တရားခွင်မှာ အမှုစစ်ဆေးတဲ့အခါမှာ တရားလို၊ တရားခံများ၊ သက်သေများ၊ စစ်ဆေးမှုမပြုခင်မှာ ကျမ်းကျိန်ရပါတယ်။ ယခု တရားရုံးရှေ့ကျရောက်နေသည့်အမှုတွင် အလုံးစုံအမှန်အကန်အစစ်ခံပါမည်ဟု ကျွန်ုပ်ကြေညာပါသည်။ ကျွန်ုပ်သည် မမှန်မကန်သည်ကို အစစ်ခံခဲ့သည်ရှိသော်၊ ထိမ်ချန်ထားခဲ့သည်ရှိသော် ဤကျမ်းစာတွင် ဖော်ပြထားသော ကျိန်စာများ ကျွန်ုပ်အား သင့်ပါစေသား။ ကျွန်ုပ်သည် အလုံးစုံအမှန်အကန်ကို အစစ်ခံခဲ့သည်ရှိသော် ဤကျမ်းစာတွင်ဖော်ပြထားသော ကောင်းကျိုးချမ်းသာများကို ရပါစေသားလို့ ကျမ်းကျိန်ရပါတယ်။ အခုလို တရားလို၊ တရားခံ၊ သက်သေများက ကျမ်းကျိန်ပြီး အမှန်အကန်ထွက်ဆိုမှုတွေအပေါ်မှာ တရားသူကြီးများက ကျမ်းမကျိန်ဘဲ မမှန်မကန်စီရင်ဆုံးဖြတ်နေမှုများအပေါ် လက်ပိုက်ကြည့်နေမယ်ဆိုရင် တရားမျှတမှုလည်း မရှိပါဘူး။ လုပ်ချင်ရာလုပ်ပြီး၊ ထင်ရာစိုင်းခိုင်းနေသလိုဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ တရားသူကြီးများလည်း တရားခွင်ကိုရောက်လာပြီဆိုရင် ကျမ်းကျိန်သင့်ကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ရေးအတွက် လိုအပ်မယ်လို့ ထင်ပါတယ်။ တရားသူကြီးများ တရားခွင်စားပွဲကိုရောက်လာပြီဆိုရင် ကုလားထိုင်မှာမထိုင်သေးဘဲ နောက်မှာရှိတဲ့ နိုင်ငံတော်တံဆိပ်ဆီလှည့်ကာ တစ်နေ့တာလုံးအတွက် ပေါင်းပြီး ယနေ့ တရားခွင်မှာ စစ်ဆေးမည့်အမှုများကို ရိုးရိုးသားသားမှန်မှန်ကန်ကန် စစ်ဆေး၊ စီရင်ဆုံးဖြတ်ပါမည်ဖြစ်ကြောင်းနှင့် အဂတိလိုက်စားခြင်းမပြုဘဲ ဆောင်ရွက်ပါမည်ဟု လေးနက်တည်ကြည်

စွာ ကတိသစ္စာပြုပါသည် ဟု ကျမ်းကျိန်ပြီးမှ စစ်ဆေး၊ စီရင်ဆုံးဖြတ်မှုများ ပြုလုပ်ရမည်ဆိုပါက တရားစီရင်ရေးမဏ္ဍိုင်ကို တည့်မတ်ပေးရာရောက်မည်ဟု အကြံပြုလိုပါတယ်။

အဲဒီလို တရားသူကြီးများ ကျမ်းကျိန်ပြီးမှ အမှုစစ်ဆေးရန်ကိစ္စကို ဆရာဦးကိုနီကို ပြောတော့ ဆရာဦးကိုနီက ဒါ ဖြစ်မယ်ဆိုရင် ကောင်းတယ်လို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်က ဒါ ဖြစ်မယ်ဆိုရင် ကောင်းတယ်ဆိုတော့ ဆရာ ဖြစ်နိုင်ခြေမရှိလို့လား၊ မဖြစ်နိုင်လောက်ဘူးလား၊ အခက်အခဲတွေ ရှိနေမှာမလို့လား ဆရာလို့ မေးတော့ ဆရာဦးကိုနီက ဖြစ်မယ်ဆိုရင် ကောင်းတယ်ဆိုတာက မဖြစ်ဘူးဆိုရင် မကောင်းဘူးလေလို့ ပြောတာလို့ ကျွန်တော့်ကို ပြောပြပါတယ်။ ဒါကြောင့်မို့လို့ တရားစီရင်ရေးမဏ္ဍိုင်တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် တရားသူကြီးများလည်း ကျမ်းကျိန်ပြီးမှ အမှုစစ်ဆေးရန်လိုအပ်ပါကြောင်း အကြံပြုချက်နှင့်အတူ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ အဆိုကို လေးလေးနက်နက် ခြွင်းချက်မရှိ ထောက်ခံရင်း ကျွန်တော့်အနေနဲ့ ဆရာဦးကိုနီကိုလည်း လွမ်းဆွတ်သတိရပါကြောင်းပြောကြားပြီး နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးတင်ထွေး တင်သွင်းထားတဲ့အဆိုကို သာကေတစ်ခုနဲ့ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ လိုအပ်တဲ့နေရာတွေမှာ Power Point တင်ပြသုံးစွဲခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အထောက်အထားအနေနဲ့ကတော့ ကျွန်တော်တို့ကျောက်ဖြူခရိုင်၊ တရားရုံးတရားမအမှုအမှတ်(၁၁/၂၀၀၅)အမှုဖြစ်ပါတယ်။ အမှုဖြစ်တဲ့နေရာက ကျောက်ဖြူမြို့လယ်ခေါင်၊ အလယ်ပိုင်းရပ်ကွက် ကျွန်တော့်အိမ်နီးချင်းပါ။ ကျွန်တော်က ဒီအမှုမှာသက်သေလည်းမဟုတ်၊ ရှေ့နေလည်းမဟုတ်ပါဘူး။ ဥပဒေနဲ့အသက်မွေးဝမ်းကြောင်းပြုသူဖြစ်တဲ့အတွက်ကြောင့် ပြည်သူတွေရဲ့ ဒုက္ခရောက်နေတဲ့ကိစ္စကို ဒီနေရာမှာဝင်ရောက်ဆွေးနွေးတာဖြစ်ပါတယ်။ ဒီအမှုက တရားလို ဦးမျိုးသိန်း၊ တရားပြိုင် ဦးသန်းမြင့်ဖြစ်ပြီး တရားလိုက အမှုနိုင်ပါတယ်။ အမှုမှာ ကာလစည်းကမ်းသတ်ဥပဒေလို ဥပဒေဆိုင်ရာအမှားတွေ၊ အကြောင်းခြင်းရာဆိုင်ရာအမှားတွေကိုတော့ မတင်ပြတော့ပါဘူး။ အခု တရားဝင်စာတမ်းအမှတ်အသားတွေ(Legal Document)တွေကိုပဲ တင်ပြပါ့မယ်။ ဒီ Power Point ရဲ့ဘယ်ဘက်ခြမ်းမှာ တရားလိုဘက်ကတင်ပြတဲ့ သက်သေခံ(က)ပုံ၊ အဝါရောင်ပြထားတဲ့

ဦးပိုင်အမှတ်(၁၁၇ ဃ)ဟာ ၁၉၇၁ ခုနှစ်ကပင် တရားလို ဦးမျိုးသိန်း တရားဝင်ဝယ်ယူပိုင်ဆိုင်ထားတဲ့ မြေဖြစ်ပြီးတော့ သက်သေခံအမှတ်(၃)ကတော့ တရားပြိုင်ဖြစ်တဲ့ ဦးသန်းမြင့်တို့ ဝယ်ယူပိုင်ဆိုင်ခဲ့တဲ့ မြေဖြစ်ပါတယ်။ Power Point မှာ ဦးပိုင်အမှတ် (၁၁၇ ဃ)ကို အဝါရောင်၊ (၁၁၇) တစ်ခုလုံးကို အစိမ်းရောင်၊ (၁၁၈) ကိုအနီရောင်ပြထားပါတယ်။ အိမ်နီးချင်းတွေဖြစ်တဲ့လူတွေကတော့ အဆင် မပြေတဲ့အခါ ၂၀၁၅ ခုနှစ်မှာ ဦးမျိုးသိန်းက ဦးသန်းမြင့်ကို တရားစွဲတယ်။ တရားစွဲစဉ်က ကျူးကျော်ထားတဲ့မြေကို မတင်ပြနိုင်တာကြောင့် ခရိုင်တရားသူကြီးက မြို့နယ်မြေစာရင်းဦးစီးမှူးကို ကွင်းဆင်းတိုင်းတာခိုင်းပါတယ်။ Power Point ပြောင်းပေးပါခင်ဗျား။ တိုင်းတဲ့အခါ Power Point ရဲ့ဘယ်ဘက်ခြမ်းမှာတွေ့ရတဲ့ သက်သေခံ(စျ-၁)မြေပုံကို လိမ်လည်ရေးဆွဲပြီးတော့ ဦးမျိုးသိန်း ပိုင်တဲ့ မြေ ၁၀ ပေလောက်ကို ဦးသန်းမြင့်က ကျူးကျော်ထားတယ်လို့ ရေးလိုက်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားသူကြီးကလည်း မြို့နယ်မြေစာရင်းဦးစီးမှူးလိမ်လည်ရေးဆွဲထားတဲ့ မြေပုံကိုကြည့်ပြီးတော့ အမိန့်ချလိုက်ပါတယ်။ ဘယ်လောက်ရက်ဖို့ကောင်းသလဲ။ အယူခံပြင်ဆင် အကုန်လုံး ဦးသန်းမြင့်တို့မိသားစုရှုံးပြီး ဘဝပျက်သွားကြပါတယ်။ ဘယ်ဘက်ခြမ်းပုံကတော့ မြေပြင် မှာ တကယ်ဖြစ်နေတာပါ။ သက်သေခံ(စျ-၁)မြေပုံမှာဖော်ပြထားတဲ့ မြေပြင်မှာတကယ်မရှိပါဘူး။ လက်ယာဘက်အောက်ဆုံးကပုံကတော့ ၁၄-၅-၂၀၁၂ ရက်နေ့က ဒီဂရီအတည်ပြုခဲ့တဲ့ပုံဖြစ်ပါတယ်။ မြေပြင်မှာ ဦးသန်းမြင့်တို့ကျူးကျော်ထားတာမရှိဘူး။ ဒါပေမဲ့ ဘိလပ်က တရားသူကြီးကိုတွေ့ရှိတဲ့ အတိုင်းအစီရင်ခံခြင်းမလုပ်ပါဘူး။ ဦးသန်းမြင့်အိမ်ကိုဖျက်ပစ်လိုက်ပြီးတော့ Power Point မှာမြင်ရတဲ့ အတိုင်းပဲ အနီရောင် ဦးပိုင်အမှတ်(၁)ထဲကမြေ ၁၀ ပေလောက်ကိုယူပြီးတော့ ဦးမျိုးသိန်းသို့ မတရား ပေးလိုက်ပါတယ်။ Power Point ပြောင်းပေးပါ။ ဒါကတော့ အမှုဖြစ်ပြီးနောက်ပိုင်းမှာ သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနက မြေပုံရရှိရေးအတွက် ကူးယူတင်ပြထားတဲ့ပုံဖြစ်ပါတယ်။ ဒီပုံကတော့ မူလ တရားလိုတင်ပြတဲ့ သက်သေခံ(က)ပုံနဲ့အတူတူပါပဲ။ ဘာမှထူးခြားပြောင်းလဲမှုမရှိသေးဘူး။ မြေပြင်မှာ တော့ ပြောင်းလဲနေပြီ။ မြေပုံပေါ်မှာတော့ ဘာမှမပြောင်းလဲသေးဘူးခင်ဗျား။

Power Point ပြန်ပြောင်းပေးပါ။ တရားဝင်မြေပုံနဲ့မြေပြင်မှာဖြစ်နေတာက တလွဲတချော်တွေ ဖြစ်နေကြပါတယ်။ ယခုတော့ ဦးသန်းမြင့်တို့မိသားစုပိုင်တဲ့မြေ လက်လွတ်ဆုံးရှုံးနေပါတယ်။ Power Point ပုံနံပါတ်(၅)ကိုပြောင်းပေးပါ။ ဒါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၆၊ ၃၅၇ မှာရေးထားပါ တယ်။ နိုင်ငံသားတွေရဲ့ အခွင့်အရေးနဲ့ဆိုင်တဲ့ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်း၊ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်း ဒီလိုလက်လွတ်ဆုံးရှုံးဖို့ကို နိုင်ငံတော်ကကာကွယ်ပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဥပဒေချိုးဖောက်

ခံရတဲ့အတွက် ဦးသန်းမြင့်တို့မိသားစုဘဝပျက်သွားတာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ရှိသူတွေ ဘယ်လိုဖြေရှင်းကြမလဲ။ အခုတင်ပြတဲ့အမှုမျိုး။ အမှုမှာ ဦးမျိုးသိန်း ဘယ်တုန်းကမှ မရဖူးတဲ့မြေ၊ မပိုင်ဖူးတဲ့မြေ၊ ဦးသန်းမြင့်တရားဝင်ပိုင်ဆိုင်ထားတဲ့မြေ ဒီမြေကို တရားစီရင်ရေးအာဏာ သုံးပြီးတော့ ဒီလိုမတရားလုပ်တာတွေ ပြည်သူတွေခံနေရတယ်ဆိုတဲ့ အထောက်အထားကို တင်ပြတာ ဖြစ်ပါတယ်။ ဒီအမှုမှာ အမှုဆုံးဖြတ်တဲ့လူ၊ ပြုလုပ်တဲ့လူတွေမှာသာ တာဝန်ရှိတာမဟုတ်ပါဘူး။ အဆင့်ဆင့် ကြီးကြပ်တဲ့လူတွေမှာလည်း တာဝန်ရှိနေလို့ တရားရေးမဏ္ဍိုင်တိမ်းစောင်းရတယ်ဆိုတာကို ကျွန်တော် တင်ပြလိုခြင်းဖြစ်ပါတယ်။ Power Point ရပ်လို့ရပါပြီ။ ဒီအတွက် မြေပြင်မှာ ကွင်းဆင်းကြည့်ရှုဖို့အတွက် တရားလွှတ်တော်ချုပ်ကို ကျွန်တော်ကြယ်ပွင့်ပြမေးခွန်းတွေအကြိမ်ကြိမ် မေးပါတယ်ခင်ဗျား။ ဒါပေမဲ့ မသိချင်ယောင်ဆောင်ပြီး စာနဲ့ပဲဖြေပါတယ်။ စာနဲ့ဖြေတော့ ကျွန်တော် ဘာမှပြန်ပြောလို့မရဘူး။ လွှတ်တော်ထဲမှာလာပြီးတော့ဖြေရင် ကျွန်တော်တို့ ဆက်စပ်မေးခွန်းတွေ မေးလို့ရမယ်။ ဒီအဖြစ်အပျက်တွေက တရားရေးမဏ္ဍိုင်ကို ပိုပြီးတော့တိမ်းစောင်းစေပါတယ်။ ကျွန်တော်တို့လွှတ်တော်က တရားသူကြီးတွေကို ထိန်းကျောင်းဖို့လိုနေပါတယ်။ ဘယ်လိုအရေးယူပြီး တော့ ထိန်းကျောင်းကြမလဲ။ မထိန်းကျောင်းနိုင်ရင်တော့ တရားရေးမဏ္ဍိုင် ဆက်လက်တိမ်းစောင်း နေဦးမယ် ဖြစ်တယ်ဆိုတဲ့အကြောင်းကို တင်ပြဆွေးနွေးရင်းနဲ့ ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံ ကြောင်း ပြောကြားရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ စစ်ကိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းဖြစ်ပြီး ပဲခူးတိုင်း ဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းတဲ့ တရားစီရင်ရေးမဏ္ဍိုင်တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ တိုက်တွန်းသည့်အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ မြန်မာ့တရားစီရင်ရေးစနစ် ကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈ ပုဒ်မခွဲ(ခ)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ် က နိုင်ငံတော်ရဲ့ အမြင့်ဆုံးတရားရုံးဖြစ်တယ်လို့ ဖွင့်ဆိုထားပါတယ်။ နိုင်ငံတော်ရဲ့တရားစီရင်ရေး စနစ်မှာလည်းပဲ သုံးမျိုးခွဲခြားထားပါတယ်။ ပထမက ပြည်ထောင်စုတရားလွှတ်တော်ချုပ်နဲ့ တိုင်းဒေသ ကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနဲ့ ခရိုင်၊ မြို့နယ်နဲ့ ဥပဒေအရတည်ဆောက်

**မူကြမ်း**

ထားတဲ့ တရားရုံးများဖြစ်ကြပါတယ်။ ဒုတိယက စစ်ဘက်ဆိုင်ရာ တရားရုံးများဖြစ်ပြီး တတိယကတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးတို့ ဖြစ်ကြပါတယ်။ အဆိုရှင်က တရားစီရင်ရေးမဏ္ဍိုင် တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်ရန်လို့ဆိုထားတဲ့အတွက် ဖော်ပြပါတရားစီရင်ရေးစနစ်မှာ ပါတဲ့ တရားရုံးတွေအားလုံး တိမ်းစောင်းနေတာဖြစ်တယ်လို့ အဓိပ္ပာယ်ရပြီး အမှန်တကယ် အဲဒီလို ဖြစ်နေရင် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်မှာ တာဝန်ရှိသလဲဆိုတာ ထည့်သွင်းစဉ်းစားစရာ ဖြစ်လာပါတယ်။ တာဝန်ရှိသူက တာဝန်ယူ၊ တာဝန်ခံရမှာ ဖြစ်ပါတယ်။ ဒီကိစ္စမှာ ဘယ်သူတာဝန်ရှိသလဲ ကြည့်မယ်ဆိုရင် အခြေခံဥပဒေပုဒ်မ ၂၉၉ ပုဒ်မခွဲ(ဃ) ပုဒ်မခွဲငယ်(၁)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတွေကို သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ညှိနှိုင်းတိုင်ပင်ပြီး ရွေးချယ်ထားတာဖြစ်ပါတယ်။ ပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ)ပုဒ်မခွဲငယ်(၁)အရ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တွေကို သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ် ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်တွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ရွေးထားတာဖြစ်ပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တွေဆိုတာလည်း သမ္မတက ရွေးချယ်ခန့်အပ်ထားသူတွေဖြစ်ပါတယ်။ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် တရားသူကြီးတွေကို ပြည်ထောင်စုတရားသူကြီးချုပ် ကနေပြီးတော့မှ သမ္မတကခန့်အပ်ထားတဲ့ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဝန်ကြီးချုပ်တွေနဲ့ တိုင်ပင်ညှိနှိုင်းပြီး ရွေးချယ်ရတာဖြစ်ပါတယ်။ ဒီရွေးချယ်ပုံကိုကြည့်ခြင်းအားဖြင့် တရားရေးမဏ္ဍိုင်ရဲ့ ပဲ့ကိုင်ရှင် တရားသူကြီးတွေကို အုပ်ချုပ်ရေးပိုင်းက ရွေးချယ်ခွင့်ရထားတာပဲဖြစ်ပါတယ်။ ဒါကြောင့် ခေတ်အဆက်ဆက် တရားစီရင်ရေးမဏ္ဍိုင်ကို အုပ်ချုပ်ရေးက လွှမ်းမိုးခဲ့တာ သမိုင်းမှာခါးသီးစွာ အထင်အရှား တွေ့ခဲ့၊ ကြုံတွေ့ခဲ့ကြပြီးဖြစ်ပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်မှာ ခြစားမှု၊ အဂတိ လိုက်စားမှုနဲ့ အာဏာအလွဲသုံးစားလုပ်မှုတွေကို မည်သည့်တရားရုံး၊ တရားသူကြီးက ကျူးလွန်သည် ဖြစ်စေ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမှာကတော့ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး တရားသူကြီးချုပ်များနဲ့ ပြည်ထောင်စုတရားသူကြီးချုပ်အပါအဝင် နိုင်ငံတော်အစိုးရ ထိပ်ဆုံးအထိ တာဝန်ရှိနေသော်လည်းပဲ ဥပဒေအတိုင်းဆောင်ရွက်အောင် ထိန်းချုပ်ကွပ်ကဲနိုင်ဖို့ကတော့ မလွယ်သေးဘူးလို့ ပြောရမှာဖြစ်ပါတယ်။ အဆိုရှင်က တရားရုံးများရဲ့ အကျင့်ပျက်ခြစားမှုများကို တင်ပြထားပါတယ်။ အဂတိတရားလေးပါးမှာ တရားသူကြီးများနှင့်တကွ တရားစီရင်ရေး အဖွဲ့အစည်းများဟာ လာဘ်ငွေရယူခြင်း၊ ဆန္ဒဂတိသာမက အုပ်ချုပ်ရေးအဖွဲ့အစည်းများကို ကြောက်ရွံ့ခြင်းတည်းဟူသော ဘယာဂတိဟာလည်း နှစ်ပေါင်းများစွာ အမြစ်တွယ်လာခဲ့တဲ့အတွက်

အစိုးရသစ်တာဝန်ယူထားတဲ့ ယခုအချိန်မှာ မည်သူ့ကိုမျှမကြောက်ဘဲ တရားစီရင်ရေးနဲ့ ဥပဒေနဲ့အညီ အနှောင်အဖွဲ့ကင်းပြီး လွတ်လပ်မျှတစွာ တရားစီရင်နိုင်ရန် လိုအပ်နေပြီဖြစ်ပါတယ်။ တရားသူကြီးများ သာမက ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များ၊ ရဲတပ်ဖွဲ့အပါအဝင် တရားစွဲအဖွဲ့အစည်းများ၊ တရားရုံးဝန်ထမ်းများ၊ စာပို့လုလင်အထိ တရားစီရင်ရေးမဏ္ဍိုင်တွင် ပါဝင်သူအားလုံး အဂတိတရား ကင်းစင်ပြီး လာဘ်ပေးလာဘ်ယူပပျောက်ဖို့ လိုအပ်လှပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် လွှတ်တော် သက်တမ်းမှာ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီက လက်ခံရရှိခဲ့တဲ့ ပြည်သူ့ တိုင်စာပေါင်း ၇၂၀၀ ကျော်မှာ တရားစီရင်ရေးနဲ့ပတ်သက်တာက တိုင်စာပေါင်း ၃၅၀၀ ရှိခဲ့သလို ပြည်သူ့လွှတ်တော်တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာဆိုင်ရာကော်မတီကိုရောက်ခဲ့တဲ့ ပြည်သူ့တိုင်စာအမှုတွဲပေါင်း ၁၂၃၆၀ ရှိပြီး အမှုတွဲပေါင်း ၁၄၈၅ မှုကို သက်ဆိုင်ရာတရားလွှတ်တော်နဲ့ ဌာနအသီးသီးကို လွှဲပြောင်းပေးခဲ့ပါတယ်။ ပြန်ကြားစာ ၁၀၇၁ စောင်ကို ဆောင်ရွက်နေပါတယ်လို့ ယေဘုယျပြန်ကြားစာပေးပို့ခဲ့ပြီး ဘာမှဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါဘူး။ ဒီသက်တမ်းအထိ ဒီလိုအဆို တင်ရတဲ့အထိ ဖြစ်လာတော့တာပါပဲ။ အဲဒီတုန်းက တရားရုံးများအပေါ် လွှတ်တော်ကော်မတီရဲ့ သုံးသပ်ချက်ကတော့ တရားစီရင်ရေးအပိုင်းတွင် အဂတိတရားများလွှမ်းခြုံလျက်ပင်ရှိနေသည်ကို တွေ့ရှိရကြောင်း တရားသူကြီးအဆင့်ဆင့်သည် အထက်တရားသူကြီး အဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရာတွင် အပေးအယူကိစ္စများတွင် ကွင်းဆက်များရှိနေသည်ကို တွေ့ရှိရပြီး နားလည်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း ဖော်ပြထားပါတယ်။ အရေးယူဖော်ထုတ်နိုင်ခဲ့တဲ့ ထင်ရှားဖြစ်စဉ်တစ်ခုမှမပေါ်ပေါက်ခဲ့ပါဘူး။ တိုင်ကြားသူ ပြည်သူတွေသာ မောပြီးတော့လက်မှိုင်ချခဲ့ ရပါတယ်။ ခေတ်အဆက်ဆက်မှာ နှစ်ပေါင်းများစွာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ရှင်သန်ခဲ့ပြီး အဂတိတရားနဲ့ လာဘ်ပေးလာဘ်ယူမှု နက်ရှိုင်းစွာ အမြစ်တွယ်နေခဲ့တဲ့ တရားရုံးတွေကို ဘယ်ပုံဘယ်နည်း တည့်မတ် ထိန်းကျောင်းမယ်ဆိုတာကလည်း အရေးကြီးလှပါတယ်။ တရားသူကြီးတို့ မဟုတ်တာမလုပ်ရဲအောင် ကျမ်းကျိန်ခိုင်းတဲ့စနစ်ကိုလည်း ထည့်သွင်းပေးဖို့ ကျွန်တော့်အနေနဲ့ ခုနပုဂ္ဂိုလ်ကြီးလို အကြံပြုလိုပါ တယ်။ အခုမှတည့်မတ်ထိန်းကျောင်းလိုက်လို့ရှိရင်လည်းပဲ အမှောင်ခန်းထဲမှာ ကြာရှည်စွာနေခဲ့ရတဲ့ လူတစ်ယောက်ဟာ အလင်းကိုမြင်လိုက်ရသလို တရားသူကြီးတွေနဲ့ ဥပဒေအရာရှိတွေ မျက်စိများ ကျိန်းစပ်သွားနိုင်ပါတယ်။

**မူကြမ်း**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့က အဂတိတိုက်ဖျက်ရေးဥပဒေကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့တရားစီရင်ရေးမှာ မှားယွင်းတဲ့ တရားသူကြီးနဲ့ တရားရေးဝန်ထမ်းတွေကို အဂတိတိုက်ဖျက်ရေးဥပဒေနဲ့ အရေးယူနိုင်သလို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၂ အရလည်းကောင်း၊ ပုဒ်မ ၃၁၁ အရလည်းကောင်း စွပ်စွဲပြစ်တင်နိုင်သည်ဆိုသော်လည်းပဲ အင်မတန်ခက်ခဲပြီး အပြစ်ပေးဖို့လည်း အခွင့်အရေး အလွန် အနည်းပါးဆုံး ဖြစ်နေပါတယ်။ အပြစ်ပေးဖို့ ပြည်သူတွေ ပူးပေါင်းပါဝင်မှ အောင်မြင်နိုင်မှာဖြစ်ပေမဲ့ လို့ ပြည်သူတွေက လာဘ်ပေးလာဘ်ယူမှုကို သက်သေလိုက်ဖို့ အလွန်တွန့်ဆုတ်နေခြင်းကလည်း အခက်အခဲတစ်ခုဖြစ်နေပါတယ်။ ဆင်ခြေရာကြီးတွေ့နေပါလျက်နဲ့ ဆင်ကိုမမြင်ရလို့ ဆင်ခြေရာ ကတော့ မဟုတ်တန်ရာဆိုတာမျိုးဖြစ်နေပါတယ်။ နိုင်ငံတစ်နိုင်ငံထူထောင်ရန်မှာ အသက်တမျှ အရေးကြီးလှတဲ့ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးစနစ်ပျက်ယွင်းနေလျှင် နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေး၊ လုံခြုံရေး၊ ဌာနဆိုင်ရာအားလုံး၊ နိုင်ငံတော်အဆောင်အဦ အားလုံး ပြိုကျပျက်စီးပြီး ခေတ်ဆိုး၊ စနစ်ဆိုးကြီးကို သမိုင်းဘီးတစ်ပတ် ပြန်လည်သွားမှာကို အလွန် စိုးရိမ်းစရာဖြစ်နေပါတယ်။ ထိန်းချုပ်နိုင်တဲ့ တရားရေးဝန်ကြီးဌာနဖွဲ့စည်းပြီး စနစ်ပြောင်းဖို့ကလည်း ကမ်းမမြင်၊ လမ်းမမြင်ပါပဲ။ အဆိုရှင်တင်ပြခဲ့တဲ့ နိုင်ငံတော်မှာ အာဏာကြီးသုံးရပ်။ ဒါကို ကျွန်တော်က နိုင်ငံတော်ရဲ့ ခြေထောက်ကြီးသုံးချောင်း၊ မီဒီယာပါထည့်ပေါင်းပြီး ကျွန်တော်က လေးချောင်းလို့ ပြောချင်ပါတယ်။ မီဒီယာဟာ မီဒီဖော်လို့ပေါ်ပေါက်ခဲ့တဲ့အမှုတွေ အများကြီးပါ။ မီဒီယာဟာလည်း နိုင်ငံတော်ကို ထိန်းကျောင်းတည့်မတ်ပေးနိုင်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ တရားစီရင်ရေး မဏ္ဍိုင်တည်းဟူသော ခြေထောက်တစ်ချောင်းကျိုးရင်ဖြင့် အင်္ဂါချို့ယွင်းတဲ့နိုင်ငံတော် ဖြစ်မှာဖြစ်ပြီး ပြည်ထောင်စုကြီးအတွက် အန္တရာယ်ကြီးမားလှပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ရဲ့အဆိုကို အကောင် အထည်ဖော်ရန် အလွန်ခက်ခဲသော်လည်း ထောက်ခံတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တရားစီရင်ရေးဆွေးနွေးတဲ့ ဦးခင်မောင်သိန်းက အနောက်ကရဲလိုက်သလို ဖြစ်နေပါတယ်။

**ဥက္ကဋ္ဌ**။ ။ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်စိုးနွယ်အေး(တံတားဦးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးရှင်။ ဝေါမဲဆန္ဒနယ်မှတင်သွင်းတဲ့ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်

နိုင်ရေးအတွက် ဘက်ပေါင်းစုံမှဝိုင်းဝန်းကူညီထောက်မသွားရန် လိုအပ်ပါတယ်ရှင်။ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းရခြင်းရဲ့ အကြောင်းအရင်းကတော့ ဥပဒေနှင့်အညီ တရားစီရင်မှုမပြုသော ပုဂ္ဂိုလ်များဟာ လွတ်လပ်စွာတရားစီရင်ရေးဆိုသော ခေါင်းစဉ်အောက်မှာ တရားဝင်အဂတိလိုင်စင်ရရှိသလိုမျိုး ဖြစ်သွားနိုင်ပါတယ်ရှင်။ ယနေ့ တရားစီရင်ရေးနယ်ပယ်ကို နိုင်ငံတစ်ဝန်းလုံး စိတ်ဝင်စားနေကြပါတယ်။ တရားစီရင်ရေးနယ်ပယ်မှာ အဂတိလိုက်စားမှုများ လွန်စွာများပြားနေကြောင်း ပြည်သူလူထုရဲ့ ပြောဆိုဝေဖန်မှုတွေက သက်သေခံနေပါတယ်။ ပြည်သူအများစုဟာ ဥပဒေရဲ့အကာအကွယ်မရဟု ထင်မြင်ခံစားနေရပြီး မည်သို့ကာကွယ်ကုစားပေးမည်ကို သိရှိလိုကြပါတယ်။ အဓိကက တရားစီရင်ရေး။ တရားသဖြင့် တရားသူကြီး။ တရားဆိုတဲ့စကားလုံးဟာ အင်မတန်မှမြင့်မြတ်တဲ့စကားလုံးပါ။ ဒါကို ကျွန်မတို့က မတရားသဖြင့် ပြောနေရတာကိုက ကျွန်မတို့နိုင်ငံမှာ လိုအပ်ချက်ဖြစ်နေလို့ပါ။ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ဖို့ဆိုလို့ရှိရင် ပထမဦးဆုံးအနေနဲ့ အကြံပေးချင်တာကတော့ ကျန်မဏ္ဍိုင်ကြီးလေးရပ်ကဝိုင်းဝန်းကူညီသွားရန် လိုအပ်ပါတယ်။ ပထမမဏ္ဍိုင်မှာ ဥပဒေပြုရေးမဏ္ဍိုင် ဖြစ်ပါတယ်။ ဥပဒေပြုရေးမှာ တည်ဆဲဥပဒေတွေဟာ လုံလောက်ပြီလား၊ ပြည်သူကို အကာအကွယ်ဖြစ်ပြီလား၊ နိုင်ငံတော်ကို အကာအကွယ်ဖြစ်ပြီလား။ မလုံလောက်သေးရင် လုံလောက်အောင်။ မပြည့်စုံသေးရင် ပြည့်စုံအောင် မလိုအပ်တာတွေ ပယ်ဖျက်ဖို့ လုပ်ဆောင်သွားမှသာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်ရှင်။ ဒုတိယမဏ္ဍိုင်ကြီးဖြစ်တဲ့ အုပ်ချုပ်ရေးပိုင်းမှာတော့ အတ္တပရညီမျှတဲ့သူတို့ကို ခန့်အပ်တာဝန်ပေးမှသာလျှင် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောစီမံအုပ်ချုပ်မှု ဖြစ်ပေါ်လာ၍ ထိန်းကျောင်းထောက်မပေးသွားမှာဖြစ်ပါတယ်။ တတိယမဏ္ဍိုင်ကြီးကတော့ တရားစီရင်ရေးမဏ္ဍိုင်ဖြစ်ပါတယ်။ တရားစီရင်ရေးကဏ္ဍမှာ လွန်စွာအရေးကြီးတဲ့ မဏ္ဍိုင်ကြီးဖြစ်ပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ခိုင်မာမှ တရားဥပဒေစိုးမိုးရေးရှိမည်။ ဥပဒေစိုးမိုးမှ ပြည်သူများဥပဒေဘောင်အတွင်း ပြည်သူ့ဘဝလုံခြုံအေးချမ်းပြီး ဒီမိုကရေစီအခွင့်အရေး အပြည့်အဝခံစားနိုင်မှာဖြစ်လို့ လွန်စွာအရေးကြီးကြောင်း ထပ်လောင်းပြောကြားလိုပါတယ်ရှင်။ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာမဏ္ဍိုင်ကတော့ ကျန်မဏ္ဍိုင်များကိုပါ အထောက်အကူဖြစ်စေပါတယ်။ ပဉ္စမမဏ္ဍိုင်ဖြစ်တဲ့ ပြည်သူလူထုကြီးရဲ့ အခန်းကဏ္ဍကတော့ အဓိကအခန်းကဏ္ဍကြီးပဲ ဖြစ်ပါတယ်။ ပြည်သူရဲ့အပိုင်းမှာတော့ ဘယ်လိုထိန်းကျောင်းမလဲဆိုတာ အဖြေရှာပြီး ပညာပေးရပါတယ်။

ဒုတိယအကြံပြုလိုတာကတော့ အဓိကဆောင်ရွက်ရမည့်တာဝန်ဟာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်သောတရားရုံးများရဲ့ တာဝန်ဖြစ်ပါတယ်။ တရားရုံးများရဲ့

**မူကြမ်း**

တရားစီရင်ရေးလုပ်ငန်းများမှာ တရားသူကြီးဟာ တရားကိုမတရား၊ မတရားကို တရားဟု စီရင်ဆုံးဖြတ်ချက်အပေါ်မှာ အယူခံရုံးတို့၊ ပြင်ဆင်မှုရုံးတို့ဆိုတာကို ဥပဒေအရ တည်ထောင်ပေးထားမှုပင် အထက်အဆင့်တရားသူကြီးများဟာ မူလရုံးက စစ်ဆေးတွေ့ရှိချက်တွေအပေါ်မှာ ဆန်းစစ်လေ့လာပြီး အမှုကိုဆုံးဖြတ်ရတဲ့သူတွေ ဖြစ်ပါတယ်။ ဒါကြောင့် မြို့နယ်မှာရှိသော တရားသူကြီးများဟာ အမှုကိုဆန်းစစ်လေ့လာတဲ့အခါမှာ အခြေခံအကျဆုံးသောပုဂ္ဂိုလ်များဖြစ်ပါတယ်။ ဒါကြောင့်မို့ ယနေ့အခါ တရားရုံးများမှာ တရားစစ်ဆေးကြတဲ့အခါ ရှေ့နေရှေ့ရပ်များ၊ ဥပဒေအရာရှိများဟာ မှန်ကန်စွာထွက်ဆိုပါသော်လည်း သက်သေခံစာရွက်စာတမ်းတွေ ရေးမှတ်ထားခြင်းရှိ/မရှိကို ပြည်သူတွေက ယုံမှားသံသယရှိနေကြပါတယ်။ သို့ပါသောကြောင့် ယနေ့ခေတ်နှင့်အညီ Video မှတ်တမ်းတင်ရိုက်ကူးပေးရန် တောင်းဆိုပါတယ်ရှင်။ ဥပဒေအရာရှိများအနေနဲ့လည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှုမပြုခြင်း၊ မိမိကျွမ်းကျင်သောဥပဒေကို လက်တစ်လုံးကြားလှည့်စားခြင်း၊ လာဘ်ပေးလာဘ်ယူမှု ကျော်စောသတင်းထွက်လို့ရှိရင် ထိရောက်စွာအရေးယူမှု၊ နောက်ထပ်အရေးကြီးတဲ့ ပြည်သူ့ရဲတပ်ဖွဲ့က အမှုတစ်ခုကိုစတင်တည်ဆောက်ရာမှာ ရဲကမမှန်မကန်သက်သေလုပ်ပြီးတင်တယ်ဆိုရင် ဘယ်လိုအရေးယူရန်၊ နောက်အကြောင်းအရာတစ်ခုကတော့ စသုံးလုံးနဲ့ SB အကြောင်းပါ။ သူတို့ရဲ့အဓိကတာဝန်ကတော့ ဘယ်နေရာမှာ ဘယ်သူတွေက ဘာလုပ်နေတယ်ဆိုတာကို အရင်ဆုံးသိရှိပြီး မတရားမှုကို တိုက်ဖျက်ဖို့ပါ။ တရားရေးမဏ္ဍိုင်နှင့်စပ်လျဉ်းတဲ့ တရားမမျှတမှုများ၊ လာဘ်ပေးလာဘ်ယူမှုများကို အသိရှိဆုံးသောပုဂ္ဂိုလ်များဖြစ်ပါတယ်ရှင်။ ဒီကနေ့ရှေ့နေတော်တော်များများဟာလည်း တရားရုံးအရာရှိများမဟုတ်ကြတော့ဘဲ အမှုပွဲစားတွေဘဝကိုရောက်ရှိနေကြပါတယ်။ ရှေ့နေရှေ့ရပ်များဟာ မတရားဆောင်ရွက်မှုများရှိခဲ့ရင် ဥပဒေပြဋ္ဌာန်းချက်များရှိပြီး အရေးယူပေးပါရန်၊ တရားလိုပြသက်သေများအနေနဲ့ကလည်း တရားရုံးရှေ့မှာ မမှန်မကန်ထွက်ဆိုပါက တည်ဆဲဥပဒေအရ တရားစွဲဆိုအရေးယူပေးပါရန်နှင့် မတရားမမှန်မကန် ဆောင်ရွက်သော၊ တရားစီရင်သော တရားသူကြီးများကို ပြစ်ဒဏ်ပေးနိုင်ရေးဥပဒေမူကြမ်းတစ်ရပ် ရှိသင့်ပါကြောင်းနှင့် ဒီစနစ်တွင်ရှိပြီးသားဆိုရင်လည်း တာဝန်ရှိသူ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များကိုယ်တိုင်က တရားစီရင်ရေးကဏ္ဍမှာ အပြန်အလှန်ထိန်းကျောင်းတဲ့စနစ် ပုံမှန်အသက်ဝင်လာအောင် ဆောင်ရွက်မှုရှိရပါမယ်။ ပြည်ထောင်စုအဆင့်တာဝန်ယူတဲ့ ပြည်ထောင်စုတရားရေးဝန်ကြီး ဒါမှမဟုတ် တရားရေးဝန်ကြီးရဲ့ တာဝန်ယူထားသူ အဲဒီနေရာမှာ မရှိသေးပါက ဖန်တီးပေးသင့်ကြောင်း အကြံပြုရင်းနဲ့ တိုက်တွန်းဆွေးနွေးရပါတယ်ရှင်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက အဆိုရှင် ဦးတင်ထွေးရဲ့ တရားစီရင်ရေးကဏ္ဍတည့်မတ်စေလိုတဲ့ဆန္ဒကို လေးစားသောအားဖြင့် တရားစီရင်မှုတွေ ဘာကြောင့်တိမ်းစောင်းရသလဲ။ တည့်မတ်အောင် ဘယ်လိုလုပ်မလဲလို့ ဆွေးနွေးတင်ပြပါမယ်။ Power Point နှင့် တင်ပြခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းတာဟာ သီးခြားဖြစ်ပေါ်နေတာ မဟုတ်ဘဲနဲ့ အခြားသောအကြောင်းအရာများနှင့် ဆက်နွှယ်နေပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၁) ပုဒ်မ ၁၁ ပုဒ်မခွဲ(က)အရ နိုင်ငံတော်မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတွေကို တတ်နိုင်သလောက်ပိုင်းခြားကျင့်သုံးပြီးတော့ အပြန်အလှန် ထိန်းကျောင်းရမယ်လို့ ဆိုထားပါတယ်။ ဒါကြောင့်မို့လို့ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းတယ်ဆိုရင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကိုလည်း ပြန်လည်သုံးသပ်ဖို့လိုအပ်ပါတယ်။ တရားစီရင်ရေးဟာ ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ စီရင်ထုံး၊ အမိန့်ညွှန်ကြားချက်စတာတွေအပေါ်မှာ မှီတွယ်ပြီးတော့ စီရင်ဆောင်ရွက်ရတာဖြစ်လို့ ဒီဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက် စတာတွေ မမှန်ကန်၊ မမျှတ၊ တရားနည်းလမ်းမကျ၊ မခိုင်မာ၊ မစည်းနှောင်ဘူးဆိုရင် တရားစီရင်ဆုံးဖြတ်မှုဟာ မှန်ကန်မျှတမှုမရှိဘဲ တိမ်းစောင်းသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေပြုမှုအမှားရှိရင် တရားစီရင်ရေးကဏ္ဍလည်း တိမ်းစောင်းနိုင်မှာပဲလို့ တင်ပြလိုပါတယ်။ ဒီနေ့ လွှတ်တော်ထဲမှာကိုပဲ ဆွေးနွေးတင်ပြဆုံးဖြတ်ကြတဲ့ အခါမှာ ဘာအကြောင်းအရာလဲ၊ ပြည်သူတွေအတွက် ဘယ်လိုအကျိုးရှိမလဲလို့ အကြောင်းအရာရဲ့ အနှစ်သာရကို မကြည့်ဘဲ ဘယ်သူပြောတာလဲ၊ ဘယ်အဖွဲ့အစည်းပြောတာလဲလို့ ရှုမြင်ပြီးတော့ အမှန်အမှားခွဲခြားမှုအားနည်းတာ တွေ့မြင်ကြမှာပါ။ ဒါကြောင့်မို့လို့ တရားစီရင်ရေးကို တည့်မတ်မယ်ဆိုရင် ကျွန်တော်တို့ ဥပဒေပြုကိုယ်စားလှယ်ကြီးများကပါ မှန်ကန်တဲ့ ဥပဒေစိတ်ထားနှင့်ရပ်တည်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းတင်ပြလိုပါတယ်။

အုပ်ချုပ်ရေးဘက်မှာလည်းပဲ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ဥပဒေအပေါ်မှာ အပ်နှင်းထားတဲ့ တာဝန်အရ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းတွေ ထုတ်ပြန်ကျင့်သုံးရတာဖြစ်ပါတယ်။ အုပ်ချုပ်ရေးတာဝန်ရှိသူတွေက အမှန်တကယ် ပြည်သူကို ဗဟိုပြုပြီးတော့ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်တွေကို မှန်ကန်မျှတစွာ ရေးဆွဲကျင့်သုံးမှုမရှိဘူးဆိုရင်တော့

တရားစီရင်ရေးတိမ်းစောင်းနေမှာပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အစိုးရသက်တမ်းမှာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေကို နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၅၊ ၁၀၆၊ ၁၀၇ အရ လက်မှတ်ရေးထိုးခြင်းမရှိဘဲ နိုင်ငံတော်ပြန်တမ်းမှာ ထုတ်ပြန်ခဲ့တာဥပဒေ ၁၀ ခုရှိတယ်လို့ သိရပါတယ်။ ဒါတွေဟာ ဘယ်သူတွေမှားလဲ၊ မှန်လဲမဝေခွဲနိုင်တဲ့ သံသယဖြစ်ဖွယ်ရာတွေပါ။ ဒီလိုအားနည်းချက်တွေရှိရင် တရားစီရင်တည့်မတ်ဖို့ဆိုတာ ခက်ခဲပါတယ်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာလည်းပဲ ပြည်သူအများကို အကာအကွယ်ပြုတဲ့ ဥပဒေအချို့ ဖျက်သိမ်းပြင်ဆင်ခဲ့တာရှိပါတယ်။ ဒါတွေဟာ လက်ရှိဖြစ်ပျက်နေတဲ့ မှုခင်းတွေ၊ တရားစီရင်မှုတွေကို ဘယ်လိုသက်ရောက်မှုရှိတယ်ဆိုတာကို ကျွန်တော်တို့ ပြန်လည်ဆန်းစစ်ကြဖို့ လိုအပ်တယ်လို့ တင်ပြလိုပါတယ်။

နောက်တရားစီရင်ရေးကဏ္ဍနှင့်ပတ်သက်လို့ Slide မှာတင်ပြထားတဲ့အတိုင်းပဲ တရားသူကြီးကအစ တရားစီရင်ရေးနှင့်ပတ်သက်တဲ့လူတွေဟာ တရားစီရင်ရေးကို တစ်နည်းနည်းနှင့်တိမ်းစောင်းအောင်လုပ်နိုင်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ရှေ့က ကိုယ်စားလှယ်ပေါင်းများစွာဟာ ကျိုးကြောင်းပြည့်စုံစွာနှင့် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ သူတို့ကြောင့် တရားစီရင်ရေးတိမ်းစောင်းတာ ထင်သာမြင်သာရှိသလို အားလုံးလည်းသိကြပြီးဖြစ်ပါတယ်။ ကျွန်တော်သီးခြားတင်ပြလိုတာကတော့ ဒီမိုကရေစီစနစ်မှာ မီဒီယာတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပြည်သူတွေက လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ ဆောင်ရွက်ခွင့်ရှိတဲ့အတွက် ကိုယ်လိုရာကို ကိုယ်ဆွဲပြီးတော့ ဆန္ဒပြကြ၊ လှုံ့ဆော်ကြ၊ ဖိအားပေးကြတာတွေဟာ တရားစီရင်ရေးအပေါ်မှာ မမျှော်လင့်တဲ့ သက်ရောက်မှုတွေဖြစ်စေနိုင်တယ်လို့ သတိပြုဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်မှာပဲ ရခိုင်ပြည်နယ်၏အရေးကိစ္စနှင့်ပတ်သက်ပြီး UN ရဲ့ ဖိအားပေးမှုကြောင့် နိုင်ငံခြားသားတစ်ဦးဦးစီးတဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းခဲ့ရတာ ကျွန်တော်တို့အားလုံးသိပြီးဖြစ်ပါတယ်။ အခုလည်း နယ်စပ်ဒေသလုံခြုံရေးတပ်ဖွဲ့တွေကို အကြမ်းဖက်ဝင်ရောက်သတ်ဖြတ်မှုတွေ၊ အရှေ့မြောက်ဒေသမှာ အပြစ်မဲ့ပြည်သူတွေ ပစ်ခတ်ဖျက်ဆီးမှုခံရတာတွေအတွက် ထုတ်ပြန်သင့်တဲ့ ပြတ်သားတဲ့အမိန့်တွေ ထုတ်ပြန်ခြင်းမရှိဘူးဆိုရင် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုတွေကို အကြောင်းပြုပြီးတော့ နိုင်ငံတကာစီရင်ထုံးတွေနဲ့ ပြင်ပကဝင်ရောက်စွက်ဖက်မှုတွေဝင်ရောက်လာပြီးတော့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ထိခိုက်လာနိုင်တယ်ဆိုတာ ကျွန်တော်တို့အားလုံး သတိပြုကြရပါမယ်။ ဒါတွေဟာ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအပိုင်းတွေရဲ့ အားနည်းချက်ကြောင့် တရားစီရင်ရေးမှာ ကြီးမားတဲ့အန္တရာယ်နဲ့ တိမ်းစောင်းမှုကိုဖြစ်ပေါ်နိုင်တာ ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ ဒါတွေဘာကြောင့်ဖြစ်သလဲလို့ ဆန်းစစ်ကြည့်မယ်

**မူကြမ်း**

ဆိုရင် အဂတိတရားရှေ့က ကိုယ်စားလှယ်ကြီးများပြောသလို လိုက်စားခဲ့ကြလို့ပဲဖြစ်ပါတယ်။ ဒီနေရာမှာ အဂတိတရားလိုက်စားတယ်ဆိုတာ ငွေကြေးရယူခြင်း၊ လာဘ်ပေးလာဘ်ယူနှင့် တံစိုးလက်ဆောင်ရယူခြင်းသက်သက်ကို ဆိုလိုတာမဟုတ်ပါဘူး။ အခုတင်ပြထားတဲ့ Slide ဟာ ကုလသမဂ္ဂအထွေထွေညီလာခံမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားခဲ့တယ်လို့ သိရပါတယ်။ လောဘ၊ ဒေါသ၊ ကြောက်ရွံ့မှု၊ မသိနားမလည်မှုတွေဟာ မြန်မာနိုင်ငံမှာ အဂတိလိုက်စားမှုရဲ့ အကြောင်းအရင်းတွေဖြစ်တယ်။ ဒါတွေကြောင့် လူ့သဘာဝကျင့်ဝတ်ကိုပျက်စီးစေသလို ကမ္ဘာကြီးကိုလည်းပဲ ကျင့်ဝတ်ပျက်စေတယ်လို့ ဆိုထားပါတယ်။ ကျင့်ဝတ်ပျက်တယ်ဆိုတာ တရားစီရင်ရေး၊ တရားရေးကဏ္ဍကိုတိမ်းစောင်းစေတာပါပဲ။ ရှင်းလင်းစွာတင်ပြမယ်ဆိုရင် အဂတိတရားလိုက်စားပြီးတော့ လိုအင်ဆန္ဒပြင်းပြလို့ လောဘနှင့် မမှန်မကန်လုပ်တယ်။ မုန်းတီးလို့ ဒေါသနှင့်မတရားလုပ်တယ်။ ကြောက်ရွံ့လို့ အမှားတွေလုပ်လိုက်ရတယ်။ မသိနားမလည်လို့ မဖြစ်သင့်တာတွေဖြစ်ပေါ်လာရတယ်ဆိုတဲ့ဖြစ်ရပ်တွေလည်းဖြစ်ပါတယ်။ ဒီအဂတိတရားလေးပါးကို တာဝန်ရှိတဲ့သူတွေ၊ အာဏာရှိတဲ့သူတွေ၊ ခေါင်းဆောင်လုပ်တဲ့သူတွေ လေ့လာလိုက်စားကြမယ်ဆိုရင် တရားစီရင်ရေးကဏ္ဍဟာ တိမ်းစောင်းနေမှာပဲဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ကြည့်မယ်ဆိုရင် အူမတောင့်မှ သီလစောင့်တယ်ဆိုတဲ့စကားကိုလည်း အလေးထားရပါမယ်။ တချို့ကိစ္စတွေဟာ နိုင်ငံတော်မှာရှိတဲ့ဝန်ထမ်းတွေ၊ ပြည်သူတွေဟာ သူ့စီးပွားရေးဘဝ မပြည့်စုံလို့ ဖြစ်ခဲ့ကြတာတွေရှိပါတယ်။ ဒီတော့ကာ တရားစီရင်ရေးနှင့်ပတ်သက်ပြီးတော့ မတိမ်းစောင်းရအောင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍအသီးသီးမှာ တာဝန်ရှိတဲ့သူတွေအနေနဲ့ ပြည်သူတွေအားလုံးကပါ ပါဝင်ပြီး အဂတိတရားလေးပါးကို လေးစားစွာနားလည်ပြီးရှောင်ရှားသွားဖို့လိုပါတယ်။ အူမတောင့် သီလမစောင့် မဖြစ်ရလေအောင် နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒကို သေချာဆန်းစစ်ပြီးတော့ ပြည်သူတွေရဲ့လူမှုစီးပွားရေးဘဝတိုးတက်မြင့်မားလာအောင် ဆောင်ရွက်ဖို့လိုကြပါတယ်။ မီဒီယာတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ တွန်းအားပေး၊ ဖိအားပေးခြင်းကြောင့် တရားရေးမဏ္ဍိုင်မယိုင်သွားရအောင် ကိုယ့်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို မဏ္ဍိုင်ပြုပြီး ဥပဒေအရပ်ရပ်ကို နိုင်ငံတော်၊ ကိုယ့်လူမျိုး၊ ကိုယ့်အချုပ်အာဏာနှင့် မှန်ကန်မျှတစွာ စည်းနှောင်မှုရှိအောင် လုပ်ကြရပါမယ်။ အမျိုးသားအကျိုးစီးပွားကို ပြည်ထောင်စုစိတ်ဓာတ်နှင့် ကာကွယ်ကြရပါမယ်လို့ ကျွန်တော်တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါ်နန်းသန်းသန်းလွင်(ဘားအံမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးရဲ့ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းသည့်အဆိုကို အကြံပြုချက်များနှင့် ထောက်ခံဆွေးနွေးသွားမယ့် ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နန်းသန်းသန်းလွင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ဦးစွာပထမ တရားစီရင်ရေးကဏ္ဍအရေးကြီးပုံကို တင်ပြလိုပါတယ်။ တရားစီရင်ရေးအဖွဲ့ဟာ အုပ်ချုပ်ရေးအဖွဲ့မှ လွှတ်တော်က အသိအမှတ်ပြုပြီး ပြဋ္ဌာန်းထားတဲ့ တရားဥပဒေအရ အုပ်ချုပ်ရာမှာ အစိုးရနှင့် ပြည်သူ၊ ပြည်သူနဲ့ ပြည်သူအချင်းချင်း အငြင်းပွားရင် စီရင်ဆုံးဖြတ်ပိုင်ခွင့် အာဏာရှိတဲ့အဖွဲ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ နိုင်ငံတော်သန္နိဋ္ဌာန်မှာ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားထွန်းကားရန်ဆိုတာ ဖြစ်ပါတယ်။ အခန်း(၈) ပုဒ်မ ၃၄၇ ပါ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာမှာ တန်းတူညီမျှ အခွင့်အရေးရရှိစေရမယ်။ ဥပဒေရဲ့အကာအကွယ်ကို တန်းတူညီမျှစွာ ရယူပိုင်ခွင့်ရှိတယ်ဆိုတဲ့ နိုင်ငံသားတို့ရဲ့ မူလအခွင့်အရေးကိုဖော်ဆောင်ဖို့ အစိုးရမူဝါဒဖြစ်တဲ့ တရားမျှတပြီး ဘက်လိုက်မှုကင်းတဲ့ တရားစီရင်ရေးစနစ်ထူထောင်ရန်တို့ကို ဖော်ဆောင်ရာမှာ တရားစီရင်ရေးကဏ္ဍဟာ အဓိကအခန်းကဏ္ဍမှာ တည်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ တရားမမှုမှာ တရားသူကြီးများနှင့်သာ သက်ဆိုင်တဲ့အတွက် တရားသူကြီးများကိုသာ ထိန်းကျောင်းဖို့ လိုအပ်ပါတယ်။ သို့သော်လည်း ရာဇဝတ်မှုများမှာတော့ တရားသူကြီးများသာမကဘဲ ပြည်သူ့ရဲနှင့် ဥပဒေအရာရှိများ ပါဝင်ပတ်သက်မှုရှိတဲ့အတွက် ထိန်းကျောင်းရန်မလွယ်ကူတာတွေ တွေ့မြင်နေရပါတယ်။ သို့အတွက် ရာဇဝတ်မှုများကို အလုံးစုံလွှမ်းမိုးထိန်းချုပ်မှုအောက်မှ လွတ်မြောက်ရန်အတွက် ဂျူရီစနစ်နဲ့ တရားစီရင်ဆုံးဖြတ်ရန် လွှတ်တော်မှ ဥပဒေပြုပေးသင့်ပါတယ်။ မရှင်းလင်းတဲ့အချက်တစ်ချက်ကတော့ ဂျူရီစနစ်ကျင့်သုံးရန်အတွက် ဖွဲစည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့ လို/မလိုဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၇ မှာ ပြည်ထောင်စုတစ်ဝန်းလုံးမှာ တရားစီရင်ရေးဆိုင်ရာကိစ္စအဝဝကို ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ၊ အခြားဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဖွဲ့စည်းတဲ့တရားရုံးများမှာ ဥပဒေနှင့်အညီ ခန့်ထားသော တရားသူကြီးများက စီမံဆောင်ရွက်ရမယ်လို့ဆိုထားတဲ့အတွက် တရားသူကြီးများဟာ တရားစီရင်ရေးကို ယခုလက်ရှိစနစ်အတိုင်း တိုက်ရိုက်ဆုံးဖြတ်မယ်လို့ဆိုရင်လည်း ဆုံးဖြတ်ခွင့်ရှိပါတယ်။ သို့မဟုတ် ဂျူရီ

လူကြီးများကို ရွေးချယ်ပြီး စီရင်ဆုံးဖြတ်မယ်ဆိုရင်လည်း ဆောင်ရွက်ခွင့်ရှိတယ်ဆိုတဲ့အဓိပ္ပာယ်ကို ကောက်ယူနိုင်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်စရာမလိုဘဲ နည်းဥပဒေကို ပြင်ပြီး ဂျူရီစနစ်ကို ကျင့်သုံး၍ရနိုင်တယ်လို့ ယူဆမိပါတယ်။ တရားသူကြီးတစ်ဦးတည်းက အမှုအခင်း များကို ဆုံးဖြတ်ပေးတဲ့အခါမှာ တရားဥပဒေကို ကျွမ်းကျင်သော်လည်း ပုထုဇဉ်လူသားတစ်ဦးဖြစ်တဲ့ အလျောက် အဂတိလေးပါးမှာ တစ်ပါးပါးကိုလိုက်စားပြီး ဘက်လိုက်ဆုံးဖြတ်မိတတ်ပါတယ်။ အထက်က အမိန့်ပေးစေခိုင်းသဖြင့်သော်လည်းကောင်း၊ ငွေကြေးလာဘ်လာဘရရှိသဖြင့်သော် လည်းကောင်း၊ ဆွေမျိုးတော်စပ်၊ ခင်မင်တဲ့ဆွေမျိုးသားချင်းမိတ်ဆွေဖြစ်သဖြင့်လည်းကောင်း၊ အမုန်း အာဃာတတရားများကြောင့် အမှန်တရားကို မျက်ကွယ်ပြုဆုံးဖြတ်မိနိုင်ပါတယ်။ တရားပြိုင်များ အနေနဲ့လည်း အထက်တရားရုံးအဆင့်ဆင့်ကို အယူခံခွင့်ရှိပြီး အထက်တရားရုံးအဆင့်ဆင့်ကလည်း ဆုံးဖြတ်နိုင်ပါတယ်။ အဂတိမလိုက်စားဘဲ အထက်တရားရုံးက ဆုံးဖြတ်ပေးတဲ့အတွက် အမှန်တရား ပြန်ဖြစ်သွားနိုင်သော်လည်း အယူခံအဆင့်ဆင့်တက်ရတဲ့အတွက် အချိန်ကုန်၊ ငွေကုန်၊ လူပန်းဖြစ်ရပါ တယ်။ ဒါကြောင့် မြို့နယ်အဆင့်မှာပဲ အမှန်တရားရရှိဖို့အတွက် တရားသူကြီးတစ်ဦးတည်းက ဆုံးဖြတ် သည်ထက် အများဆုံးဖြတ်သော ဂျူရီစနစ်ကို အကောင်အထည်ဖော်သင့်ပါတယ်။ ဂျူရီအများမှ ဆုံးဖြတ်ခွင့်ရမယ်ဆိုရင် အမိန့်ပေး၊ ငွေပေးစေခိုင်းခြင်း၊ ဘက်လိုက်ဆုံးဖြတ်ဖို့ဆိုတာ မလွယ်ကူတော့ ပါဘူး။ ဂျူရီအဖွဲ့အလိုက် အများကလိုက်ယူပြီး ဆုံးဖြတ်ရင်လည်း အခြားသူများမသိအောင် ယူဖို့ဆို တာလည်း မလွယ်ကူပါဘူး။ ပွင့်လင်းမြင်သာမှုရှိလာမှာဖြစ်ပါတယ်။ ဂျူရီစနစ်ကို မြန်မာနိုင်ငံမှာ ယခင် က တစ်ပိုင်းတစ်စ မွေးစားခဲ့ဖူးပါတယ်။ အဲဒီခေတ်က မြို့သူမြို့သားထဲမှာ တရားသူကြီးကို ရွေးချယ်ခန့် ထားတဲ့အတွက် တစ်စိတ်တစ်ပိုင်းတော့ မှန်ကန်ခဲ့ပေမဲ့လည်း အရွေးချယ်ခံပုဂ္ဂိုလ်များဟာ ပညာတတ် များမဟုတ်သောကြောင့်လည်းကောင်း၊ ဂျူရီစနစ်ကဲ့သို့ မဟုတ်ဘဲ တရားစီရင်သူ တရားသူကြီးများကို တစ်သတ်မတ်တည်းထားတဲ့အတွက်ကြောင့်လည်းကောင်း ရာနှုန်းပြည့်အမှန်တရား မရရှိခဲ့ပါဘူး။ ဂျူရီစနစ်မှာတော့ တရားသူကြီးက စွမ်းဆောင်ရည်ရှိသော ဆုံးဖြတ်နိုင်မယ်ထင်တဲ့ ပညာတတ်များကို လဝကရုံး သို့မဟုတ် ယာဉ်မောင်းလိုင်စင်မှတ်ပုံတင်ဌာနများကနေပြီး ဆင့်ခေါ်ပြီး လူတွေ့စစ်ဆေး ရွေးချယ်နိုင်ပါတယ်။ အရွေးချယ်ခံ ဂျူရီလောင်းများကိုလည်း တရားဥပဒေနှင့်နီးစပ်အောင် ရက်တို သင်တန်းပေးပြီး ဂျူရီ တာဝန်ပေးနိုင်သလို ထိုသိုအဖွဲ့လိုက် စီရင်ဆုံးဖြတ်ခြင်းအားဖြင့် တရားရေး ကဏ္ဍတိမ်းစောင်းနေမှုကိုလည်း တည့်မတ်နိုင်လိမ့်မယ်လို့ ထောက်ပြအကြံပြုလိုပါတယ်။

**မူကြမ်း**

ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာ တရားစီရင်ရေးကို ဂျူရီစနစ်သို့ပြောင်းဖို့ အဆိုတင်သွင်းခဲ့သော်လည်း လွှတ်တော်မှာ အတည်ပြုနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာ ပြည်သူ့လွှတ်တော်မှ အဖွဲ့လိုက်တရားစီရင်ရေး ဂျူရီစနစ်ကို အတည်ပြုနိုင်ပါက တရားစီရင်ရေးမဏ္ဍိုင်ကို ပြည်သူများ ယုံကြည်အားကိုးလောက်သော တရားစီရင်ရေးကဏ္ဍအဖြစ် ရောက်ရှိသွားမှာဖြစ်ပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်နိုင်ဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ တရားရုံးအဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲရာမှာ သက်ဆိုင်ရာတရားသူကြီးများဟာ အမှန်တရားကိုသာ လုပ်ဆောင်ကြောင်း စံနမူနာပြဆောင်ရွက်သင့်ပါကြောင်း ပြောကြားရင်းနဲ့ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးရဲ့ အဆိုကို လေးနက်တည်ကြည်စွာထောက်ခံဆွေးနွေးအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ လယ်ဝေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းတဲ့ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းသည့်အဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးကဏ္ဍကို အကောင်အထည်ဖော်ဆောင်ရွက်နေကြတဲ့ တရားစွဲအဖွဲ့အစည်းများဟာ ပြည်သူလူထုကြားမှာဖြစ်ပေါ်နေတဲ့ ပြဿနာအရပ်ရပ်အပေါ် ဥပဒေနှင့်အညီ အဂတိတရားကင်းရှင်းပြီး သမာသမတ်ကျကျ စီရင်ဆောင်ရွက်ပေးမှသာ ပြည်သူလူထုအားကိုးယုံကြည်ရတဲ့ တရားရေးဖြစ်လာမှာပါ။ တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်လာဖို့အတွက် အပြန်အလှန်ထိန်းကျောင်းပေးရမှာက ကျွန်တော်တို့ရဲ့ တာဝန်တစ်ရပ်လည်းဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၁၁ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်ဟု အတိအလင်းပြဋ္ဌာန်းထားတဲ့အတွက် ကျွန်တော်တို့ဟာ ပြည်သူလူထုအကျိုးအတွက် တရားစီရင်ရေးကို ဝင်ရောက်ထိန်းကျောင်းခြင်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရေးကဏ္ဍကိုလေ့လာကြည့်ပါက ရာဇဝတ်မှုနှင့် တရားမမှုဆိုပြီး နှစ်မျိုးရှိပါတယ်။ ရာဇဝတ်မှုထဲမှာမှ အာမခံပေးလို့ရတဲ့အမှုတွေရှိသလို အာမခံ ပေးလို့မရတဲ့အမှုများလည်း ရှိပါတယ်။ အာမခံပေးလို့ရတဲ့ရာဇဝတ်မှုတွေကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၆ အရ အာမခံပေးလေ့ရှိပြီး အာမခံပေးလို့မရတဲ့ ရာဇဝတ်မှုတွေကိုလည်း ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၉၇ (၁) ချွင်းချက်၊ တရားသူကြီး၏ဆင်ခြင်တုံတရားအရ အာမခံပေးလေ့ရှိတာကို တွေ့ရ ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပုဒ်မအမျိုးအစားချင်းတူပါလျက် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၇ (၁)အရ အာမခံလျှောက်ထားတာခြင်းတူပါလျက် အချို့သောတရားရုံးတွေက အာမခံပေးပြီး အချို့သောတရားရုံးတွေက အာမခံမပေးတာကို တွေ့မြင်နေရပါတယ်။ တရားစီရင်ရေးဟာ တစ်ကြောင်း တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း မဖြစ်သင့်ပါဘူး။ တရားရုံးတွေက ပြည်သူတွေအပေါ် အာမခံပေး/မပေးဆိုတဲ့နေရာမှာ အဂတိတရားကြောင့်လည်းပါသလို အကြောက်တရားကြောင့်လည်း ပါနေတာကို တွေ့ရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့သောလူပုဂ္ဂိုလ်များဟာ မိမိမှာရှိတဲ့ လုပ်ပိုင်ခွင့် အာဏာ၊ ဓနအင်အားတို့ကိုသုံးစွဲပြီး အကျင့်ပျက်ရဲဝန်ထမ်းအချို့နှင့်ပူးပေါင်းကာ ငွေအင်အားချို့တဲ့ သော ပြည်သူပြည်သားများအပေါ် မဟုတ်မမှန် စွပ်စွဲအမှုဖွင့်တိုင်တန်းနေကြတာကို နေရာအနှံ့အပြား မှာတွေ့မြင်နေရပါတယ်။ အချို့သောဥပဒေအရာရှိများဟာ အဂတိလိုက်စားပြီး တရားလိုရဲဝန်ထမ်းတို့ နှင့်ပူးပေါင်းကာ တရားရုံးတော်မှာ တရားစွဲဆိုနိုင်အောင် ပုဒ်မအမျိုးမျိုးတပ်ပေးလေ့ရှိကြပါတယ်။ အချို့သောရာဇဝတ်မှုများဟာ ရဲစစ်ဆေးချက်အရ အမှုမပေါ်ပေါက်သော်လည်း အဂတိတရားရဲ့ မျက်နှာကြောင့် တရားရုံးကျမှသာ ဖြေရှင်းဆိုပြီး ဥပဒေအရာရှိအချို့က လွယ်လင့်တကူ ပုဒ်မတပ်ပေး လေ့ရှိပါတယ်။ နောက်ဆုံးတော့ အပြစ်မရှိတဲ့ပြည်သူတွေဟာ တရားရုံးတော်ကိုမရောက်ရှိသင့်ဘဲ ရောက်ရှိနေကြရ၊ ဖြေရှင်းနေရတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါ့အပြင် ငွေကြေးချို့တဲ့သော ပြည်သူများထိခိုက်နစ်နာလို့ တရားလိုပြုလုပ်တိုင်တန်းတဲ့အမှုတွေကျတော့ အကျင့်ပျက်ခြစားနေတဲ့ အချို့သောဥပဒေအရာရှိတွေ၊ ရဲဝန်ထမ်းတွေဟာ တရားခံများနှင့်ပေါင်းစားပြီး တရားခံများရဲ့လုပ်ရပ် အပေါ် ကြီးလေးတဲ့ပြစ်ဒဏ်ချမှတ်နိုင်တဲ့ပုဒ်မမျိုးတွေနဲ့ တရားစွဲဆိုနိုင်အောင် ဥပဒေအကြံပေးရမယ့် အစား တရားခံများအတွက် ပြစ်ဒဏ်ပေါ့အောင်၊ အပြစ်လျော့အောင် စီရင်နိုင်တဲ့ပုဒ်မမျိုးတွေနဲ့သာ တရားစွဲဆိုဖို့အတွက် ဥပဒေကို လက်တစ်လုံးကြားလုပ်ပြီး ဥပဒေအကြံပေးနေတာကိုလည်း တွေ့မြင်နေရပါတယ်။ အဲဒီလို တရားရုံးသို့ရောက်ရှိလာတဲ့အမှုတွေကို တရားစီရင်ရေးကဏ္ဍမှာရှိတဲ့

အကျင့်ပျက်ခြစားနေတဲ့ တရားသူကြီးအချို့ဟာ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်စစ်ဆေး၊ စီရင်ဆုံးဖြတ်ရမယ်အစား ဥပဒေကို မိမိတို့လိုသလို ဆွဲယူသုံးစွဲနေခြင်း၊ လာဘ်ပေးလာဘ်ယူအပေါ်အခြေခံပြီး ဥပဒေကို လက်တစ်လုံးကြားပြုလုပ်နေခြင်း၊ သားရေကွင်းကဲ့သို့ အတိုးအလျှော့များပြုလုပ်ပြီး ဥပဒေကို လေးစားလိုက်နာမှုမရှိဘဲ ငွေကြေးတစ်ခုတည်းမျက်နှာကိုကြည့်ပြီး စီရင်ဆုံးဖြတ်နေတာကိုလည်း တွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အကျင့်ပျက်ခြစားနေတဲ့ အချို့သောရဲဝန်ထမ်း၊ ဥပဒေအရာရှိ၊ တရားသူကြီးများဟာ လာဘ်ပေးလာဘ်ယူအပေါ်အခြေခံပြီး ပူးပေါင်းကြံစည်ကာ တရားစီရင်နေကြတော့ တရားရေးမဏ္ဍိုင်လည်း တိမ်းစောင်းနေရခြင်းဖြစ်ပါတယ်။ ဒါ့အပြင် အမှုလိုက်ရှေ့နေ၊ ရှေ့ရပ်များကလည်း ရှေ့နေကျင့်ဝတ်နှင့်အညီ တရားစီရင်ရေးကိုလည်း ဝိုင်းဝန်းထိန်းကျောင်းပေးသင့်ပါတယ်။ အချို့သောရှေ့နေများဟာ မိမိအမှုအနိုင်ရရှိရေးအတွက် ရှေ့နေကျင့်ဝတ်များကို ချိုးဖောက်ပြီး လုပ်ကိုင်ဆောင်ရွက်နေကြလို့ ပြည်သူတွေမှာ များစွာထိခိုက်နစ်နာနေကြပါတယ်။ ဒါကြောင့် တရားစီရင်ရေးမဏ္ဍိုင်ပြန်လည်တည့်မတ်ဖို့ဆိုရင် ဆဒ္ဒန်ဆင်မင်းဇာတ်တော်ထဲကလို အစွယ်လိုသူ မိဖုရား၊ စေခိုင်းသူ မင်းဧကရာဇ်၊ လေးပစ်သူ သောနုတ္တရမုဆိုးတို့လို ကြံဖော်ကြံဖက်များဖြစ်ကြတဲ့ အကျင့်ပျက်ခြစားနေတဲ့ အချို့သောရဲဝန်ထမ်း၊ ဥပဒေအရာရှိ၊ တရားသူကြီးများကို ထိရောက်စွာအရေးယူဖို့ လိုအပ်ပါကြောင်း အကြံပြုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုး(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့လွှတ်တော်မှာ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေး တင်သွင်းတဲ့အဆိုကို အကြံပြုထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးကဏ္ဍကို ပြောမယ်ဆိုရင် တရားရုံး၊ ဥပဒေရုံး။ အဲဒီရုံးတွေရဲ့ ဝန်ထမ်းတွေ၊ တရားစွဲအဖွဲ့အစည်းဖြစ်တဲ့ ပြည်သူ့ရဲ့ ရှေ့နေများနှင့် တရားစီရင်ရေးမှာ အရေးပါတဲ့ နှစ်ဖက်သက်သေများရဲ့ကဏ္ဍများဟာ များစွာမှအရေးပါလှပါတယ်။ အဲဒီကဏ္ဍအားလုံးကို

တည့်မတ်ဖို့ပြောမယ်ဆိုရင် အချိန်မလုံလောက်တဲ့အတွက် အဓိကအရေးပါတဲ့ တရားစီရင်ရေးနဲ့ ပတ်သက်တဲ့ တရားရုံးများအကြောင်းကို ထောက်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရေးမဏ္ဍိုင်တိမ်းစောင်းနေတယ်ဆိုတာ အဂတိလိုက်စားမှုများကြောင့် ဖြစ်တယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ တရားရုံးများမှာ အဂတိလိုက်စားမှုများကို တိုက်ရိုက်ပြုလုပ်နိုင်သူတွေကတော့ အမှုများကို စီရင်ဆုံးဖြတ်ရတဲ့ တရားသူကြီးများနှင့် နိုင်ငံတော်ဘက်က လိုက်ပါဆောင်ရွက်ရတဲ့ ဥပဒေအရာရှိများ ဖြစ်ပါတယ်။ အဂတိလိုက်စားမှုအများဆုံးဖြစ်တာကတော့ တရားသူကြီးများ ဖြစ်ပါတယ်။ တရားရုံး၊ တရားသူကြီးများဟာ တရားရုံးအမှုများနှင့် အမှုများကို တည်ဆဲပြစ်မှုတရားမဥပဒေများနှင့်အညီ အဂတိတရားကင်းကင်းနဲ့ အမှုများကို စီရင်ဆုံးဖြတ်ရမှာဖြစ်သော်လည်းပဲ အတွေ့အကြုံအရပြောရမယ်ဆိုရင် မူလမြို့နယ်တရားရုံးက အမှုကို အဂတိလိုက်စားပြီး မြို့နယ်တရားသူကြီးက ဥပဒေနှင့်မညီဘဲ စီရင်ဆုံးဖြတ်လိုက်တဲ့အတွက် ဥပဒေအရ အမှန်အကန်ဖြစ်စေဖို့ ခရိုင်တရားရုံးတော်ကို အယူခံတက်ပါတယ်။ ခရိုင်တရားရုံး တရားသူကြီးကလည်း မြို့နယ်တရားရုံးကအတိုင်း အဂတိလိုက်စားပြီး စီရင်ဆုံးဖြတ်ခဲ့ပြန်ပါတယ်။ အဲဒါကြောင့် အထက်တရားရုံးဖြစ်တဲ့ တိုင်းတရားလွှတ်တော်ရုံးကို ဥပဒေအရ အယူခံဝင်ရောက်မှာတော့ အောက်ရုံးနှစ်ရုံးရှုံးပြီးဖြစ်တဲ့အတွက် အမှုတွဲတောင် တောင်းခေါ်ကြည့်ရှုခြင်းမရှိဘဲနဲ့ အကျဉ်းနည်းဖြင့် ပလပ်ခြင်းခံခဲ့ရပါတယ်။ အဲဒါကြောင့် အမှုသည်အနေနဲ့ နိုင်ငံတော်အမြင့်ဆုံးဖြစ်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးကို အယူခံဝင်ရောက်ခဲ့ပါသော်လည်း အောက်ရုံးအားလုံးရှုံးထားတဲ့အတွက် အမှုကိုလက်မခံဘဲ ပယ်ကြောင်း ဆုံးဖြတ်ခဲ့တာတွေ့ကြုံခဲ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး အဓိကပြောချင်တာက မူလမြို့နယ်တရားရုံးနှင့် ခရိုင်တရားရုံးများက အဂတိတရားလိုက်စားပြီး ဥပဒေအရ မဆောင်ရွက်ခဲ့တဲ့ကိစ္စကို အထက်ရုံးများဖြစ်တဲ့ တိုင်းတရားလွှတ်တော်ရုံးနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးများကို အားကိုးတကြီးနဲ့ အမှုအမှန်ပေါ်ပေါက်ရေးအတွက် ငွေကြေးအကုန်ကျခံပြီး အယူခံမှုများတင်သွင်းခဲ့ပါသော်လည်း အမှုမှန်မပေါ်ပေါက်ခဲ့ဘဲ အမှုသည်များ နစ်နာဆုံးရှုံးခဲ့ရတဲ့ အမှုများရှိခဲ့ပါတယ်။ ဒါကြောင့် တိုင်းတရားလွှတ်တော်ရုံးများနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးများအနေနဲ့ အောက်ရုံးများမှ တက်လာတဲ့ အယူခံအမှုများကို ဝါးလုံးသိမ်း ပယ်ခြင်းမပြုဘဲနဲ့ အောက်ရုံးအမှုတွဲများကို သေချာစွာကြည့်ရှုပြီးမှ အမှန်ကိုဆုံးဖြတ်တည့်မတ်ပေးပါရန် သင့်ကြောင်း အကြံပေးတင်ပြလိုပါတယ်။ တကယ်တော့ တရားရုံးများမှာ အမှုတစ်ခုတင်လာတယ်ဆိုကတည်းက အဲဒီအမှု ဘယ်ဘက်ကအခြေအနေကောင်းတယ်ဆိုတာ ပဏာမသိနိုင်ပါတယ်။ အဲဒီနောက် အဲဒီအမှုကို နှစ်ဖက်သက်သေများ စစ်ဆေးလို့ပြီးတဲ့အခါမှာတော့

ဘယ်ဘက်ကနိုင်မယ်ဆိုတာ တရားသူကြီးလည်းသိတယ်။ ဥပဒေအရာရှိလည်း သိတယ်။ ရှေ့နေလည်း သိနိုင်ပါတယ်။ အဲဒီလိုဆိုရင် အမှုမှာဥပဒေအရ အနိုင်ပေးရမည့်ဘက်ကလာတဲ့မေတ္တာစေတနာကိုသာ တရားသူကြီးအနေနဲ့ လက်ခံသင့်ပြီး ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အမှန်ကိုဆုံးဖြတ်ချက်ချခဲ့ရင် ဘယ်ပြဿနာမှလည်း ပေါ်ပေါက်လာနိုင်မှာမဟုတ်ပါဘူး။ အမှုအမှန်အကန် အနိုင်ရမည့်ဘက်ကလည်း စေတနာ မနှမျောဘူးဆိုတာ ပြောစရာတောင်မလိုပါဘူး။ အခုဖြစ်နေတာတွေက အမှုနဲ့ပတ်သက်လာရင် ငွေပေးတဲ့ဘက်ကိုသာ အနိုင်ပေးဆုံးဖြတ်နေတာကိုလည်း စိတ်မချမ်းမြေ့ဖွယ် တွေ့ကြုံနေရပါတယ်။ ပိုဆိုးတာက ဥပဒေကိုမျက်ကွယ်ပြုပြီး လိုသလို ဆွဲယူဆုံးဖြတ်နေကြတဲ့အတွက် တရားရေးမဏ္ဍိုင်တိမ်းစောင်းနေတယ်လို့ ပြောနေကြခြင်းဖြစ်ပါတယ်။

ဒီအခါမှာ တရားရေးကဏ္ဍမှာတာဝန် ထမ်းဆောင်နေကြတဲ့ တရားသူကြီးများအကြောင်း ပြောရရင် မြို့နယ်တရားသူကြီးတစ်ယောက်ရဲ့ လစာဟာ တစ်ယောက် နှစ်သိန်းခွဲကျပ်ခန့်သာရပါတယ်။ အဲဒီမြို့နယ်တရားသူကြီးအနေနဲ့ တာဝန်ကျရာမြို့မှာနေထိုင်ဖို့ နေအိမ်ငှားမယ်ဆိုရင် အိမ်လခ တစ်လတစ်သိန်းခွဲနှင့်အထက် ပေးပြီးနေရတဲ့အတွက် လစာကျန်ငွေတစ်သိန်းနဲ့မိသားစု စားဝတ်နေရေး၊ သွားရေးလာရေး၊ ကျန်းမာရေး ဘယ်လိုရုန်းကန်ရမလဲဆိုတာ ခန့်မှန်းလို့ရပါတယ်။ အဲဒီတော့ ဒီလိုလစာနှင့်မလုံလောက်တော့ အဂတိလိုက်စားဖို့ အကြောင်းဖန်လာသလို ဖြစ်နေပါတော့တယ်။ အဲဒီလိုပဲ ခရိုင်တရားသူကြီးများဟာဆိုလို့ရှိရင်လည်း သူတို့ရတဲ့လစာဟာ နေအိမ်ငှားရမ်းခပေးရတာနှင့် လစာထက်ဝက်ကျော် ကုန်သွားတဲ့အတွက် အဂတိလိုက်စားဖို့ တွန်းအားပေးနေသလို ဖြစ်နေပါတယ်။ ဒါ့အပြင် တရားရုံးများမှာ နိုင်ငံတော်ဘက်က လိုက်ပါဆောင်ရွက်ရတဲ့ ဥပဒေအရာရှိအဆင့်ဆင့်တွေဟာလည်း တရားရေးမဏ္ဍိုင်မှာ အဓိကကျတဲ့ နေရာကပါဝင်ပါတယ်။ ဥပဒေအရာရှိများအနေနဲ့ မိမိတို့တာဝန်ကျရာအမှုများမှာ သက်သေများအားလုံး စစ်ဆေးပြီးစီးပါက ပေါ်ပေါက်ချက်အရ စွဲဆိုထားတဲ့ဥပဒေနဲ့ ငြိစွန်းချက်မတွေ့ပါက တရားသေလွှတ်ပေးသင့်ကြောင်း သက်ဆိုင်ရာ ရုံးတော်သို့ တင်ပြလျှောက်လဲရန် တာဝန်ရှိပါတယ်။ အတွေ့အကြုံအရပြောရရင် နိုင်ငံတော်ဘက်က လိုက်ပါဆောင်ရွက်တဲ့ဥပဒေအရာရှိများအနေနဲ့ ဘယ်အမှုဟာဖြင့် ဥပဒေနဲ့ငြိစွန်းပေါ်ပေါက်ခြင်းမရှိပါသဖြင့် တရားသေလွှတ်ပေးသင့်ကြောင်း သက်ဆိုင်ရာရုံးတော်သို့ တင်ပြလျှောက်ထားသည်ကို တစ်ခါမှ မကြုံဖူးပါကြောင်း။ ဒါကြောင့် ဥပဒေအရာရှိများ အနေဖြင့်လည်း လာဘ်လာဘကိုမမျှော်ကိုးပဲ အမှုမှန်ပေါ်ပေါက်ရေးအတွက် ရဲဝံ့ပွင့်လင်းစွာဖြင့် သက်ဆိုင်ရာရုံးတော်သို့ တင်ပြခြင်းဖြင့် တရားရေးမဏ္ဍိုင်ကို တည့်မတ်ပေးရန် လိုအပ်လှပါတယ်။ ဒါကြောင့် တရားရေးမဏ္ဍိုင်မှ အဓိကနေရာများဖြစ်တဲ့

တရားသူကြီးများနှင့် ဥပဒေအရာရှိများကို နေထိုင်ရန်အိမ်နှင့် Facility ကို နိုင်ငံတော်က ပြင်ဆင်ဆောင်ရွက်ပေးဖို့ လိုအပ်လိမ့်မယ်လို့လည်း အကြံပေးအပ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ တရားရေးမဏ္ဍိုင်တည့်မတ်ဖို့အတွက် တရားရုံးစောင့်ကြည့်ရေးအဖွဲ့များ ပီပြင်ထိရောက်စွာ ဖွဲ့စည်းဆောင်ရွက်သင့်ပါတယ်။ ဒါ့အပြင် အဂတိလိုက်စားမှုပပျောက်ဖို့အတွက် အဓိကကျတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကိုလည်း အလျင်အမြန် ပြင်ဆင်သင့်ပြီဖြစ်ကြောင်း တင်ပြရင်း ဝေါမဲဆန္ဒနယ်က ဦးတင်ထွေး တင်သွင်းတဲ့အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအင်ထုံးခါးနော်ဆမ်(မြစ်ကြီးနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်တဲ့ပုဂ္ဂိုလ်နှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ဝေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းခဲ့သော တရားရေးမဏ္ဍိုင်နဲ့ပတ်သက်တဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ထုံးခါးနော်ဆမ်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ကို မဏ္ဍိုင်ကြီးအာဏာသုံးရပ်ဖြင့် ဦးဆောင်ထိန်းကျောင်းပြီး အုပ်ချုပ်နေသလို သတင်းမီဒီယာကလည်း မဏ္ဍိုင်တစ်ခုအနေဖြင့် ရပ်တည်လှုပ်ရှားနေတာကို အားလုံးသိရှိရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိနိုင်ငံတော်အစိုးရက ပြည်သူကိုအခြေပြုတဲ့ဒီမိုကရေစီစနစ်နဲ့ အုပ်ချုပ်နေပြီဖြစ်တဲ့အတွက် ပြည်သူနဲ့ကင်းကွာ၍မရ၊ ပြည်သူ့အကျိုးကို ဦးထိပ်ထားဆောင်ရွက်ရမယ်။ ယင်းသို့ဆောင်ရွက်ရာတွင် မဏ္ဍိုင်ကြီးလေးရပ်မှ အုပ်ချုပ်ရေးမဏ္ဍိုင်သည် နိုင်ငံနှင့်ပြည်သူအကျိုးကို တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာအောင် မဆောင်ရွက်နိုင်ဘဲ အုပ်ချုပ်ရေး၌အားနည်းနေရင်၊ ဒီလိုပဲ တရားရေးမဏ္ဍိုင်ကလည်း လာဘ်ပေးလာဘ်ယူမှုတွေသာ ရင်းနှီးထိတွေ့လုပ်ဆောင်နေရင်၊ ထို့အတူ ဥပဒေပြုရေးမဏ္ဍိုင်လည်းပဲ နိုင်ငံနှင့်ပြည်သူကိုအကာအကွယ်မပြုသောဥပဒေတွေ ပြဋ္ဌာန်းလာရင်၊ အလားတူ သတင်းမီဒီယာအဖွဲ့ကလည်း တစ်ဖက်သတ်သတင်းမျိုးနဲ့ မဟုတ်မမှန်သတင်းများကိုသာ ဖြန့်လွှင့်ပေးပို့နေကြမယ်ဆိုရင် ပြည်သူလူထုရဲ့ အယုံအကြည်မရှိ ဝေဖန်ထိုးနှက်မှုပဲခံနေရမှာဖြစ်ပြီး နိုင်ငံတကာရဲ့မျက်နှာစာမှာလည်း သိက္ခာကျတဲ့မဏ္ဍိုင်ကြီးတွေပဲဖြစ်သွားမှာ မုချဖြစ်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မဏ္ဍိုင်တချို့၌ ပြည်သူလူထုတွေ့ကြုံခံစားနေရသည့် ရင်ဖွင့်သံပြောစကားတွေကဘာလဲဆိုတော့ တချို့သောဝန်ထမ်းများရဲ့ စနစ်ဟောင်းအတွေးအခေါ်နဲ့လာဘ်ပေးလာဘ်ယူမှုအကျင့်ဟာ အခုထိမပြင်နိုင်သေးဘူးတဲ့။ နောက်ပြီး တရားဥပဒေစိုးမိုးမှုရဲ့အခန်းကဏ္ဍကို ပြည်သူများက တမျိုးမြင်နေကြသလို ၎င်းတို့ရဲ့လုပ်ငန်းဆောင်ရွက်မှုအားနည်းချက်များကိုလည်း လူထုက အုပ်ချုပ်ရေးမဏ္ဍိုင်ကို လက်ညှိုးထိုးဝေဖန်နေကြတယ်။ ဒါ့အပြင် တရားရေးမဏ္ဍိုင်ရဲ့ တရားစီရင်မှုအပိုင်းကြည့်ပြန်တော့လည်း တချို့သောတရားသူကြီးများရဲ့ လာဘ်ယူငွေတောင်းနေမှုကြောင့် တရားရေးမဏ္ဍိုင်ကိုလည်း ပြည်သူများရဲ့ဝေဖန်နေကြတဲ့အသံတွေဟာ ပဲ့တင်ထပ်နေပါပြီ။ ဥပမာဖြစ်စဉ်အများထဲကတစ်ခု။ လွန်ခဲ့သောလက ပွင့်ဖြူမြို့နယ်တရားသူကြီးရုံးမှ အမျိုးသမီးတရားသူကြီးတစ်ဦး ငွေတောင်းယူပြီး တိမ်းရှောင်ထွက်ပြေးနေရခြင်း။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံလို နိုင်ငံရေးစနစ်အကူးအပြောင်းနှင့် အုပ်ချုပ်ရေးအဖွဲ့အပြောင်းအလဲဖြစ်နေတဲ့နိုင်ငံမျိုးမှာ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးက အင်မတန်အရေးကြီးတဲ့အတွက် လေးလေးနက်နက်တွေးပြီး ထိထိမိမိဆောင်ရွက်နိုင်ရန် တရားရေးမဏ္ဍိုင်ကို အမှန်တကယ်တိုက်တွန်းသင့်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေအထက်မှာ အာဏာရှိသူတွေနှင့်ငွေကြေးချမ်းသာသူတွေရှိနေရင် ဒါမှမဟုတ် တရားဥပဒေစိုးမိုးမှု လျော့ရဲလာရင် ဒုစရိုက်မျိုးစုံနဲ့ပြစ်မှုပြဿနာမျိုးစုံဖြစ်ပေါ်လာမယ်။ ယင်းပြဿနာတွေကြောင့် ရဲစခန်းနှင့်တရားရုံးကိုရောက်ပြီဆိုရင် အမှုကိုင် ရဲစခန်းတာဝန်ရှိပုဂ္ဂိုလ်တွေ၊ တရားရုံးကပုဂ္ဂိုလ်တွေ၊ တရားခံ၊ တရားလိုတွေအတွက် ရင်ခုန်စရာ၊ တွေးတောစရာဇာတ်လမ်းက ဒီနေရာမှာစပါပြီ။ တရားခံ၊ တရားလိုတွေက မိမိအမှုအကာအကွယ်ရရေး၊ အနိုင်ရရှိရေး ပြောဆိုငြင်းခုန်ကြတော့မယ်။ ရှေ့နေရှေ့ရပ်တွေကို ငွေကြေးပေးပြီး ငှားတော့မယ်။ တစ်ဖက်မှာတော့ ကြားနာစစ်ဆေးဆုံးဖြတ်ပေးမည့် တရားသူကြီး၊ သူကတော့ ခေါင်းအေးအေးနဲ့စဉ်းစားပြီးကိုင်တွယ်ဆောင်ရွက်တော့မယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ အမှုနဲ့ပတ်သက်ပြီး နောက်ဆုံးအပြီးသတ်ဆုံးဖြတ်ပေးမယ့်အချိန် နီးလာလေလေ၊ တရားသူကြီးအတွက် လမ်းဆုံလမ်းခွရောက်လာလေလေ၊ ဒီအချိန် တရားသူကြီး ဘယ်လမ်းကိုရွေးမလဲ။ တရားဥပဒေပုဒ်မအရ မှန်မှန်ကန်ကန်ဆုံးဖြတ်မှာလား၊ ဒါမှမဟုတ် မိမိတစ်ကိုယ်တော် အဝစားစဉ်းစားမှာလား၊ အပေါင်းအဖော်တွေနဲ့ညှိနှိုင်းမျှဝေဆောင်ရွက်မှာလား ဒါမှမဟုတ် ငိုစားရီစားလုပ်မှာလား။ ဘယ်လုပ်ရပ်ကိုရွေးမှာလဲ။ ဒီနေရာမှာရွေးချယ်မှုဟာ သိပ်အရေးကြီးပါတယ်။ သိက္ခာနဲ့လာဘ်ငွေအသပြာ တရားသူကြီးက ဘယ်ဟာကိုဦးစားပေးမှာလဲ။ မိမိသိက္ခာ၊ ဌာနသိက္ခာနဲ့ အစိုးရသိက္ခာတွေ

ဟာ ဆက်စပ်အကျိုးသက်ရောက်မှုရှိနေတယ်ဆိုတာကို သတိမူဖို့လိုလိမ့်မယ်လို့ ဆွေးနွေးတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့တရားရေးမဏ္ဍိုင်အဆင့်တိုင်း၌ တာဝန်ထမ်းဆောင်နေကြတဲ့ပုဂ္ဂိုလ်တချို့ရဲ့ သိက္ခာမထိန်းနိုင်မှု၊ လာဘ်ငွေအပေါ်ခုံမင်နေသူများနေမှုကြောင့် တရားရေးမဏ္ဍိုင်ယိမ်းယိုင်လာနေခြင်းဖြစ်နေတယ်ဆိုတာကို တရားရေးမဏ္ဍိုင်ကြီးအကြီးအကဲများ သေချာစဉ်းစားဖို့တော့လိုပါပြီလို့ ဆွေးနွေးတင်ပြလိုပါတယ်။ နောက်ပြီး ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိလက်အောက်ငယ်သားများကို ယုံလွန်းရင်လည်းမဖြစ်၊ အလိုလိုက်လွန်းတော့လည်း ကမ်းတက်လာမယ်၊ တအားကြီးအားကိုးလွန်းရင်လည်း ပြန်မကောင်း။ အဲဒါကြောင့် အကျင့်ပျက်သူတွေကို ပြုပြင်ထိန်းကျောင်းဖို့ကဥပဒေ၊ စည်းမျဉ်းစည်းကမ်း တိတိကျကျချမှတ်ပြီး မိမိကိုယ်တိုင်လည်း လိုက်နာကြပ်မတ်ဖို့လိုတယ်လို့အကြံပြုတင်ပြဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆိုရိုးစကား ငါးခုံးမတစ်ကောင်ကြောင့်တစ်လှေလုံးပုပ်၊ ငါးအမျိုးမှာဖြစ်နိုင်သော်လည်း တရားရေးမဏ္ဍိုင်ကြီးမျိုးမှာတော့ ကျွန်တော့်အမြင်အရဆိုရင် မြို့နယ်အဆင့်တရားသူကြီးတစ်ဦးတစ်ယောက်ရဲ့လုပ်မှားမှုကြောင့် မဏ္ဍိုင်ကြီးတစ်ခုလုံးတော့ နာမည်မပျက်နိုင်ဘူးလို့တော့ထင်ပါတယ်။ ဒါပေမဲ့ အတုမြင်အတတ်ယူ မီးခိုးကြွက်လျှောက်လိုက်ဆိုသလို မြို့နယ်တိုင်း၌ဖြစ်နေရင်တော့မပြောနိုင်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတော့ ဒီသဘောဖြစ်နေ။ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားရုံးအဆင့်တိုင်းလိုလိုမှာ ပြောစရာအားနည်းချက်များစွာတွေ့ရှိနေမှုကြောင့် ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးအနေဖြင့် တရားရေးမဏ္ဍိုင်ပြန်လည်တည့်မတ်လာစေရန် ရိုးရှင်းသောစေတနာဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းသောအဆိုဖြစ်နေပြီး လက်ရှိမြေပြင်အခြေအနေ၌လည်း ဖြစ်ပျက်နေသောဖြစ်စဉ်ဖြစ်တဲ့အတွက် ကျွန်တော့်အနေဖြင့်လည်း လွန်စွာသဘောတူပါသဖြင့် ယင်းအဆိုကို လေးလေးနက်နက်ထောက်ခံ ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာလှိုင်မြင့်ဟန်(ကန့်ဘလူမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာလှိုင်မြင့်ဟန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေး တင်သွင်းထားတဲ့ တရားစီရင်ရေးမဏ္ဍိုင်တိမ်းစောင်းနေမှုကို ပြန်လည်တည့်မတ်ပေးရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်သို့ တိုက်တွန်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာ ဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတွေကို တတ်နိုင် သလောက်ပိုင်းခြားပြီးတော့ သုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းပြုသည် ဆိုပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) နိုင်ငံတော်အခြေခံတဲ့မူများ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)မှာ ပါဝင်ပါတယ်။ အဲဒီတော့ တရားစီရင်ရေးမဏ္ဍိုင်တိမ်းစောင်းနေတဲ့ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံဖွံ့ဖြိုး တိုးတက်ဖို့၊ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတည်ဆောက်ဖို့ အဟန့်အတားအနှောင့်အယှက်ပြဿနာ ဖြစ်နေတယ်ဆိုတာ သေချာပါတယ်။ ပြဿနာဖြစ်ရတဲ့အကြောင်းအရင်းများကို ရှာဖွေဖော်ထုတ် ပြီးတော့ ဝိုင်းဝန်းတည့်မတ်မှသာ အောင်မြင်မှုရရှိမှာဖြစ်ပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်ဆိုတဲ့နေရာမှာ အများအမြင်မှာ တရားရုံးနှင့် တရားသူကြီးတွေတင် မြင်တတ်ကြပါတယ်။ တကယ်တော့ တရားစွဲ အဖွဲ့အစည်းတွေဖြစ်တဲ့ အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အဆင့်ဆင့်သော ဥပဒေပညာရှင်တွေပါဝင်ပါတယ်။ ဒါ့အပြင် ဆက်စပ်ပါဝင်နေကြတဲ့ သက်သေတွေ၊ အရပ်ရှေ့နေတွေ၊ မှုခင်းဆရာဝန်တွေ၊ လက်နက်ပါရဂူတွေ၊ လက်ရေးပါရဂူတွေလည်း ပါဝင်ပါတယ်။ တရားစီရင်ရေး မဏ္ဍိုင်တိမ်းစောင်းရတဲ့ အဓိကအကြောင်းအရင်းကတော့ အားလုံးပြောနေကြတဲ့ အတိုင်းပဲ အဂတိတရားလေးပါးကြောင့် ဥပဒေကို ကိုင်တွယ်ကျင့်သုံးတဲ့ ပုဂ္ဂိုလ်များကိုယ်တိုင်က ဥပဒေကိုဖောက်ဖျက်တယ်။ အမှုအခင်းများ မှန်မှန်ကန်ကန်ပေါ်ပေါက်စေရန် သက်ဆိုင်ရာစစ်ဆေးတဲ့ သူများက ကြောင့်ကြဝါယမစိုက်ထုတ်မှုအားနည်းတယ်။ အချို့သောရှေ့နေများက မိမိအမှုအနိုင် ရရှိရေးတစ်ခုတည်းကိုပဲ ဦးတည်ပြီး နည်းမျိုးစုံသုံးပြီး လုပ်ဆောင်တယ်။ သက်ဆိုင်ရာအထောက် အထားတွေ၊ ဆေးစစ်ချက်တွေ၊ ပညာရှင်တို့ရဲ့မှတ်ချက်တွေရရှိဖို့အတွက် အချိန်ကြန့်ကြာတယ်။ ဒီလိုမျိုးအချက်တွေကြောင့်မို့လို့ တရားစီရင်ရေးမဏ္ဍိုင်ဟာ တိမ်းစောင်းလာတယ်လို့ ယူဆပါတယ်။ တိမ်းစောင်းနေတဲ့ တရားစီရင်ရေးမဏ္ဍိုင်ကို တည့်မတ်ဖို့အတွက်ဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့

လုပ်ဆောင်ရမယ့်အချက်တွေရှိပါတယ်။ လုပ်ဆောင်သင့်တဲ့အချက်တွေရှိပါတယ်။ အဓိကပါဝင်ပတ်သက်နေတဲ့လူတွေရဲ့ အဂတိလိုက်စားမှုနှင့်ပတ်သက်ရင်တော့ ကျွန်တော်တို့မှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေအရ ထိထိရောက်ရောက်အရေးယူသင့်တယ်။ ဌာနဆိုင်ရာစည်းမျဉ်းစည်းကမ်းတွေနဲ့ အရေးယူသင့်ပါတယ်။ အရေးယူရုံသည် ရေတိုကိစ္စဖြစ်ပါတယ်။ ရေရှည်လုပ်ဆောင်ရမယ့်ကိစ္စကတော့ ကိုယ်တိုင်က မှားယွင်းနေတဲ့အတွေးအခေါ်တွေ၊ စိတ်နေ စိတ်ထားတွေ၊ ခံယူချက်တွေ၊ ဒီအကျင့်တွေကို ကိုယ်ကိုယ်တိုင်ပြုပြင် ဘေးကဝိုင်းဝန်းပြုပြင်မှသာ တိမ်းစောင်းနေတဲ့တရားစီရင်ရေးကဏ္ဍကြီးက တည့်မတ်လာမှာဖြစ်ပါတယ်။

နောက်သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကိုလည်း ပြောလိုပါတယ်။ ပြည်သူတွေရဲ့ နား၊ မျက်စိဖြစ်တဲ့ သတင်းမီဒီယာတွေဟာ ခေတ်အဆက်ဆက်မှာ တာဝန်ကျေခဲ့ပါတယ်။ ယခု ဒီမိုကရေစီခေတ်မှာလည်း ဒီသတင်းမီဒီယာတွေရဲ့ မှန်မှန်ကန်ကန်သုံးသပ်ပြီးတော့ ဖော်ထုတ်မှုကြောင့် တရားခံများ ပေါ်ပေါက်လာတာတွေ တွေ့ရှိပြီးတော့ တရားရုံးမှာ တရားရုံးရှေ့ရောက်အောင်ပို့ဆောင်လာတာတွေ တွေ့ရှိရမှာဖြစ်ပါတယ်။ တရားရုံးများက မှန်မှန်ကန်ကန်စီရင်ချက်ချပြီး ဒီစီရင်ချက်တွေကိုလည်း ပြည်သူလူထုသိရှိအောင် ပွင့်လင်းမြင်သာဖို့ လိုအပ်လှပါတယ်။

နောက် တရားခွင်များမှာ ပြည်သူများက လာရောက်နားထောင်တဲ့ အလေ့အကျင့်လိုအပ်ပါတယ်။ ဒါမှသာ ပွင့်လင်းမြင်သာမှုရှိပြီးတော့မှ တည့်မတ်လာနိုင်မှာဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့မြန်မာနိုင်ငံရဲ့တရားရုံးများရဲ့အခြေအနေက တရားခွင်များက ဧရိယာကျဉ်းမြောင်းတဲ့အတွက် လူအများ လာရောက်နားထောင်ဖို့အတွက် အဆင်မပြေဘူးဖြစ်တဲ့ကိစ္စကလည်းရှိနေပါတယ်။ အကယ်၍များ တရားစီရင်ရေးမဏ္ဍိုင်ဟာ တိမ်းစောင်းနေတာကို အချိန်မီ အချိန်မီမတည့်မတ်ခဲ့ဘူးဆိုရင် ဖြစ်ပေါ်လာနိုင်တဲ့အကျိုးဆက်တွေအနေနဲ့ ဒီကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးပုံရိပ်၊ နိုင်ငံရဲ့ပုံရိပ်ကျဆင်းမှာဖြစ်ပါတယ်။ (၂)အနေနဲ့ နိုင်ငံတိုးတက်ဖို့အတွက် စီးပွားရေးကဏ္ဍက အရေးကြီးပါတယ်။ အဲဒီအချိန်မှာ နိုင်ငံခြားက လာရောက်ရင်းနှီးမြှုပ်နှံမယ့် သိက္ခာသမာဓိရှိတဲ့ ကျင့်ဝတ်နှင့်ညီတဲ့ လုပ်ငန်းရှင်များက လာရောက်ဖို့တွန့်ဆုတ်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ အခု နိုင်ငံတော်ကိုချီတက်နေတဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို သွားတဲ့နေရာမှာ အနှောင့်အယှက်များဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်ကတင်ထားတဲ့ အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မှုကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒလမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းထားတဲ့ တရားစီရင်ရေးကဏ္ဍနဲ့ ပတ်သက်တဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ ဆွေးနွေးခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ ဒါကတော့ ၁၈-၄-၂၀၁၆ ရက်နေ့က ကျွန်တော်တို့ရဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားသွားတဲ့ နှစ်သစ်ကူးမိန့်ခွန်းမှ တရားစီရင်ရေးမဏ္ဍိုင်နဲ့ပတ်သက်တဲ့ ကောက်နုတ်ချက်ဖြစ်ပါတယ်။ အဲဒီမှာ လေ့လာကြည့်လိုက်မယ်ဆိုလို့ရှိရင် တရားစီရင်ရေးမဏ္ဍိုင်ဟာ ထိရောက်ဖို့အင်မတန်မှ အရေးကြီးတဲ့ အကြောင်း၊ တရားစီရင်ရေးနှင့်ပတ်သက်လို့ရှိရင် တရားမျှတမှုရှိရမယ့်အကြောင်း၊ တရားမျှတမှုဆိုတာ လုပ်ရုံနဲ့မပြီးဘူး။ လုပ်ပါတယ်ဆိုတာ ထင်ရှားရမယ့်အကြောင်း၊ တရားမျှတရုံနဲ့မလုံလောက်ဘူး။ တရားမျှတခြင်းရှိပါတယ်ဆိုတာ ထင်သာမြင်သာရှိရမယ်ဆိုတဲ့အကြောင်းတွေကို အခြေခံတစ်ခုအနေနဲ့ ကျွန်တော်တို့ရဲ့ အမြော်အမြင်ကြီးမားတဲ့ ခေါင်းဆောင်ဖြစ်တဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသွားတာဖြစ်ပါတယ်။ ဒါဟာ အခြေခံမူပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာ ယနေ့ လေ့လာကြည့်မယ်ဆိုလို့ရှိရင် တရားစီရင်ရေးကဏ္ဍကြီးက ထိရောက်နေပြီလား၊ တရားမျှတမှုရှိနေပြီလား၊ ထင်သာမြင်သာရှိနေပြီလားလို့ ကျွန်တော်တို့ လေ့လာကြည့်လိုက်တဲ့အခါမှာ No ဆိုတဲ့အဖြေကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလို No ဆိုတဲ့ ထင်သာမြင်သာမရှိမှုတွေ ရှိနေတာဖြစ်တဲ့အတွက် ပြည်သူလူထုဟာ ဒီတရားရေးကဏ္ဍနဲ့ပတ်သက်လို့၊ တရားစီရင်ရေးကဏ္ဍနဲ့ပတ်သက်လို့ ယုံကြည်ကိုးစားမှု အင်မတန် အားနည်းလာတာကို တွေ့ရပါတယ်။

ဒီတရားစီရင်ရေးကဏ္ဍအပေါ်မှာ ပြည်သူလူထုက အားကိုးယုံကြည်စိတ် နည်းပါးလာတဲ့ အကြောင်းတရားများစွာကိုလည်း ရှေ့မှာရှိတဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်များက ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ အဲဒီအကြောင်းအရင်းတွေများစွာထဲက အဓိကအကြောင်းအရင်းတွေကတော့ ကျွန်တော်တို့နိုင်ငံမှာ ထင်သာမြင်သာ လွတ်လပ်စွာတရားစီရင်ရေးကို ထိခိုက်နိုင်တဲ့အချက်ကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ယခင့် ယခင် ခေတ်ဆိုးကပါလာတဲ့ အစဉ်အလာဆိုရင်လည်း မမှားပါဘူး။ မြို့နယ်တရားရုံးတွေဟာ အမိန့်မချခင် အထက်အဆင့်ဆင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်

အစရှိသဖြင့် တရားရေးဦးစီးမှူးများထံမှာ တင်ပြနေရတဲ့အစဉ်အလာဟာ မကင်းစင်သေးဘူးဆိုတဲ့ အကြောင်း တရားရုံးနဲ့နီးစပ်တဲ့သူတွေ သိကြမှာပါ။ တယ်လီဖုန်းနဲ့တစ်မျိုး၊ အခြားနည်းနဲ့တစ်သွယ် ဩဝါဒခံယူနေသလို ဖြစ်နေတဲ့အတွက် ပြည်သူလူထုဟာ ယုံကြည်အားကိုးစိတ် နည်းပါးလာရတာ ဖြစ်ပါတယ်။ နံပါတ်(၂)အချက်ဖြစ်တဲ့ တရားစွဲအဖွဲ့အစည်းတွေဖြစ်တဲ့ ရဲများရဲ့ အဂတိတရားလိုက်စား ပြီးတော့ ဥပဒေနှင့်မညီတဲ့ ပေါ့လျော့စွာဆောင်ရွက်ခြင်းတွေကို တင်ပြရမယ်ဆိုလို့ရှိရင် လက်မှတ်တု တွေထိုးပြီးတော့ ရှာဖွေပုံစံမှာ ထည့်သွင်းတာတွေ၊ ရာဇသတ်ကြီးနဲ့ ရာဇဝတ်ကျင့်ထုံးဥပဒေတွေမှာ ဘယ်လိုပင်ဆိုထားပေမဲ့လည်းပဲ ကွင်းဆက်တရားခံတွေကို သက်သေအဖြစ် ပြောင်းလဲတာတွေ အနောက်ပိုင်းခရိုင်တရားရုံးမှာ ဖြစ်ပေါ်ခဲ့တဲ့ ပုဒ်မ ၃၇၆ အမှုတစ်မှုမှာ အမှုကို ကောင်းစွာ မတည်ဆောက်နိုင်တဲ့အတွက် တရားလိုမှာ များစွာနစ်နာတာတွေဟာ ဒါတွေက ဥပမာတွေပဲ ဖြစ်ပါတယ်။ တစ်ခါ ကျွန်တော်တို့ တရားစီရင်ရေးမှာ အားထားရမယ့် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ခန့်အပ်လိုက်တဲ့ဥပဒေအရာရှိအဆင့်ဆင့်တွေဟာလည်းပဲ အမှုတွဲတွေကို သေချာစွာလေ့လာမှု အားနည်းတဲ့အတွက် ပြည်သူလူထုမှာ နစ်နာမှုတွေရှိပြီး ယုံကြည်စိတ်တွေ နည်းပါးလာပါတယ်။

ဒါနဲ့ပတ်သက်လို့ ဦးအောင်စိုး၊ ယင်းမာပင်မဲဆန္ဒနယ်ကလည်းပဲ အခုနကတုန်းက အသေးစိတ် တင်ပြပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြရမယ်ဆိုလို့ရှိရင် ဒီလိုဖြစ်ပေါ်လာတဲ့အတွက်၊ ဒီလို ဖြစ်ပျက်နေတဲ့အတွက် အဲဒီလို သေချာစွာလေ့လာမှုအားနည်းပြီး အမှုကိုကောင်းစွာမတည်ဆောက် ဘဲနဲ့ တရားရုံးတွေကို တင်ပြတဲ့အတွက် တရားရုံးတွေက လုပ်ကြံလီဆယ်မှုတွေများပြားလာအောင် အားပေးသလို ဖြစ်နေတဲ့အတွက် ပြည်သူတွေဟာ ဆန္ဒတွေပြပြီးတော့ နိုင်ငံတော်ရဲ့ တရားစီရင်ရေး ပုံရိပ်ဟာ လငမုတ်ဖမ်းသလို ဖြစ်နေတဲ့အခြေအနေတွေကိုလည်း ကျွန်တော်တို့ သိရှိနေပါတယ်။ စတုတ္ထအချက်ဖြစ်တဲ့ တရားစီရင်ရေးမှာ ဒါကလည်း အခုနတုန်းက ဦးအောင်စိုး၊ ယင်းမာပင်မြို့နယ်က တင်ပြပြီးဖြစ်ပါတယ်။ အသေးစိတ်တော့မတင်ပြလိုတော့ပါဘူး။ ကျွန်တော်တို့ အဓိကတာဝန်ရှိတဲ့ တရားသူကြီးတွေ၊ ဥပဒေအရာရှိတွေ အဂတိတရားကင်းစွာ ဆုံးဖြတ်ဆောင်ရွက်နိုင်ရေးအတွက် သူတို့ရဲ့ ဝန်ထမ်းရေးရာကိစ္စတွေနဲ့ လုံလောက်တဲ့လစာတွေ၊ အခြေအနေတွေ ဆောင်ရွက်မပေးနိုင် သေးတာကလည်း အဂတိတရားကင်းစင်စွာနဲ့ တရားရေးမဏ္ဍိုင်၊ တရားရေးကဏ္ဍအပေါ်မှာ တည့်မတ် လာဖို့အတွက် အခက်အခဲတွေဖြစ်နေရတဲ့အကြောင်းအရင်း တစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာတွေကို ကျွန်တော်တို့ မတည့်မတ်နိုင်ဘူးဆိုလို့ရှိရင် အင်္ဂလိပ်စာရေးဆရာ၊ ပြဇာတ်ဆရာ Henery Fielding ရဲ့ တရားဥပဒေစိုးမိုးရေးအဆိုအတိုင်း Where the law ends tyranny begins ဆိုသလို

ကျွန်တော်တို့ဟာ တစ်နေ့မှာ ဥပဒေရဲ့အကာအကွယ်ကို ပြည်သူလူထုတရားရေးကဏ္ဍကို မတည့်မတ်နိုင်ဘူးဆိုလို့ရှိရင် နိုင်ငံတော်ဟာ ဖိနှိပ်ညှဉ်းပန်းမှုတွေ စတင်တော့မှာဖြစ်တဲ့အတွက် အဆိုရှင်ရဲ့အဆိုကို လေးနက်စွာထောက်ခံလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဝေါ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးတင်သွင်းတဲ့ တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းနေမှုအား တည့်မတ်ထိန်းကျောင်းပေးနိုင်ပါရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်းသည့်အဆိုနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးကဏ္ဍကို အကောင်အထည်ဖော်ဆောင်ရွက်နေကြတဲ့ တရားသူကြီးများနှင့် တရားရေးဝန်ထမ်းများအနေနဲ့ ပြည်သူလူထုအတွင်းမှာဖြစ်ပေါ်နေတဲ့ ပြဿနာအရပ်ရပ်ကို ဥပဒေအရ ဆောင်ရွက်ပေးရာမှာ အဂတိတရားကင်းပြီးတော့ သမာသမတ်ကျကျ စီရင်ဆောင်ရွက်ပေးနိုင်မှသာလျှင် ပြည်သူလူထုအလေးထားယုံကြည်ရတဲ့ တည့်မတ်သောမဏ္ဍိုင်အဖြစ် ရပ်တည်နေမည်ဖြစ်ပါတယ်ဆိုတဲ့ အဆိုရဲ့နိဒါန်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထောက်ခံကြိုဆိုပါကြောင်း ရှေးဦးစွာတင်ပြအပ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးမှာ ပြည်သူတို့ရဲ့ တိုင်ကြားစာနှင့်အသနားခံစာကော်မတီက ယနေ့နိုင်ငံတော်မှာ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့အချိန်မှာ တရားစီရင်ရေးကဏ္ဍအနေနဲ့ တရားမျှတစွာမှန်ကန်တဲ့ တရားစီရင်ရေးဖြစ်ပေါ်ရေးကို အထူးအလေးထားကြီးကြပ်ဆောင်ရွက်ရန် ပြည်ထောင်စုတရားလွှတ်တော်

ချုပ်အား တိုက်တွန်းကြောင်းအဆိုတစ်ရပ်ကို တင်သွင်းခဲ့ဖူးပါတယ်။ အဲဒီအဆိုနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က နှစ်ဖက်ပြိုင်ဆိုင်ကြတဲ့ အမှုသည်တို့ရဲ့ အမှုခင်းများစွာကို တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တရားမျှတမှုနှင့်အမှန်တရားကို စိစစ်ဖော်ထုတ်ပြီး စီရင်ဆုံးဖြတ်မှုပြုဖို့ တာဝန်ယူထားရတဲ့ တရားစီရင်ရေးကဏ္ဍအပေါ်မှာ စာနာခြင်းတရားရှေ့ထားပြီး အမျှော်အမြင်ကြီးမားစွာနဲ့ တရားမျှတမှန်ကန်တဲ့ တရားစီရင်ရေး ဖြစ်ပေါ်စေရေးကို ကြိုးကြပ်ဆောင်ရွက်ရန် အဆိုပြုခြင်းအတွက် ဝမ်းမြောက်ကျေးဇူးတင်ပါကြောင်း ထောက်ခံတင်ပြခဲ့ပါတယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးမှာ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အား တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေရေးအတွက် ဝိုင်းဝန်းကူညီထောက်မပေးရေးဆိုတဲ့ အဆိုတစ်ရပ်ကိုလည်း တင်သွင်းခဲ့ဖူးပါတယ်။ အဲဒီအဆိုနှင့်ပတ်သက်ပြီးတော့လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ခိုင်မာမှ ဥပဒေစိုးမိုးမှုရှိမည်ဖြစ်ကြောင်း၊ ဥပဒေစိုးမိုးမှ ပြည်သူများ ဥပဒေဘောင်အတွင်း လုံခြုံအေးချမ်းစွာ နေထိုင်အသက်မွေးဝမ်းကျောင်းပြုနိုင်မည်ဖြစ်ကြောင်း ပြည်သူ့ဘဝလုံခြုံအေးချမ်းပြီး ဒီမိုကရေစီအခွင့်အရေး အပြည့်အဝခံစားနိုင်ရေးအတွက် တတိယမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်ရေးဟာ အရေးကြီးပါကြောင်း ထောက်ခံပြီးတော့ အဆိုကိုထောက်ခံခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးဖြောင့်မတ်ကြံ့ခိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နဲ့ တရားရုံးများမှာ အဓိကတာဝန်ရှိပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ မှာဖော်ပြထားတဲ့ တရားစီရင်ရေးမူများနှင့်အညီ တရားစီရင်ရေး ဖြောင့်မတ်မှန်ကန်ရေး၊ တရားစီရင်ရေးကို ပြည်သူတို့ ယုံကြည်ကိုးစားမှုရှိရေးအတွက် တာဝန်ယူကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ တရားရုံးအဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးကဏ္ဍဆိုရာမှာ တရားသူကြီးများသာမက ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များ၊ သက်သေများနှင့် အမှုကိုစုံစမ်းစစ်ဆေးပြီးတော့ တရားရုံးကို တရားစွဲတင်ပို့ရတဲ့ တရားစွဲအဖွဲ့အစည်းများမှ အားလုံးလည်းအကျုံးဝင်ပါတယ်။ တစ်နည်းအားဖြင့် တရားစီရင်ရေးကဏ္ဍ ဖြောင့်မတ်ကြံ့ခိုင်ရန်အတွက် တရားသူကြီးများမှာတာဝန်ရှိသကဲ့သို့ တရားစီရင်ရေးလုပ်ငန်းမှာ အကျုံးဝင်သူများအားလုံးမှာလည်း အမှန်တရားပေါ်ပေါက်ရေး၊ တရားမျှတစွာစီရင်ဆုံးဖြတ်ရေး၊

အဂတိတရားကင်းစင်ရေးတို့အတွက် တာဝန်ရှိပါကြောင်း တင်ပြလိုပါတယ်။ ၎င်းတို့ရဲ့ ပေါ့လျော့မှု၊ လုပ်ငန်းမကျွမ်းကျင်မှု မရိုးသားမှုကြောင့် တရားစီရင်ရေးကဏ္ဍဟာ တိမ်းစောင်းနိုင်ပါတယ်။ ဒီနေရာမှာ အရေးကြီးတဲ့ အချက်တစ်ရပ်ကို တင်ပြလိုပါတယ်။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားရုံးအဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲနိုင်တဲ့ လုပ်ပိုင်ခွင့်ရှိသော်လည်းပဲ တရားစီရင်ရေးကဏ္ဍမှာအကျုံးဝင်တဲ့ ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များနှင့် တရားစွဲအဖွဲ့အစည်းများကို ကြီးကြပ်ကွပ်ကဲနိုင်တဲ့ လုပ်ပိုင်ခွင့်မရှိပါဘူး။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားလွှတ်တော်ရှေ့နေများကောင်စီတို့မှသာ လုပ်ပိုင်ခွင့်ရှိပါတယ်။ ဒါကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ တရားစီရင်ရေးကဏ္ဍမှာ ဆက်စပ်ပါဝင်နေတဲ့ အဖွဲ့အစည်းများကို တည့်မတ်ထိန်းကျောင်းပေးနိုင်စွမ်းမရှိပါကြောင်း။ သို့ဖြစ်၍ သက်ဆိုင်ရာလုပ်ပိုင်ခွင့်ရှိတဲ့ အဖွဲ့အစည်းများကို တိုက်တွန်းတဲ့အဆို မတင်သွင်းဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုသာ တိုက်တွန်းတဲ့အဆို တင်သွင်းခြင်းမှာ မှန်ကန်ခြင်းမရှိပါကြောင်း ရှေးဦးစွာတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားရုံးအဆင့်ဆင့်မှာ အဂတိလိုက်စားမှုကင်းရှင်းစေရေး၊ တရားသူကြီးများရဲ့ စိတ်ဓာတ်ခံယူချက်မြင့်မားရေး၊ ကျင့်ဝတ်သိက္ခာထိန်းသိမ်းလိုက်နာရေး၊ အသိအမြင်မြှင့်တင်ရေး၊ ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီဆောင်ရွက်ရေးအစရှိတဲ့ နည်းလမ်းများနဲ့ ပညာပေးခြင်း၊ စည်းရုံးခြင်း၊ အသိပေးခြင်းများပြုလုပ်လျက်ရှိပြီးတော့ အဂတိလိုက်စားမှုများကို တွေ့ရှိရပါက ထိရောက်စွာအရေးယူခြင်းများကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ တရားရုံးအဆင့်ဆင့်မှာ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများမရှိစေရန်အတွက် ကြိုတင်ကာကွယ်တားဆီးရေးအပိုင်းနှင့် အရေးယူမှုအပိုင်းဆိုပြီး အပိုင်းနှစ်ပိုင်းဖြင့် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ကာကွယ်တားဆီးရေးအပိုင်းမှာ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုအပေါ်မှာ ဒဏ်ခတ်ခံရမည်ကို ကြောက်ရွံ့ပြီးတော့ မကျူးလွန်ဝံ့ခြင်းနှင့် ယင်းလုပ်ရပ်များကို ရွံရှာမုန်းတီးပြီးတော့ မကျူးလွန်လိုတဲ့စိတ်ဓာတ်များ ပေါ်ပေါက်စေရေးတို့အတွက် ဆွေးနွေးပညာပေးခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တိကျစွာသတ်မှတ်ပြီးတော့ အဆင့်ဆင့်ကြီးကြပ်သူများက ကြီးကြပ်ကွပ်ကဲခြင်း၊ လိုက်နာမှုမရှိပါက လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သူနဲ့ အနီးကပ်ကြီးကြပ်သူကိုပါ အရေးယူအပြစ်ပေးခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ပါတယ်။ ဖော်ထုတ်အရေးယူမှုအပိုင်းမှာ အမှုသည်

များရဲ့တိုင်ကြားစာအရသိရှိရပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီးတော့ စုံစမ်းစစ်ဆေးစေပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့အစီရင်ခံစာအရ တိုင်ကြားစာပါအတိုင်း မှန်ကန်ကြောင်း ဖော်ထုတ်တွေ့ရှိရပါက ထိရောက်စွာအရေးယူဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးကဏ္ဍအပေါ်မှာ စိန်ခေါ်မှုများကို အားသာချက်များအဖြစ် ဖန်တီးနိုင်ရန်နှင့် တရားစီရင်ရေးကဏ္ဍရဲ့ မူလရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ လူတိုင်းလို တရားမျှတမှုများကို ဖြည့်ဆည်းပေးရန်၊ တရားမျှတမှုဆိုတဲ့နေရာမှာ အဂတိတရားကင်းစင်ရေးလည်း ပါဝင်ပြီးဖြစ်ပါတယ်။ ပြည်သူလူထုရဲ့စိတ်ချယုံကြည်မှုနဲ့ ထိရောက်မှုမရှိတဲ့ တရားဥပဒေစိုးမိုးရေးမြှင့်တင်ရန် ရည်မှန်းချက်ထားပြီးတော့ သုံးနှစ်တာ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပထမနှစ်မဟာဗျူဟာစီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီးတော့ ဒုတိယနှစ်နဲ့ တတိယနှစ်စီမံကိန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံတရားစီရင်ရေးအား အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီတဲ့ လွတ်လပ်၍ တာဝန်ခံမှုရှိတဲ့ တရားစီရင်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေးဆိုတဲ့ ရည်မှန်းချက်ထားရှိပါတယ်။ တရားစီရင်ရေးလွတ်လပ်မှုနဲ့ တာဝန်ခံမှုမြှင့်တင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှု(Judicial Independence)၊ လွတ်လပ်သောတရားစီရင်ရေး(Independence of Judiciary) နှစ်ပိုင်းခွဲခြားဆောင်ရွက်လျက်ရှိပါတယ်။ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှု(Judicial Independence)ဆိုတာကတော့ အဖွဲ့အစည်းဆိုင်ရာလွတ်လပ်မှုဖြစ်ပြီးတော့ အဆိုပါမူကို နိုင်ငံတော်မှ တာဝန်ခံဆောင်ရွက်ရန်ဖြစ်ပြီးတော့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးဆိုင်ရာတာဝန်ရှိသူများက ပံ့ပိုးမှုများ ပြုလုပ်ပေးရန်နှင့် လွတ်လပ်စွာတရားစီရင်ရေးအခြေခံမူကို အများပြည်သူများသိရှိနားလည်စေရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် ဖြစ်ပါတယ်။ လွတ်လပ်တဲ့တရားစီရင်ရေး(Independence of Judiciary)ကတော့ တရားသူကြီးတစ်ဦးချင်းစီရဲ့ လွတ်လပ်မှုနဲ့သက်ဆိုင်ပြီးတော့ တရားသူကြီးတစ်ဦးချင်းစီရဲ့ လွတ်လပ်မှုဟာ တရားစီရင်ရေးအဖွဲ့အစည်းရဲ့ လွတ်လပ်မှုရဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ တရားသူကြီးများက တရားစီရင်ရေးတာဝန်ကို အဂတိကင်းရှင်းစွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာစံနှုန်းနဲ့ညီညွတ်

တဲ့ တရားသူကြီးကျင့်ဝတ်များကိုလည်း ပြုစုလျက်ရှိပါတယ်။ ကျင့်ဝတ်နဲ့ညီညွတ်တဲ့ တရားသူကြီးများကို ပြုစုပျိုးထောင်သွားမှာဖြစ်ပါတယ်။ ကျင့်ဝတ်နဲ့မညီညွတ်တဲ့တရားသူကြီးများကိုလည်း တည့်မတ်ထိန်းကျောင်းအရေးယူသွားရန် အစီအမံများလည်း ပါရှိပြီးဖြစ်ပါတယ်။ တရားသူကြီးကျင့်ဝတ်ကဲ့သို့ပင် တရားစီရင်ရေးနဲ့ဆက်နွယ်လျက်ရှိတဲ့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့များ၊ ဥပဒေအရာရှိများ၊ ရှေ့နေများနဲ့ သက်ဆိုင်တဲ့ အဖွဲ့အစည်းဆိုင်ရာကျင့်ဝတ်များကို ဟန်ချက်ညီညီ ပျိုးထောင်နိုင်ပါက တရားစီရင်ရေးကဏ္ဍခိုင်မာရန် အလှမ်းဝေးတော့မည်မဟုတ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ဆောင်ရွက်ချက်များကို တင်ပြရခြင်းမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မည်သူကတိုက်တွန်းသည်ဖြစ်စေ၊ မတိုက်တွန်းသည်ဖြစ်စေ မိမိရဲ့တာဝန်ဖြစ်တဲ့ တရားရုံးများအပေါ် ပြည်သူများ ယုံကြည်စိတ်ချကိုးစားမှုရှိစေရန်နှင့် မျှတမှုနဲ့ ဂုဏ်သိက္ခာရှိတဲ့ တရားစီရင်ရေးပေါ်ပေါက်ရန်ဆိုတဲ့ ရည်မှန်းချက်ကို ထားရှိဆောင်ရွက်လျက်ရှိပါတယ်။ မည်သူကမှ တိုက်တွန်းစရာမလိုဘဲ မိမိတာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိပါတယ်။ ဆက်လက်ပြီး ဆောင်ရွက်မယ့်အစီအမံများကိုလည်း ချထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဒီလို ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်နေတာကို ကျယ်ကျယ်ပြန့်ပြန့် သိရှိသူများ အလွန်နည်းပါတယ်။ အဲဒီလို မသိရှိကြတဲ့အတွက်လည်း ယခုလိုအဆိုမျိုး တင်သွင်းလာတာဖြစ်တယ်လို့ ယူဆရပါတယ်။ ဒါကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားစီရင်ရေးဖြောင့်မတ်စေရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်နေတာဖြစ်လို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်းသည့်အဆိုကို တင်သွင်းရန်လိုအပ်မည်မဟုတ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ တင်သွင်းတဲ့ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေမှုကို တည့်မတ်ထိန်းကျောင်းပေးနိုင်ပါရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းတယ်ဆိုတဲ့အဆိုမှာ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများမှာ တင်သွင်းခဲ့တဲ့အဆိုများနှင့် အနှစ်သာရများစွာကွာခြားနေကြောင်း တင်ပြလိုပါတယ်။ ပထမအကြိမ် လွှတ်တော်အစည်းအဝေးများမှာ တင်သွင်းခဲ့တဲ့အဆိုများကတော့ အပြုသဘောဆောင်တဲ့အဆိုများ ဖြစ်ပါတယ်။ ယခုတင်သွင်းတဲ့အဆိုကတော့ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေမှုအား တည့်မတ်ထိန်းကျောင်းပေးနိုင်ပါရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းကြောင်းလို့ ဖော်ပြထားပြီး အဆိုရဲ့နိဂုံးပိုင်းမှာတော့ ယနေ့အချိန်မှာ တရားစီရင်ရေးကဏ္ဍမှာ အကျင့်ပျက်ခြစားမှုများကြောင့် ယိုယွင်း

အားနည်းမှု၊ ယိမ်းယိုင်တိမ်းစောင်းမှုများ ဖြစ်ပေါ်နေခြင်းအပေါ်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထိန်းကျောင်းပေးနိုင်ပါရန် တိုက်တွန်းကြောင်းလို့ ပါရှိပါတယ်။ ဒါဟာဆိုရင် တရားစီရင်ရေးကဏ္ဍမှာ အကျင့်ပျက်ခြစားမှုများကြောင့် တိမ်းစောင်းယိမ်းယိုင်မှုများ ဖြစ်ပေါ်နေတယ်လို့ အတိအလင်း စွပ်စွဲထားတာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒီလို တရားရုံးများရဲ့ဂုဏ်သိက္ခာကို အကြီးအကျယ်ထိခိုက်စေတဲ့ စွပ်စွဲပြောဆိုမှုများဟာ တရားရုံးများကို မထီမဲ့မြင်ပြုရာရောက်ပါကြောင်း လေးစားစွာ ပြောကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ အခန်း(၁၇) အပိုဒ် ၁၅၈ အပိုဒ်ခွဲ(ခ) မှာ အဆိုနဲ့ပတ်သက်တဲ့ စည်းကမ်းချက်များကို ပြဋ္ဌာန်းထားတာရှိပါတယ်။ အဲဒီပြဋ္ဌာန်းထားချက်များကတော့ မဆီလျော်တဲ့အကြောင်းပြချက်များ၊ ခိုင်လုံသောအထောက်အထားမပါရှိတဲ့ ယူဆချက်များ၊ မသင့်လျော်သော အသုံးအနှုန်းများနဲ့ ဂုဏ်သရေကိုထိခိုက်စေသော ဖော်ပြချက်များမပါရှိသော အဆိုဖြစ်ရမယ်လို့ အတိအလင်း တားမြစ်ထားတာဖြစ်ပါတယ်။ အထောက်အထားမခိုင်လုံဘဲ အကျင့်ပျက်ခြစားမှုများကြောင့် တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းနေတယ်ဆိုတဲ့အဆိုလောက် တရားရုံးများရဲ့ ဂုဏ်သိက္ခာကို ထိခိုက်နိုင်တာ မရှိတော့ပါဘူး။ ဒါကြောင့် တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေတယ်ဆိုတဲ့အဆိုဟာ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ အပိုဒ် ၁၅၈ အပိုဒ်ခွဲ(ခ)နှင့်ဆန့်ကျင်နေပါကြောင်းနှင့် နည်းဥပဒေနဲ့မညီညွတ်တဲ့အဆိုဖြစ်တာကြောင့် ကန့်ကွက်ရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဤနည်းဥပဒေပါပြဋ္ဌာန်းချက်များကို အလေးအနက်ထားပြီးတော့ လေးစားလိုက်နာပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အဆိုမှာပါရှိတဲ့အချက်များဟာ အဆိုရှင် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြထားတဲ့အထဲမှာ ပါရှိတဲ့အတိုင်းပါပဲ။ ယခင်တရားစီရင်ရေးခေတ်အဆက်ဆက်က ဖြစ်ပေါ်ခဲ့တဲ့အချက်အလက်တွေကို စုပေါင်းပြီးတော့ ယနေ့ခေတ်မှာလည်းပဲ ဖြစ်ပွားနေသယောင်ယောင် တင်ပြထားတာဖြစ်နေပါတယ်။ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းတယ်ဆိုတဲ့စကားရဲ့ ဇစ်မြစ်ကတော့ တရားရုံးများရဲ့ဆုံးဖြတ်ချက်အပေါ်မှာ မိမိတို့ရဲ့လိုဘမပြည့်ဝလို့ မကျေနပ်သူများက တရားရုံးများကို သိက္ခာချစေတဲ့ အာဃာတနှင့် စွပ်စွဲပြောဆိုမှုများကစပြီးတော့ အခြေခံပြီး ပေါ်ပေါက်လာတာဖြစ်ပါတယ်။ တရားရုံးကို မကျေနပ်သူများက တရားရုံးများကို အခွင့်အရေးရတိုင်း မကြာခဏစွပ်စွဲဝေဖန်မှုများ များလာတဲ့အခါမှာတော့ အမှားကအမှန်ဖြစ်ပြီး သံယောင်လိုက်ပြောကြဆိုကြတာတွေကြောင့် ပြည်သူများအကြားမှာ

လည်း သံသယတွေ များလာရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို စတင်ဖွဲ့စည်းစဉ်ကစပြီးတော့ တရားရုံးများမှာ အဂတိလိုက်စားမှု ကင်းရှင်းစေရန်နှင့် ပြည်သူများက ယုံကြည်ကိုးစားတဲ့ တရားစီရင်ရေးစနစ်ထွန်းကားစေရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့တဲ့နေရာမှာ ထိုက်သင့်တဲ့အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။ ဒီလိုရရှိခဲ့တဲ့အောင်မြင်မှုများကို မျက်ကွယ်ပြုပြီး တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေတယ်လို့ ပြောဆိုတာကိုတော့ လက်ခံရန်မသင့်ပါဘူး။ အဆိုထဲမှာ လက်ရှိအစိုးရ စတင်ဖွဲ့စည်းစဉ်က အဂတိလိုက်စားမှုများ လျှော့နည်းကျဆင်းသွားသယောင်ဖြစ်ခဲ့သော်လည်း နောက်ပိုင်းမှာ ယခင်အရှိန်အဟုန်အတိုင်း ပြန်လည်ဦးမော့လာတယ်ဆိုတာ မိမိတို့ရဲ့အထင်အမြင်သက်သက်နဲ့ ပြောဆိုတာများသာ ဖြစ်ပါတယ်။ ဘယ်တရားရုံးက၊ ဘယ်တရားသူကြီးက ဘယ်လိုလာဘ်စားတယ်၊ အကျင့်ပျက်ခြစားတယ်ဆိုတာကို တိတိကျကျ အမည်နှင့်တကွ အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ တင်ပြနိုင်တာမျိုးမဟုတ်ပါဘူး။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လာဘ်စားတဲ့၊ ကိုယ်ကျင့်တရားပျက်ပြားတဲ့ တရားသူကြီးတွေကို ပြတ်ပြတ်သားသား အရေးယူအပြစ်ပေးလိုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး အင်တာဗျူးတစ်ခုမှာ ပြောခဲ့သလိုပဲ အထောက်အထားခိုင်ခိုင်လုံလုံနဲ့ ဖော်ထုတ်လို့ပေါ်ပေါက်လာရင်တော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့လည်း လက်နှေးနေမှာမဟုတ်ပါဘူး။ တိတိကျကျ၊ ပြတ်ပြတ်သားသား အရေးယူသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ဒါပေမဲ့လည်း ဒီလို အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ဖော်ထုတ်တင်ပြတာမျိုးမရှိဘဲနဲ့ တရားစီရင်ရေးကဏ္ဍ ယိမ်းယိုင်နေပြီလို့ တရားရုံးများရဲ့ဂုဏ်သိက္ခာကို ထိခိုက်စေလိုတဲ့ဆန္ဒနဲ့ သိမ်းကျုံးပြောဆိုကြတာတွေကိုပဲ တွေ့ရှိနေရပါတယ်။ ယခင်တုန်းကလည်း တရားစီရင်ရေးကဏ္ဍ ယိမ်းယိုင်နေပြီလို့ ပြောဆိုခဲ့ကြတာတွေဟာ စနစ်တကျ စူးစမ်းလေ့လာ သုတေသနပြုပြီး တွေ့ရှိရတဲ့အချက်အလက်များအပေါ်မှာ အခြေခံကာ ပြောကြဆိုကြတာမဟုတ်ဘဲ တစ်ဆင့်ကြားရတဲ့သတင်းကို တစ်ဆင့်ပြန်လည်ပြောကြားတာဖြစ်တဲ့အတွက် ခိုင်လုံမှုမရှိတာတွေ့ရပါတယ်။ မှန်ကန်တယ်လို့လည်း အတည်ပြုလို့မရနိုင်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးဆိုင်ရာကိစ္စဟာ နိုင်ငံတော်နဲ့ပြည်သူတို့ကြားမှာဖြစ်ပွားတဲ့မှုခင်းများနှင့် ပြည်သူတို့အချင်းချင်းဖြစ်ပွားတဲ့မှုခင်းများကို ဥပဒေနဲ့အညီဖြစ်တဲ့ တရားမျှတမှုကို စိစစ်ဖော်ထုတ်ဆုံးဖြတ်ရတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တရားရုံးများဟာ မိမိတို့အမှုအောင်မြင်ရေးကို နည်းမျိုးစုံနဲ့ကျိုးစားနေကြတဲ့ နှစ်ဖက်အမှုသည်တို့ရဲ့ အမှုကိုစီရင်ဆုံးဖြတ်ရာမှာ တစ်ဖက်ကအနိုင်ရလျှင် တစ်ဖက်က ရှုံးရမည်သာဖြစ်ပါတယ်။ တစ်ဖက်ကိုသာ အနိုင်ပေးခွင့်ရှိပြီး အခြားတစ်ဖက်ကို

အရှုံးပေးရလေ့ရှိတဲ့ တရားစီရင်ရေးရဲ့သဘာဝကြောင့် ရှုံးသည့်ဘက်က တရားရုံးရဲ့ဆုံးဖြတ်ချက်အပေါ် လက်ခံကျေနပ်ခြင်းမရှိဘဲ မိမိတို့အနိုင်ရလိုတဲ့ဆန္ဒစွဲကို အခြေပြုပြီးတော့ တစ်ဖက်သတ်သုံးသပ်ချက်၊ ဝေဖန်ချက်များပေါ်ထွက်လာလေ့ရှိသည်မှာ ဓမ္မတာပဲဖြစ်ပါတယ်။ တစ်နှစ်မှာ အမှုပေါင်းသုံးသိန်း ကျော်လောက် စစ်ဆေးနေတဲ့တရားရုံးများကို တိုင်ကြားတဲ့တိုင်စာပေါင်း ထောင်နဲ့ချီပြီးရှိတယ်ဆိုတာ စစ်ဆေးဆုံးဖြတ်ရတဲ့အမှုအရေအတွက်နဲ့စာရင် နည်းလွန်းတယ်လို့သာ ပြောရမှာဖြစ်ပါတယ်။ ဒီလို ထောင်နဲ့ချီရှိတဲ့တိုင်စာတွေကို စိစစ်ချက်အရ တရားသူကြီးဘယ်နှစ်ယောက်ကို အပြစ်ရှိလို့အပြစ်ပေး လိုက်ပါသလဲလို့စိစစ်တဲ့အခါမှာတော့ တစ်ရာခိုင်နှုန်းတောင် အပြစ်ပေးရတဲ့အရေအတွက်မရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ တင်ပြလိုတဲ့အချက်ကတော့ အမှုရှုံးတဲ့အမှုသည်ဟာ မိမိတို့အနိုင်ရလိုတဲ့ဆန္ဒစွဲ ကို အခြေပြုပြီးတော့ မိမိအားအရှုံးပေးတဲ့ တရားရုံးကို စွပ်စွဲပြစ်တင်ခြင်း၊ တိုင်ကြားခြင်းတို့ ပြုလုပ်လေ့ ရှိကြတယ်။ မိမိတို့အားကိုးတဲ့ ကိုယ်စားလှယ်တော်ကြီးများကိုလည်း တိုင်ကြားစာများပေးပို့လေ့ရှိကြ တယ်ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ အဲဒီလိုအလွယ်တကူစွပ်စွဲပြောဆိုတိုင်ကြားခြင်းများကို အသိတရားနဲ့ သတိတရားနဲ့စိစစ်သုံးသပ်ဖို့ လိုမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုကိုထောက်ခံဆွေးနွေးသူ ၂၅ ဦး လောက်ရှိတာဟာလည်း သဘာဝကျတဲ့အချက်လို့ပဲ ပြောရမှာဖြစ်ပါတယ်။

ဒါကြောင့် တရားစီရင်ရေးမဏ္ဍိုင်နဲ့ပတ်သက်တဲ့တိုင်ကြားစာတွေ တစ်ပုံကြီးရောက်လာတယ် ဆိုပေမယ့် တိုင်ကြားသူကို ခေါ်ယူစစ်ဆေးတဲ့အခါမှာတော့ နောက်ပြန်ဆုတ်သွားတဲ့အဖြစ်များ များစွာ ရှိနေကြောင်း တာဝန်ရှိပုဂ္ဂိုလ်ကြီးများရဲ့ ပြောကြားချက်များအရလည်း သိရှိရပါတယ်။ တရားရုံးဆိုတာ ဖြစ်ပွားတဲ့အမှုကိစ္စနဲ့စပ်လျဉ်းပြီးတော့ အမှုသည်တစ်ဦးရဲ့တင်ပြတိုင်ကြားချက်နှင့် ဆန့်ကျင်ဘက် အမှုသည်ရဲ့ခုခံချေပချက်ကို ကြားနာပြီးတော့ နှစ်ဖက်တင်ပြချက်များအပေါ်မှာ သုံးသပ်ဆုံးဖြတ်ရတာ ဖြစ်ပါတယ်။ ဒီလိုနှစ်ဖက်ပြောတာကို နားထောင်ခြင်းမဟုတ်ဘဲနဲ့ တစ်ဖက်သတ်အပြောများဖြင့် တရားရုံးရဲ့ဆုံးဖြတ်ချက်တွေဟာ မှန်ကန်ခြင်းမရှိကြောင်း ဝေဖန်ပြောဆိုခြင်းဟာ တခြားတစ်ဖက်ရဲ့ တင်ပြချက်ကို ကြားသိခြင်းမရှိဘဲ တစ်ဖက်သတ်ပြောဆိုခြင်းဖြစ်၍ အမှန်တရားနှင့် အလှမ်းဝေးဖွယ် ရာသာရှိပါကြောင်း တင်ပြအပ်ပါတယ်။

တရားရုံးများက ချမှတ်ထားတဲ့ ဆုံးဖြတ်ချက်တစ်ရပ်ကို သာမန်အားဖြင့် မည်သူကမှ မှားယွင်းတယ်လို့ပြောဆိုခွင့်မရှိပါဘူး။ တရားရုံးရဲ့ဆုံးဖြတ်ချက်မှားတယ်လို့ပြောနိုင်အောင် ဥပဒေ ရေးရာခွင့်ပြုထားတဲ့နည်းလမ်းတွေရှိပါတယ်။ အဲဒါတွေကတော့ မကျေနပ်တဲ့တရားရုံးဆုံးဖြတ်ချက် အပေါ်မှာ ပြင်ဆင်မှု၊ အယူခံမှုတင်သွင်းလျှောက်ထားခြင်းဖြစ်ပါတယ်။ ပြင်ဆင်မှု၊ အယူခံမှု

လျှောက်ထားတဲ့အခါမှာတော့ မူလတရားရုံးရဲ့ ဆုံးဖြတ်ချက်အား မှားယွင်းကြောင်းကို အချက်အလက်များအရလည်းကောင်း၊ ဥပဒေကြောင်းအရလည်းကောင်း၊ ပြောဆိုနိုင်ခွင့်ရှိပါတယ်။ ဒါကြောင့် မှားယွင်းတဲ့တရားရုံးရဲ့ဆုံးဖြတ်ချက်ကို ပြင်ဆင်တည့်မတ်ပေးနိုင်တဲ့၊ ဥပဒေအရခွင့်ပြုထားတဲ့ နည်းလမ်းကတော့ အထက်တရားရုံးများကို ပြင်ဆင်မှု၊ အယူခံမှုများ တင်သွင်းခြင်းပဲဖြစ်ပါတယ်။

တရားရုံးများက အမှုကိုကြားနာဆုံးဖြတ်ရာမှာ သက်သေခံအထောက်အထားများဖြစ်တဲ့ လူသက်သေ၊ စာရွက်စာတမ်းအထောက်အထားများကို ပြည့်စုံစွာရယူပြီးမှ နှစ်ဖက်တင်ပြတဲ့ လျှောက်ထားချက်များကို ကြားနာပြီး အမှုတွဲမှာပေါ်ပေါက်တဲ့ သက်သေခံချက်များကို ဥပဒေအချက်အလက်နဲ့ပေါင်းစပ်ပြီးတော့ မှန်ကန်တဲ့ဆုံးဖြတ်ချက်ကို ချမှတ်ရတာဖြစ်ပါတယ်။ ဒီလို စနစ်တကျ ဥပဒေနဲ့အညီ စစ်ဆေးထားတာတောင် တရားရုံးရဲ့ဆုံးဖြတ်ချက်တွေ မှားယွင်းနိုင်တာရှိပါတယ်။ ဒါတွေကတော့ တရားစွဲတင်ဖို့အတွက် အမှုတည်ဆောက်ပုံအားနည်းခြင်း၊ သက်သေများက မှန်ကန်စွာ မထွက်ဆိုခြင်း၊ သက်သေခံပစ္စည်းများ မတင်ပြနိုင်ခြင်း၊ အမှုလိုက်ပါဆောင်ရွက်သူများ အရည်အချင်း မပြည့်ဝခြင်းတို့ဖြစ်ပါတယ်။ တရားရုံးရဲ့ဆုံးဖြတ်ချက်တွေ မှားယွင်းနိုင်တဲ့အကြောင်းတွေအများကြီး ရှိတဲ့အတွက် တရားရုံးကဆုံးဖြတ်တဲ့အမှုတိုင်းဟာ ရာနှုန်းပြည့်မှန်ကန်ရမယ်လို့ မျှော်မှန်းမထားနိုင်ပါဘူး။ ဒါကြောင့် အယူခံရုံး၊ ပြင်ဆင်မှုရုံးများကို တည်ထောင်ဖွဲ့စည်းပေးရခြင်းဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း ဒီလိုပဲ မူလရုံး၊ အယူခံရုံးများ ဖွဲ့စည်းထားတာကိုလည်းတွေ့ရှိနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် လွှတ်တော်သက်တမ်းနဲ့ ဒုတိယအကြိမ် လွှတ်တော်သက်တမ်း အတွင်းမှာ လာဘ်ပေးလာဘ်ယူမှုပြုလုပ်ပြီးတော့ ကိုယ်ကျင့်တရားပျက်ပြားလို့ တရားစွဲဆိုခြင်းခံရတဲ့ ထောင်ဒဏ်ချမှတ်ခံရတဲ့တရားသူကြီး တစ်ဦးသာရှိခဲ့ပါတယ်။ ယခင်တရားရုံးချုပ်လက်ထက် ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ ၂၃ နှစ်အတွင်းမှာ ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ ခြောက်မိနစ် သုံးကြိမ်ပေးထားတယ်။ နိဂုံးချုပ်ပါ။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုကိုအတည်ပြုမယ်ဆိုပါက တရားစီရင်ရေးကိုသာ ထိခိုက်ရုံသာမက တိုင်းပြည်ရဲ့ပုံရိပ်ကိုပါထိခိုက်နိုင်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ အဆိုကိုဘာလုပ်ချင်လဲ။

**မူကြမ်း**

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တရားရေးကဏ္ဍတိမ်းစောင်းနေမှုအား တည့်မတ်ထိန်းကျောင်းပေးနိုင်ပါရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းသည့်အဆိုကို အတည်ပြုရန်မသင့်ပါကြောင်းနှင့် အဆိုအားမှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းအပ်ပါတယ်။ တစ်ဆက်တည်းဆက်လက်တင်ပြလိုတာက အကယ်၍ တရားစီရင်ရေးကဏ္ဍ တိုးတက်ရေး။

**ဥက္ကဋ္ဌ**။ ။ ရပါပြီ။ အဆိုရဲ့သဘောထား ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ရှင်းလင်းချက်ကို သိပါပြီ။ အဆိုကို မှတ်တမ်းတင်ထားဖို့ ပြောပြီးပါပြီ။ ရပါပြီ။ အဆိုရှင်ရဲ့သဘော ထားပြောပါ။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် တိုတိုနှင့်လိုရင်းသဘောထားကိုပြောနော်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေမှုအား ပြန်လည် တည့်မတ်ထိန်းကျောင်းရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို တိုက်တွန်းတဲ့အဆိုနှင့် ပတ်သက်ပြီးတော့ ဒီနေ့ ထောက်ခံပြီးတော့ဆွေးနွေးသွားကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၅ ဦးကို များစွာကျေးဇူးတင်ရှိကြောင်း ကျွန်တော်ပြောကြားလိုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းခြင်းနှင့်ပတ်သက်ပြီး တော့ ကျွန်တော်တင်ပြတာဟာ ကျွန်တော်တို့ တစ်ဆင့်ကြားတွေနဲ့မဟုတ်ပါဘူး။ ယခု ကျွန်တော့်ကို ထောက်ခံဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ် ၂၅ ဦးရဲ့ အတွေ့အကြုံ၊ ကျွန်တော်တို့ရဲ့ တွေ့ကြုံတဲ့အတွေ့အကြုံတွေပေါ်မှာ ဆွေးနွေးသွားခြင်းဖြစ်ပါတယ်။ ကျွန်တော် အဆိုတင်ခြင်းလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ ပြည်သူရဲ့အသံဟာ လွှတ်တော်အသံဖြစ်တာနှင့်အညီ ပြည်သူတွေအတွင်းမှာ ဒီကနေ့ တရားစီရင်ရေးကဏ္ဍနှင့်ပတ်သက် ပြီးတော့ ခံစားနေရတဲ့အပေါ်မှာ ကျွန်တော်အဆိုတင်သွင်းခြင်းပဲဖြစ်ပါတယ်။ တရားသူကြီးတွေဆိုတာ ဟာ တရားသိတဲ့လူတွေပါ။ တရားသိတဲ့လူတွေကိုယ်တိုင်က တရားကိုမရှိကြတဲ့အခါကျတော့ ပြည်သူ တွေခံရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ကဏ္ဍတစ်ရပ်အနေနဲ့ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်

ရောက်၊ ငါ့လှေငါထိုး ပဲခူးရောက်ရောက်ဆိုတဲ့ပုံစံမျိုးနဲ့ တရားစီရင်ရေးကဏ္ဍက ဒီနေ့ဆောင်ရွက်နေတာပါ။ ဒီလိုဆောင်ရွက်တဲ့အခါကျတော့ ကျွန်တော်တို့ တက်ခုတ်တဲ့ဒဏ်ကို ပြည်သူတွေ ခံစားရပါတယ်။ မြင်းခွာရိုက်တဲ့ဒဏ်ကို ပြည်သူတွေခံစားရပါတယ်။ အဲဒီဒဏ်တွေကိုခံစားရတဲ့အတွက် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေဆီကတစ်ဆင့် လွှတ်တော်ထဲကို ဒီအဆိုရောက်လာခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးချုပ်အဖွဲ့ဝင်ကတော့ ပြောသွားပါတယ်။ တစ်နည်းပြောရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ဟာ တရားရုံးအဆင့်ဆင့်ကို ထိန်းကျောင်းနေတာပါလို့ပြောပါတယ်။ တရားရုံးအဆင့်ဆင့်ကို ထိန်းကျောင်းနေတဲ့တရားသူကြီးတစ်ယောက်က အောက်မှာ ဒီလောက်ဖြစ်ပျက်နေတဲ့အဖြစ်အပျက်ကို မီဒီယာလောကမှာကော၊ ကျွန်တော်တို့လွှတ်တော်လောကမှာကော အားလုံးသိတဲ့ဟာကိုငြိမ်နေမယ်ဆိုရင် ဒါ အားပေးရာရောက်တဲ့သဘောမျိုးလည်းရှိပါတယ်။ သူ့မှာလည်း ဥပဒေမှာတာဝန်ရှိတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ ဒီလုပ်ငန်းတွေနဲ့ပတ်သက်လို့လုပ်တာဟာ ခုနကပြောသွားပါတယ်။ တစ်ဆင့်ကြား၊ တစ်ဆင့်ကြား မဆီလျော်တဲ့အကြောင်းတွေကို တင်ပြသွားပါတယ်လို့ပြောပါတယ်။ ဒါက ကျွန်တော်တို့ တစ်နည်းပြောရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့အဆိုတင်တဲ့လူသာမဟုတ် ပြည်သူကိုပါ စော်ကားတဲ့ပုံစံမျိုးတွေပြောသွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့တင်ပြလိုတာကတော့ မိုးကြိုးပစ်တာကို ထန်းလက်နဲ့ကာသလိုတော့မဖြစ်ပါစေနဲ့။ ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာ ကျွန်တော်တို့ တရားစီရင်ရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌက သက်ဆိုင်ရာတရားစီရင်ရေးပုဂ္ဂိုလ်တွေနဲ့ခေါ်တွေ့တဲ့အခါမှာ တရားရုံးချုပ်တရားသူကြီး ပုဂ္ဂိုလ်တစ်ယောက်ကပြောပါတယ်။ အကာအကွယ်အခုလိုပဲပြောသွားတဲ့အခါမှာ တရားစီရင်ရေးကော်မတီဥက္ကဋ္ဌက ပြန်ပြောလိုက်ပါတယ်။ တော်ပါတော့လို့ပြောပါတယ်။ အခုလည်းပဲ လက်ရှိလာရောက်ဆွေးနွေးတဲ့ တရားလွှတ်တော် တရားသူကြီးချုပ်အဖွဲ့ဝင်ကို တော်ပါတော့လို့ပဲ ကျွန်တော် ပြောလိုပါတယ်။ တော်ပါတော့။ ဒါဟာ ပြည်သူတွေအားလုံးအသိပဲဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့အဆိုကို အတည်ပြုပေးပါရန် လေးစားစွာဖြင့် လွှတ်တော်ကိုတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ကျွန်တော် လွှတ်တော်ကို အသိပေးရှင်းလင်းစရာရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုသည်လို့ ပြောပါတယ်။

**မူကြမ်း**

ကျွန်တော်တို့ ဒီအဆိုဟာ Check and Balance အပြန်အလှန်ထိန်းကျောင်းခြင်းမူအရ ကိုယ်စားလှယ်က တင်သွင်းတဲ့အဆိုဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အာဏာကြီး သုံးရပ်မှာ ဥပဒေပြုရေးအာဏာအနေနဲ့ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို Parliamentary Oversight လုပ်လို့ရပါတယ်။ ဒါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က) က ပေးအပ်ထားတဲ့အာဏာပါ။ ဒါတစ်ခုပါ။

နောက်တစ်ခုက အခုနက ဆွေးနွေးတဲ့အထဲမှာ ဒီအဆိုဟာ အဆိုရဲ့စည်းကမ်းချက်တွေ၊ ကန့်သတ်ချက်တွေနဲ့ ဆန့်ကျင်တယ်လို့ ဆွေးနွေးသွားတာ ကြားလိုက်ရပါတယ်။ ဒီအဆိုဟာ အဆိုရဲ့ ကန့်သတ်ချက်တွေ၊ စည်းကမ်းချက်တွေနဲ့ ညီညွတ်လို့ လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုတဲ့အဆိုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုနက Separation of Power မှာ ဥပဒေပြုရေးအာဏာကိုတော့ တရားစီရင်ရေး အာဏာက အဲဒီလိုဝင်ရောက်စွက်ဖက်မှုမျိုးမဖြစ်သင့်ပါဘူး။ ဒါ ကျွန်တော် ရိုးရိုးရှင်းရှင်းပဲပြောပါ မယ်။ နောက်တစ်ခု ကိုယ်စားလှယ်တွေ ဆွေးနွေးတယ်။ ကိုယ်စားလှယ်တွေက ဆွေးနွေးပိုင်ခွင့်အရ ဆွေးနွေးတယ်။ ဆွေးနွေးပိုင်ခွင့်အရ ဆွေးနွေးတာကို တရားရုံးမထီမဲ့မြင်ပြုတယ်လို့လည်း စွပ်စွဲလို့ မသင့်ပါဘူး။ ဒါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ လေးလေးနက်နက် သတိပြုစေလို ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၂၅ ဦးကဆွေးနွေးပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဆိုအား မှတ်တမ်းတင် သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွား တာရှိပါတယ်။ ဒါ့ကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ် အသုံးပြုတဲ့ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ အဆိုကို ထောက်ခံမယ့်သူများရင် အဆိုအတည်ဖြစ်ပါမယ်။ အဆိုကို ကန့်ကွက်မယ့်သူများရင် အဆို မှတ်တမ်းတင်ရမှာဖြစ်ပါတယ်။ ကျွန်တော် ထပ်ပြောပါမယ်။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ် များရင် အဆိုအတည်ဖြစ်မယ်။ အဆိုကို ကန့်ကွက်တဲ့ကိုယ်စားလှယ်များရင် အဆိုမှတ်တမ်းတင်မယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့ဆန္ဒရယူရန် စက်ခလုတ်အသုံးပြုတဲ့နည်းနဲ့ ဆုံးဖြတ်သွားမှာဖြစ်တဲ့အတွက် ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၈၆ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၄ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၆၁ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဦးတင်ထွေး တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၅း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅) ရက် မြောက်နေ့ (၇.၃.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ**


ဦးတင်နု (ခ) ဦးတင်နုအောင် (မာန်အောင် မဲဆန္ဒနယ်)


ဒေါ်ချိုချို (အုတ်တွင်း မဲဆန္ဒနယ်)


ဦးကျော်မျိုး (ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်